www.burmeseclassic.com

တက္ကသိုလ်

# ငှက်ပင်းဝံ့အောင်

ဝမ်အောင်း၏ ခိုရှက်ထင်ယိ

## နဂါးလက်ဝါး ကျားလက်သီး

ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

တက္ကသိုလ်

# နေလင်းအောင်

# နဂါးလက်ဝါးကျားလက်သီး

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာတရား

ဝမ်းချစ်သည် သူ၏ချစ်သူနှင့်ကွဲကွာပြီးနောက် သူက ဘဝတစ်လျှောက်လုံးမှာ နောက်ထပ်အိမ်ထောင်မပြုတော့ချေ။ ရေနဂါးက တဟားဟားရယ်မောလိုက်သည်။

“ဘာပဲဖြစ်ဖြစ် ငါပေးတဲ့ဆေးလုံးကို မသောက်ရင် ... ဒီလူငယ်ရဲ့အသက်ဟာ ...”

သူသည် စကားဆုံးအောင်မပြောဘဲ ရပ်တန့်ထားကာ ဝမ်းချစ်အား ကောက်ကျစ်စဉ်းလဲသောအပြုံးဖြင့် ကြည့်လိုက်သည်။ ဝမ်းချစ်က မျက်လွှာချလိုက်သည်။

သူက ချီတုံချတုံဖြစ်နေလေသည်။ ညှို့ပရိသတ်များက သဘောပေါက်သွားကြသည်။ သွေးစကြာဂိုဏ်းက ဝမ်းလင်းအား လိုက်လံရှာဖွေနေခြင်းမှာ ဝမ်းလင်းအား ထိန်းချုပ်နိုင်လျှင် ဝမ်းချစ်အား မလှုပ်သာအောင် လုပ်နိုင်မည်ဖြစ်လေသည်။

ဝမ်းချစ်က သွေးစကြာဂိုဏ်းအား တွန်းလှန်ရာမှာ အခိုက်ရပ်တည်နေသူဖြစ်သည်။ ဝမ်းချစ်အား အနိုင်ရခဲ့ပါလျှင် သွေးစကြာ

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းအား တော်လှန်ပုန်ကန်သောမဏ္ဍိုင်မှာ ပြိုကွဲပျက်စီးမည်သာ ဖြစ်သည်။

ယခုလည်း သွေးစကြာဂိုဏ်းက ရေနဂါးသည် ဝမ်းလင်းအား ချုပ်ကိုင်ထားပြီး ဝမ်းချစ်အားခြိမ်းခြောက်နိုင်ခဲ့ပြီ မဟုတ်ပါလော ... ။

❏

သွေးစကြာဂိုဏ်းသည် ဝမ်းလင်းအား အမိအရဖမ်းဆီးနိုင်ရန် ဝမ်းချစ်နှင့်ပတ်သက်သော လူများအား လိုက်လံသတ်ဖြတ်စုံစမ်းနေလေတော့သည်။

စုယယ်အား ဖမ်းမိတော့မှ ဝမ်းလင်းရှိသောနေရာအား သိရှိခဲ့လေသည်။ ထို့ကြောင့် ... သူတို့သည် ဝမ်းလင်းအား ဖမ်းဆီးကာ ယခုကဲ့သို့ ဝမ်းချစ်အား ခြိမ်းခြောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ရေနဂါးက အတန်ကြာ စောင့်ဆိုင်းပြီးနောက် ...

"ကဲ ... ငါ အချိန်ပေးခဲ့ပြီ၊ မင်း ဘယ်လိုဆုံးဖြတ်မလဲ"

ဝမ်းချစ်က ခေါင်းငုံထားသည်။ ကျောက်ရုပ်ပမာ မလှုပ်မယှက် ...



"ဘယ့်နှယ်လဲ ဝမ်းချစ် ... မင်းက ဆေးလုံးကိုသောက်မလား၊ ဝမ်းလင်းကိုပဲ သတ်လိုက်ရမလား"

ဝမ်းချစ်သည် သက်ပြင်းတစ်ချက် ချလိုက်သည်။ ထို့နောက် ပါးစပ်ဟလိုက်ပြီး လက်ထဲမှ ဆေးလုံးအား မျိုချလိုက်လေတော့သည်။

❏

ဝမ်းချစ်က ဆေးလုံးအား မျိုချပြီးနောက် သူ၏တစ်ကိုယ်လုံးမှာ မီးကဲ့သို့ ခြစ်ခြစ်တောက်ပူလော်င်လာသည်။ သူ၏ခြေထောက်များမှာလည်း ခွန်အားချည့်နဲ့သွားသည်ဟု ခံစားလိုက်ရလေသည်။

သူ၏နဖူးမှ ချွေးများက တရကြမ်းစီးဆင်းလာလေတော့သည်။

"ဟား ဟား ဟား"

ရေနဂါးက အားရပါးရ ရယ်မောလိုက်သည်။

"ကနေ့ကစပြီး သိုင်းလောကမှာ ဝမ်းချစ်ဆိုတဲ့လူတစ်ယောက်မရှိတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းချစ်တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေသည်။ သူက ရေနဂါးအား စိုက်ကြည့်လိုက်ပြီး …

"ကဲ … ငါကတော့ ဆေးလုံးသောက်လိုက်ပြီ၊ မင်းပေးထားတဲ့ကတိသာ တည်ပေတော့"

ရေနဂါးက ရယ်မောလိုက်သည်။

"စိတ်ချ … ငါက စကားတစ်ခွန်းကို ဘယ်တော့မှမဖျက်ဘူးဆိုတာ မင်း ယုံကြည်စမ်းပါ"

သူသည် ယင်းသို့ပြောဆိုပြီးသည်နှင့် ရထားလုံးပေါ်သို့ ခုန်တက်သွားလေသည်။ ရထားလုံးသည် ချက်ချင်းပင် မောင်းနှင်ထွက်ခွာသွားလေတော့သည်။

"ဟော့ … ဒါ ဘာလုပ်တာလဲ"

စုံဂူးစွမ်းက ယင်းသို့အော်ရင်း ရထားလုံးနောက်သို့ထက်ကြပ်မကွာ လိုက်သွားသည်။ သူ့နောက်တွင် အားလုံးက လိုက်သွားကြသည်။

သို့သော် … ရေနဂါးက ကတိမဖျက်ပါ။ သူက ရထားလုံးပေါ်မှ ဝမ်းလင်းအား တွန်းချလိုက်ပြီး အရှိန်ပြင်းစွာ မောင်းနှင်ထွက်ခွာသွားလေတော့သည်။

❑



စုံဂူးစွမ်းနှင့်ဂူးဝါးရသေ့ကြီးသည် အလွန်ကျော်ကြားသော သမားတော်ကြီးများ ဖြစ်ကြလေသည်။

သို့သော် … သူတို့နှစ်ယောက် ပူးပေါင်းကာ ဝမ်းချစ်အား အစွမ်းကုန်ကုသပေးနေသော်လည်း ဝမ်းချစ်မှာ သက်သာလာခြင်း မရှိပါ။

ဝမ်းချစ်၏ရောဂါသည် သာမန်လူတစ်ယောက်ပမာ မည်သို့မှ သိုင်းလေ့ကျင့်၍ မရတော့ပါ။ စုံဂူးစွမ်းက စိတ်မကောင်းဖြစ်နေသည်။

ဂူးဝါးရသေ့ကြီးကလည်း ခံပြင်းလွန်း၍တောက်တခေါက်ခေါက်ဖြစ်နေသည်။ ဝမ်းလင်းကလည်း မိမိအတွက် ယခုကဲ့သို့ဖြစ်သွားသည်ကို စိတ်မကောင်းဖြစ်ခဲ့လေသည်။

ဝမ်းချစ်အတွက် အားလုံးက စိတ်မကောင်းဖြစ်နေကြလေသည်။ ဝမ်းချစ်၏ဝေဒနာသည် ပျောက်ကင်းခြင်းမရှိပါက မည်သူက သွေးစကြာဂိုဏ်းအား ဖြိုခွဲနိုင်မည်နည်း။

❑

www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စရပ်များဖြစ်ပွားပြီးသည့်နောက် တိုတောင်းသော သုံးလအတွင်း၌ သိုင်းလောကမှာကျော်ကြားသော ဂိုဏ်းအသီးသီး အဖွဲ့အစည်းအသီးသီးတို့က အပြောင်းအလဲကြီး ပြောင်းလဲလာခဲ့လေသည်။

အထူးသဖြင့် ... ကျန်နန်းနယ်မှ အင်အားအတောင့်တင်းဆုံးသောဂိုဏ်းတစ်ခုသည် သွေးစကြာဂိုဏ်းလက်အောက်သို့ ရောက်ရှိသွားပြီဖြစ်သည်။

သိုင်းလောကမှာတည်ရှိနေကြသော ဂိုဏ်းနှင့်အဖွဲ့အစည်းများအကြား သုံးနှစ်သုံးမိုးခန့် ပုန်းလျှိုးနေခဲ့သော သွေးစကြာဂိုဏ်း၏ ဂိုဏ်းချုပ်က ရဲရဲတင်းတင်းပေါ်ထွက်လာသည်။

သွေးစကြာဂိုဏ်း၏ ဂိုဏ်းချုပ်မှာတာမင်မြို့တွင် အချမ်းသာဆုံးသော သူဌေးကြီးဝူးလောက်ရှုပင်ဖြစ်ပါသည်။

❑

ဝူးလောက်ရှု ... ။

ဤနာမည်ကို သိုင်းလောကသားများ သိပ်မသိကြပါ။



စုယယ်က သူ့အား ကောင်းစွာသိထားလေသည်။

သို့သော် ... စုယယ်က လျှမ်းလျှမ်းတောက်ကျော်ကြားနေသော သွေးစကြာဂိုဏ်းချုပ်မှာ ဝူးလောက်ရှုဖြစ်နေသည်ဟု လုံးဝမမျှော်လင့်ခဲ့ပါ။

❑

ဝူးလောက်ရှုက အလွန်အကြံကြီးသော ပုဂ္ဂိုလ်တစ်ယောက်ပင်ဖြစ်ပါသည်။ လွန်ခဲ့သော အနှစ်(၃၀)တုန်းက သူသည် ဂိုဏ်းတစ်ခု ဖွဲ့စည်းခဲ့သည်။ သို့သော် ... မအောင်မြင်ခဲ့ပါ။

မန်ချူးနယ်ချဲ့တို့က တရုတ် ပြည်တစ်ခုလုံးအား အုပ်ချုပ်နိုင်ခဲ့ပြီးနောက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သူတို့အားတွန်းလှန်နေသော သိုင်းသမားများအား သုတ်သင်ရှင်းလင်းပစ်ရန် စီမံကိန်းတစ်ခုချခဲ့သည်။ ယင်းစီမံကိန်းမှာ ဂိုဏ်းတစ်ခုဖွဲ့ပြီး ထိုသိုင်းလောကတစ်ခုလုံးအား ဆုပ်ကိုင်နိုင်ရန်ဖြစ်ပါသည်။

ဝူးလောက်ရှုက ထိုအခွင့်အရေးကို လက်လွှတ်မခံခဲ့ပါချေ။

သူသည် မန်ချူးအာဏာပိုင်တို့နဲ့ ဆွေးနွေးပြီးနောက် မန်ချူးအာဏာပိုင်များက သွေးစကြာဂိုဏ်းချုပ်အဖြစ် ခန့်အပ်လိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ပြင် ... ဂူးလောက်ရှုလိုအပ်သော လူအား ငွေအားနှင့် လက်နက်များကို တိတ်တဆိတ် ထောက်ပံ့ပေးလေသည်။

ဂူးလောက်ရှုက သွေးစကြာဂိုဏ်းဖွဲ့စည်းပြီးနောက် သိုင်းလောကတွင် တစ်စထက်တစ်စ သြဇာလွှမ်းမိုးလာလေတော့သည်။

သို့သော် ... သူက ပြောင်ပြောင်တင်းတင်းမလုပ်ရဲသေးပါ။ သူဌေးကြီးတစ်ယောက်အဖြစ်သာ အယောင်ဆောင်နေရသည်။ သူက အခြားသိုင်းသမားများကို လုံးဝမမှုပါ။

သူအကြောက်ဆုံးလူမှာ ဝမ်းချစ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် သူက ဝမ်းချစ်အား ဖျောက်ဖျက်သုတ်သင်ရန် အကြံအမျိုးမျိုးထုတ်ခဲ့လေသည်။

ယခု ... သူ၏ရည်ရွယ်ချက် အောင်မြင်ခဲ့သည်ဖြစ်ပါသည်။ သူကြောက်နေရသော ဝမ်းချစ်မှာ သာမန်လူတစ်ယောက် ဖြစ်နေပြီ မဟုတ်ပါလော။

ထို့ကြောင့် သူသည် မည်သူ့ကိုမှမမှုတော့ဘဲ သူဌေးကြီးတစ်ယောက်အဖြစ် ဟန်ဆောင်ရာမှ သွေးစကြာဂိုဏ်းချုပ်အဖြစ်သို့ ထုတ်ဖော်လိုက်လေသည်။

အချို့လူများက ဂူးလောက်ရှုအား သွေးစကြာဂိုဏ်းချုပ်ဖြစ်သည်ကို လုံးဝမယုံကြည်ပါ။ သူတို့က သူ့အားစိန်ခေါ်ကြလေသည်။



သို့သော် ဂူးလောက်ရှုက အသာအယာယှဉ်ပြိုင် အနိုင်ယူခဲ့နိုင်သောကြောင့် မည်သူကမှ သူ့အားသံသယမဖြစ်ပါတော့ချေ။

ထို့နောက် ... သွေးစကြာဂိုဏ်း၏သြဇာအာဏာမှာ တစ်ပြည်လုံးသို့ ပျံ့နှံ့လုလုအခြေအနေသို့ ရောက်ရှိနေလေတော့သည်။

❑

ဂူးလောက်ရှုက နှလုံးရည်အလွန်ကောင်းသောလူတစ်ဦးဖြစ်သည်။ သူကြောက်ရွံ့နေသူမှာ ဝမ်းချစ်ဖြစ်သည်။

ယခု ဝမ်းချစ်က သာမန်လူတစ်ယောက်မျှသာဖြစ်နေသောကြောင့် ဂူးလောက်ရှုအတွက် အလွန်ကြောက်မက်ဖွယ်ရာကောင်းသော ပြိုင်ဘက်တစ်ယောက်ကို ဖြိုဖျက်ခဲ့ပြီ မဟုတ်ပါလော။

သို့သော် ... သူက ဝမ်းချစ်အပေါ် တစ်ချက်အတွက်မှားသွားသည်။ ဝမ်းချစ်၏ နှလုံးရည်က ထက်မြက်တုန်းပင်ဖြစ်ပါသည်။ ဝမ်းချစ်၏နှလုံးရည်က သူ၏သိုင်းပညာထက် ပို၍သာလွန်နေလေသည်။

ဝမ်းချစ်၏အင်အားများမှာလည်း ဆုံးရှုံးသွားခြင်း မရှိသေးချေ။ သို့သော် ဝမ်းချစ်က အခြေအနေအရ သူ၏အင်အားအားလုံး

www.burmeseclassic.com

www.burmeseclassic.com



ကို လှို့ဝှက်စွာဖုံးကွယ်ထားလေသည်။

ဂူးလောက်ရှုမှာ ဝမ်းချစ်အား အနိုင်ရပြီဟုအထင်ဖြင့် သူသည် ဝမ်းချစ်တို့၏ အင်အားကို ဥပေက္ခာပြုပြီးလျှင် အခြားဂိုဏ်းများကို တစ်ခုပြီးတစ်ခု တိုက်ခိုက်သိမ်းပိုက်လိုက်လေသည်။

ခြောက်လအတွင်း သွေးစကြာဂိုဏ်း၏သြဇာအာဏာသည် တစ်ပြည်လုံးသို့ ပျံ့နှံ့သွားလေတော့သည်။

❑

ဝမ်းချစ်သည် ရေနဂါး၏ဆေးလုံးကိုစားမိသောကြောင့် မည်သည့်ဆေးဝါးနှင့်မှ ကုသ၍မရပါ။ စုံဂူးစွမ်းနှင့် ဂူးဝါးရသေ့ကြီးတို့ကပင် လက်မှိုင်ချရလေသည်။

ဝမ်းချစ်မှာမူ အေးဆေးစွာရှိနေ၏။ လုံးဝတုန်လှုပ်ချောက်ချားခြင်းမရှိပါ။ သူသည် ဝမ်းလင်းကိုသာ ဂရုစိုက်နေ၏။

ယခု ... သူသည် ဝမ်းလင်းအား သူ၏ကျားလက်သီးသိုင်းပညာကိုသင်ကြားပေးပြီး လုဟာန်လုံးကိုမူ နဂါးလက်ဝါးသိုင်းပညာရပ်များ သင်ကြားပေးနေလေသည်။

ဂူးလောက်ရှုက သိုင်းလောကတစ်ခုလုံး လွှမ်းမိုးနေသည့်



အချိန်တွင် ဝမ်းချစ်က သူ၏အင်အားကို လှို့ဝှက်စွာ လေ့ကျင့်ပေးနေလေသည်။

သူ၏အင်အားမှာ အနည်းဆုံးလူတစ်ထောင်ခန့်ရှိ၏။ သူသည် ဝမ်းလင်းနှင့် လုဟာန်လုံးအား လူငါးရာစီခွဲပေးခဲ့လေသည်။

ဤသို့ဖြင့် ... သူတို့က တိုက်ခိုက်ရေးတပ်သားများကို စွမ်းရည်အပြည့်အသုံးချနိုင်ရန် အပူတပြင်းလေ့ကျင့်ပေးနေလေတော့သည်။

❑

အချိန်သည်တရွေ့ရွေ့ကုန်ဆုံးခဲ့သည်။ ခြောက်လအတွင်း ဝမ်းလင်းနှင့် လုဟာန်လုံးတို့သည် နဂါးလက်ဝါး ကျားလက်သီး သိုင်းပညာကို ကိုယ်စီကိုယ်င တတ်မြောက်ကြပြီဖြစ်လေသည်။

သူတို့က ဝမ်းချစ်လေ...က် အဆင့်မမီပေးသည်မှာ မှန်သော်လည်း ခြောက်လအတွင်း ဤမျှတိုးတက်လာသည်ကိုပင် ကျေနပ်လှပြီဖြစ်ပါသည်။

ထို့ကြောင့် ... သူ၏ မပြီးဆုံးသေးသော တော်လှန်ရေးတာဝန်များကို လူငယ်နှစ်ယောက်အပေါ် လွှဲပြောင်းပေးရန်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ထဲ၌ ဆုံးဖြတ်ချက်ချလိုက်မိလေတော့သည်။

❏

တစ်နေ့ ... ဝမ်းချစ်နေထိုင်သော အိမ်ဂေဟာသို့ ထူးထူးခြားခြားဧည့်သည်တစ်ယောက် ရောက်ရှိလာသည်။ ထိုလူကား 'ရိုးလောက်'ပင်ဖြစ်ပါသည်။

ရိုးလောက်က ယခုကဲ့သို့ ဖြုန်းစားကြီးရောက်လာသည်ကို ဝမ်းချစ်က အံ့ဩမိသည်။ အကြောင်းမှာ ... ရိုးလောက်က ခံတပ်မှ လွဲ၍ မည်သည့်နေရာသို့ မသွားရောက်ခဲ့ဖူးပါ။

ဝမ်းချစ်က သိုင်းလောကတွင် အလွန်ကျော်ကြားသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်မှာ မှန်သော်လည်း ရိုးလောက်၏ ရာထူးဌာနမှာ ဝမ်းချစ်ထက် အဆင့်မြင့်နေသေးသည်။

ထို့ကြောင့် ... မိမိထက် အဆင့်မြင့်သော ပုဂ္ဂိုလ်က ယခုကဲ့သို့ မိမိထံကြွရောက်လာသည်ကို ဝမ်းချစ်က အံ့ဩနေမိခြင်းဖြစ်ပါသည်။ သူက ကပျာကယာ ကိုယ်တိုင်ထွက်၍ကြိုဆိုရလေသည်။

ရိုးလောက်၏ ရုပ်ဆင်းအင်္ဂါရပ်သည် အလွန်အထက်တန်းကျပြီး စိတ်နေသဘောထားမြင့်မြတ်သော လက္ခဏာရှိသည်။ သူမ



၏အသက်က ဝမ်းချစ်ထက်ပင် ကြီးနေသည်။

သို့သော် ... သူမ၏မျက်လုံးအစုံက အလွန်စူးရှ တောက်ပသည်။ သူမအား ကြည့်လိုက်သည်နှင့် အလွန်ထက်မြက်သော သိုင်းသမားတစ်ယောက်ဖြစ်သည်ဟု ခန့်မှန်းနိုင်လေသည်။

သူမက ဝမ်းချစ်၏ဂေဟာသို့ ဝင်ရောက်လာသောအခါ လုဟန်လုံးနှင့်ဝမ်းလင်းတို့ သိုင်းလေ့ကျင့်နေသည်ကို တွေ့လိုက်ရသည်။

လုဟန်လုံးက ရိုးလောက်ကိုတွေ့ရသောအခါ ကပျာကယာ အရိုအသေပေးလိုက်သည်။ ဝမ်းချစ်က ရိုးလောက်အား ဧည့်ခန်းထဲသို့ ခေါ်ဆောင်သွားကာ နေရာထိုင်ခင်း ချထားပေးလိုက်လေသည်။

လုဟန်လုံးမှာမူ ရိုးလောက်၏နောက်တွင်ရပ်လျက်နေလေသည်။ ဝမ်းချစ်က လက်နှစ်ဖက်ဆုပ်၍ အလေးပြုလိုက်သည်။

"အခုလို ကျုပ်ဆီကို အရေးတကြီးကြွရောက်လာတဲ့ ကိစ္စ"

သူ၏စကားမဆုံးမီ ရိုးလောက်က ကြားဖြတ်လိုက်သည်။

"အခုအခါမှာ သွေးစကြာဂိုဏ်းဟာ တော်တော်သောင်းကျန်းနေပါတယ်၊ သူတို့ရဲ့ခြေလှမ်းဟာ တစ်နေ့တခြား အလှမ်းကျဲလာနေတယ်၊ တစ်နေ့မဟုတ် တစ်နေ့ ကျွန်မတို့ဆီကိုရောက်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ရှင့်ဆီလာပြီး သွေးစကြာဂိုဏ်းကို ခုခံဖို့ကိစ္စ ဆွေးနွေးချင်လို့ပါ"

ဝမ်းချစ်က သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... သွေးစကြာဂိုဏ်းဟာ တော်တော်ကို သောင်းကျန်းနေတယ်၊ ကျုပ်တို့ဘက်ကလည်း တစ်နေ့တခြား ကျဆုံးနေကယ်ဗျ၊ ရိုးလောက်မှာ ဘယ်လိုများ အကြံအစည်ရှိနေလို့ပါလဲဗျာ"

ရိုးလောက်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်မမှာလည်း အကြံကုန်သလောက် ဖြစ်နေပြီ၊ ဒါကြောင့်မို့ ဒီကိုလာပြီး ရှင်တို့အင်အားနဲ့ပူးပေါင်းရင် ကောင်းမလားလို့ စိတ်ကူးမိတာပါ"

ဝမ်းချစ်က ဝမ်းသာသွားသည်။

"ဟာ ... သိပ်ကောင်းတာပေါ့၊ ခင်ဗျားတို့နဲ့သာ ပူးပေါင်းလိုက်ရရင်တော့ အင်အားလည်းတောင့်တင်းလာမယ်၊ ခင်ဗျားတို့ရဲ့ ခံတပ်က ခုခံရင် ပထဝီအခြေအနေအထားအရ ပိုပြီးခိုင်လုံမယ်လို့ ကျုပ်ယုံကြည်ပါတယ်ဗျာ"

ရိုးလောက်က ခေါင်းညိတ်လိုက်၏။

"ကျွန်မလည်း ဒီသဘောအတိုင်းပါပဲ၊ ဒါနဲ့ ရှင့်မှာလူအင်အား ဘယ်လောက်ရှိသလဲ"

ဝမ်းချစ်က လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။

"ကျုပ်မှာ အနည်းဆုံး လူတစ်ထောင် အင်အားရှိတယ်"

"အဲဒီလူတစ်ထောင်ကို ရှင် ဘယ်လိုစီမံခန့်ခွဲထားသလဲ"



"ကျုပ်ကတော့ သိုင်းပညာလုံးဝဆုံးရှုံးသွားတာမို့ ဘာတာဝန်မှ မယူနိုင်တော့ပါဘူး၊ ဒါကြောင့် လုပဟန်လုံးနဲ့ ဝမ်းလင်းတို့ကို လူငါးရာစီခွဲပေးထားပါတယ်"

ရိုးလောက်က ခေါင်းညိတ်လိုက်၏။

"ကောင်းပါတယ် ... ရှင့်အကြံ မဆိုးပါဘူး"

ဝမ်းချစ်က ရိုးလောက်အား စိုက်ကြည့်လိုက်ပြီး ...

"ခင်ဗျားဆီမှာရော အင်အား ဘယ်လောက်ရှိသလဲ"

"ကျွန်မမှာလည်း လူတစ်ထောင်လောက်တော့ရှိမယ် ... ပထမတော့ လုပဟန်လုံးကိုပြန်ခေါ်ပြီး တာဝန်ပေးဦးမလို့၊ အခုတော့ ရှင်ကပါ ကျွန်မဆီ လာပြီးပူးပေါင်းမယ်ဆိုတော့ အကြောင်းမထူးတော့ပါဘူးလေ"

သူမက တစ်ချက်ပြုံးပြလိုက်ပြီး ...

"ကျွန်မဆီက လူတွေကိုလည်း သူတို့နှစ်ယောက်ကိုခွဲဝေပြီး ပေါင်းပေးလိုက်တော့မယ်"

ဝမ်းချစ်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ်ဗျာ၊ ဒါဖြင့် ကျုပ်တို့ ဘယ်အချိန်လောက် အကောင်အထည်ဖော်ရင် ကောင်းမလဲ"

ရိုးလောက်က မျက်မှောင်တစ်ချက်ကုတ်လိုက်ပြီး ...

"အခြေအနေက တစ်နေ့တခြားဆိုးဝါးနေပြီ၊ ကျွန်မတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြံအစည်ကို အမြန်ဆုံးအကောင်အထည်ဖော်ရင် ကောင်းမယ်လို့ ကျွန်မ,ယူဆတယ်"

ဝမ်းချစ်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ်ဗျာ ... ကျုပ်တို့ အမြန်ဆုံး စီမံကြတာပေါ့"

❑

သွေးစကြာဂိုဏ်း၏ လှုပ်ရှားမှုသည် ပို၍ခြေလှမ်းသွက်လာ၏။ ဂိုဏ်းချုပ်ကြီးဂူးလောက်ရှုက 'ရှောင်လင်' ကျောင်းကိုပင် ချီတက်တိုက်ခိုက်ရန် အစီအစဉ်ပြုလုပ်နေသည်။

သွေးစကြာဂိုဏ်း၏ ယခုလူအင်အားမှာ နှစ်ထောင်ထက် မနည်းရှိနေလေသည်။ လက်နက်ခဲယမ်းမီးကျောက်များမှာလည်း ပြည့်စုံလှပေသည်။

ဂူးလောက်ရှုသည် သိုင်းပညာ အလွန်အဆင့်မြင့်သော သိုင်းပညာရှင်တစ်ယောက်ဖြစ်သည်။ ထို့ပြင် ... နှလုံးရည်လည်း အလွန်ထက်မြက်သော လူတစ်ယောက်ဖြစ်ပါသည်။

ထို့ကြောင့်လည်း တိုတောင်းသောခြောက်လအတွင်း ဂူတန်ဂိုဏ်းနှင့် အခြားသောဂိုဏ်းများကို ဖြိုခွဲဖျက်ဆီးနိုင်ခဲ့လေသည်။



ယခု ... သူသည် တိုက်ခိုက်ရန်မှာ ရှောင်လင်ကျောင်း တစ်ခုတည်းသာ ကျန်တော့သည်။ အမှန်မှာ ... ရှောင်လင်ကျောင်းသည် ဂိုဏ်းသားအလွန်များပြားသော ဂိုဏ်းတစ်ခုဖြစ်၏။

ထို့ပြင် ... ရှောင်လင်ဂိုဏ်းက တောင်ပိုင်းနှင့်မြောက်ပိုင်းဟူ၍ ဂိုဏ်းနှစ်ဂိုဏ်းခွဲထားသည်။ ရှောင်လင်ဂိုဏ်းသားများက နေရာအနှံ့ကျဲနေလေသည်။

ထို့ကြောင့် ... ရှောင်လင်ဂိုဏ်းအား တိုက်ခိုက်ရန်မှာ လွယ်ကူသည့်အလုပ်တစ်ခုမဟုတ်ပေ။ ဂူးလောက်ရှုက ယင်းအချက်အလက်အားလုံးကို တွက်ချက်ပြီးမှ အခြားဂိုဏ်းတွေကို ရှေးဦးစွာ တိုက်ခိုက်ဖြိုခွင်းခြင်းဖြစ်ပါသည်။

ယခု ... အခြားဂိုဏ်းကလေးများကို တစ်ခုပြီးတစ်ခု ဖြိုခွဲဖျက်ဆီးနိုင်ခဲ့ပြီးမှ သူ၏တိုက်ခိုက်မှုမြားဦးက ရှောင်လင်ဂိုဏ်းသို့ လှည့်ရခြင်းဖြစ်၏။

ဤတစ်ကြိမ် သူက အင်အားသုံးထောင်အထိ အသုံးပြုထားသည်။ ယင်းအင်အားသုံးထောင်ကို သူ၏အားအထားရဆုံးသောတပည့်များကို ဦးဆောင်စေခဲ့လေသည်။

ရှေ့တန်းတွင်ဦးဆောင်သောသူမှာ ကဗျာဆရာလူသတ်သမား 'စုစန်း' ပင်ဖြစ်ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ဂူးလောက်ရှုသည် ထမ်းစင်တစ်ခုပေါ်တွင် အေးဆေးစွာ ထိုင်နေသည်။ နေရောင်ခြည်မှာ ခေါင်းပြုနေပြီဖြစ်ပါသည်။

ဂူးလောက်ရှုက ထမ်းစင်ပေါ်မှနေပြီး ဝန်းကျင်ရှိ ရှုမျှော်ခင်းများအား အေးအေးဆေးဆေးကြည့်ရှုနေလေသည်။ အကယ်၍သာ သူ့ရှေ့တွင် လက်နက်ကိုယ်စီကိုင်ဆောင်ထားသော တပ်မကြီးကို မတွေ့ခဲ့ပါမူ။

ဂူးလောက်ရှုမှာ တောင်တောင်ရေမြေသို့ ထွက်၍လည်ပတ်နေသော ခရီးသည်တစ်ယောက်နှင့်တူလှပေသည်။ ရှောင်လင်ဂိုဏ်းအား တိုက်ခိုက်ရန်မှာ ပေါ့တန်သော အလုပ်တစ်ခု မဟုတ်ပါ။

သို့သော် ... ဂူးလောက်ရှုမှာမူ အေးအေးဆေးဆေးနိုင်လှပေသည်။ သူ့တွင် ရှောင်လင်ဂိုဏ်းအား အပြတ်ဖြိုခွဲနိုင်သော အကြံအစည်များရှိနေ၍လော။

❑

ရှေ့ဆုံးမှတပ်ကိုဦးဆောင်သူမှာ ကဗျာဆရာလူသတ်



သမားဖြစ်သည်။

ကဗျာဆရာလူသတ်သမားစုစန်း၏လက်အောက်တွင် သန်မာထွားကျိုင်းသော သိုင်းသမားတစ်ယောက်ရှိသည်။

သူ၏အမည်မှာ 'လီပါ' ဖြစ်သည်။ လီပါသည် ပေါက်စိန်တစ်လက်ကို အမြဲအသုံးပြုသည်။ သူက တိုက်ပွဲပေါင်းများစွာ တိုက်ခိုက်ပြီး အရှုံးတစ်ကြိမ်မှ မတွေ့ရသေးသော တိုက်ခိုက်ရေးမှူးတစ်ယောက် ဖြစ်ပါသည်။

ယခု ...

သူက တပ်များကိုဦးဆောင်ကာ ရှောင်လင်ကျောင်းသို့ သွားရာလမ်းကို ဦးတည်ကာချီတက်နေလေသည်။

❑

ရှောင်လင်ကျောင်း ... ။

သိုင်းလောက၏ဦးသျှောင်။

မန်ချူးက တရုတ်ပြည်သို့ချီတက်လာပြီး တစ်ပြည်လုံးသိမ်းပိုက်လိုက်သောအခါ ရှောင်လင်ဂိုဏ်းမှ အာဏာပိုင်များသည် မိမိတို့ဂိုဏ်းမှာ မန်ချူးတော်လှန်ရေးတွင်ရှေ့တန်းမှပါဝင်တိုက်ခိုက်ခဲ့ပါဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့ မန်ချူးအာဏာပိုင်များက မိမိတို့အား နည်းပရိယာယ်ဖြင့် ဖြိုဖျက်သုတ်သင်လိမ့်မည်ဟု ကြိုတင်တွက်ထားကြသည်။

မန်ချူးတပ်များက တစ်ပြည်လုံးသိမ်းပိုက်လိုက်သောအခါ သူတို့က ရှောင်လင်ကျောင်းမှအဖွဲ့သားအားလုံးကို လူစုခွဲကာ တပ်ဖျောက်ခဲ့ကြလေသည်။ ရှောင်လင်ကျောင်း၏အင်အားမှာ ဘုန်းကြီးအပါးငါးရာခန့် ရှိပြီး လူအင်အားနှစ်ထောင်ခန့်ရှိလေသည်။ တရုတ်ပြည်တောင်ပိုင်း သို့ ထွက်ခွာစေလေသည်။

ဘုန်းတော်ကြီး 'ကျိရှမ်း' က သိုင်းပညာကျွမ်းကျင်သော သံဃာဆယ်ပါး၊ တပည့်သိုင်းသမားနှစ်ထောင်ခန့် တောင်ပိုင်းနယ် 'ဟုကျန်' မြို့သို့ ခရီးထွက်လာရာ လမ်းခရီးတွင် မန်ချူးတပ်များ၏ ဘေးရန်ကိုတွန်းလှန်တိုက်ခိုက်ကာ 'ဟုကျန်' မြို့သို့ရောက်ရှိခဲ့လေသည်။

❏

ဟုကျန်မြို့သည် တရုတ်ပြည်၏ အစွန်အဖျားမြို့တစ်မြို့ဖြစ်သည်။ ဆိပ်ကမ်းမြို့တော်လည်းဖြစ်သည်။

မန်ချူးတို့၏အာဏာသည် ဟုကျန်နယ်သို့ ပျံ့နှံ့ရောက်ရှိနိုင်ခြင်းမရှိခဲ့သေးပါ။ ထို့ကြောင့် ဘုန်းတော်ကြီးကျိရှမ်းသည် ဟုကျန်



မြို့တွင် ရှောင်လင်ကျောင်းခွဲတစ်ခု တည်ထောင်နိုင်ခဲ့လေသည်။

ဘုန်းတော်ကြီးကျိရှမ်းက အလွန်အရည်အချင်းရှိသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

သူသည် ဟုကျန်မြို့သို့ရောက်ရှိလာသည့်အတောအတွင်း သာသနာ့ရောင်ခြည်ကို ကျယ်ပြန့်စွာထွန်းတောက်လာစေရန် စွမ်းဆောင်နိုင်ခဲ့သည်။

အင်အားကိုလည်း လူနှစ်ထောင်ခန့်အထိ စုစည်းနိုင်ခဲ့လေသည်။ ထို့ကြောင့် ... တရုတ်ပြည်မြောက်ပိုင်းရှိ ပင်ရင်းဖြစ်သော ရှောင်လင်ကျောင်းက အန္တရာယ်ကြီးစွာနှင့် ရင်ဆိုင်နေရသည့်အချိန်တွင် ဟုကျန်ရှောင်လင်ကျောင်းက တရုတ်ပြည်တောင်ပိုင်းတွင် လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့လေသည်။

❏

ဂူးလောက်ရှုတို့၏တပ်သည် လူအင်အား၊ လက်နက်အင်အားအပြည့်ဖြင့် ရှောင်လင်ကျောင်းသို့ ချီတက်လာရာ သူတို့ကရှောင်လင်ကျောင်းတည်ရှိရာနှင့် တစ်မိုင်ခန့်အကွာတွင် ရှောင်လင်ကျောင်းမှလူစုနှင့်ပက်ပင်းတိုးမိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာလူသတ်သမား ဓားသမားစုစန်းက သူ၏လူစုများအား ချီတက်ရာမှ ရပ်တန့်စေပြီးနောက် သူကကိုယ်တိုင်ရှေ့သို့ လျှောက်လာသည်။

ရှောင်လင်ကျောင်းသို့ သွားရာလမ်းပေါ်တွင် လူတစ်စုက လမ်းပေါ်မှပိတ်၍ ရပ်လျက်နေသည်ကိုတွေ့လိုက်ရသည်။ အကြောင်းမှာ ... ထိုလူအား သူ ရင်ဆိုင်တိုက်ခိုက်ခဲ့ဖူးသည်။

အလွန်သတ္တိကောင်းပြီး သူသေကိုယ်သေ တိုက်ခိုက်တတ်သော လူတစ်ယောက်ဖြစ်သည်။ သို့သော် ... ထိုလူက ရှောင်လင်ကျောင်းက မဟုတ်ပါ။

ဂူတန်ဂိုဏ်းမှ ဌာနခွဲမှူးဖြစ်သည်။ သူ၏အမည်မှာ 'ကျိုဟူ' ဖြစ်သည်။ ကျိုဟူကလည်း စုစန်းအား တွေ့မြင်လိုက်သည်။

သူကရှေ့သို့ခြေတစ်လှမ်းတိုးလိုက်ပြီး ဓားကိုကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်သည်။

"ဟေ့ ... သစ္စာဖောက်နောက်လိုက် မင်းတို့က ဂူတန်ဂိုဏ်းကို ဒုက္ခပေးလို့အားမရသေးဘဲ ရှောင်လင်ကို လာပြီးဒုက္ခပေးဦးမလို့လား"

ကျိုဟူ၏အသံက ကျယ်လောင်ပြီး ခံပြင်းသည့်အသွင်ဆောင်နေသည်။

"ဟား ဟား ဟား"



စုစန်းက ရယ်မောလိုက်သည်။

"ဒီမှာ ကျိုဟူ ... ဂူတန်တိုက်ပွဲမှာ မင်းက ကံကောင်းလို့ အသက်မသေတာကို ဘာဖြစ်လို့ ဝေးဝေးမသွားဘဲ ဒီကိုရောက်လာတာလဲ၊ ဒီတစ်ခါတော့ မင်းသေဖို့သာပြင်ပေတော့"

"ဟား ဟား ဟား"

ကျိုဟူက အားရပါးရရယ်မောလိုက်သည်။

"မင်းတို့တစ်တွေဟာ သွေးစကြာဂိုဏ်းအမည်ခံပြီး အမှန်မှာ မန်ချူးရဲ့နောက်လိုက်တွေ၊ မန်ချူးလုပ်ခိုင်းသမျှကို လုပ်ရတဲ့ ကျေးကျွန်တွေ၊ မန်ချူးပေးတဲ့ရာထူးကိုမက်ပြီး ကိုယ့်လူမျိုးကို သစ္စာဖောက်တဲ့အမျိုးယုတ်တွေ"

ကျိုဟူ၏စကားကြောင့်စုစန်းက ဒေါသအမျက် ခြောင်းခြောင်း ထွက်လာသည်။

"ဟိတ် ... တိတ်စမ်း"

ကျိုဟူက ရပ်တန့်ခြင်းမရှိပါ။ ဆက်၍ရှုတ်ချပြစ်တင်နေသည်။

"ငါက ဘာဖြစ်လို့တိတ်ရမှာလဲ၊ အမျိုးကိုသစ္စာဖောက်တဲ့လူဟာ ခွေးလောက်မှ တန်ဖိုးမရှိဘူး"

စုစန်းက သည်းမခံနိုင်တော့ပါ။

"ကဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ယင်းသို့ပြောဆိုပြီး ကျိုဟူအားတိုက်ခိုက်လေတော့သည်။

"ယား"

ကျိုဟူကလည်း မကြောက်မရွံ့ဘဲ ခုခံလိုက်သည်။

'ခြွမ်း'

ဓားချင်းထိခိုက်သောအသံများက ဆူညံစွာထွက်ပေါ်လာသည်။ စုစန်းကဓားကိုဝှေ့ယမ်းကာ ကျိုဟူထံသို့ တရကြမ်းလိုက်ခိုက်လိုက်ပြန်သည်။

ကျိုဟူကလည်း အညံ့မခံ။ စုစန်း၏တိုက်ကွက်ကိုရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်သည်။ သူ၏ဓားကွက်က ပြင်းထန်သည်။ လျင်မြန်သည်။

သူ၏ဓားချက်တိုင်းမှာ ကျိုဟူ၏ချက်ကောင်းနေရာသို့ ဦးတည်ကာ တိုက်ခိုက်နေလေသည်။ ကျိုဟူကလည်း ခေသူတစ်ယောက်မဟုတ်ပါ။

ဂူတန်းဂိုဏ်းမှ အားထားရသော သိုင်းသမားတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ... သူတို့က လက်ညီ၍နေသည်။

သိုင်းကွက်ဆယ်ကွက်မျှတိုက်ခိုက်လာရာ မည်သူကမှ အသာမရဘဲ လက်ညီနေသည်။ စုစန်းက မျက်မှောင်ကုတ်သွားသည်။ သူသည် ရှောင်လင်ကျောင်းအားတိုက်ခိုက်ရန် ရှေ့ဆုံးတပ်ဖြစ်သည်။



သူက ဟန့်တားလာသော ရန်သူများအား ဖြိုခွဲနိုင်စွမ်းမရှိခဲ့လျှင် သူ၏တပ်မက ရှေ့သို့မတိုးနိုင်ဘဲရပ်နေမည်သာဖြစ်လေသည်။

ပြဿနာတစ်ရပ် ဖြစ်လာနိုင်သည်။ ထိုအချက်ကိုဦးတည်ကာ ရှောင်လင်ကျောင်းက စီမံထားခြင်းဖြစ်သည်ဟု နားလည်သည်။

ထို့ကြောင့် သူသည် ကျိုဟူအားအနိုင်ယူပြီးမှ တပ်မကြီးချီတက်နိုင်မည်ဟု သဘောပေါက်နားလည်လာသည်။ သူသည် ယင်းသို့တွေးလိုက်မိသည်နှင့် ကျိုဟူအား အသေသတ်ရန် ဆန္ဒပြင်းပြလာသည်။

ထို့ကြောင့် ... သူက သိုင်းကွက်အား ရုတ်တရက် ပြောင်းလဲလိုက်၏။ သူ၏ဓားက ဝဲဘက်သို့ပြောင်းလိုက်ပြီ။ သူ၏ယာဘက်လက်က အိတ်ထဲသို့ နှိုက်ယူလိုက်သည်။

ဓားပါးတစ်လက်က သူ၏လက်ထဲတွင် ပါရှိလာလေတော့သည်။ သူသည် တိုက်ခိုက်ရင်း နောက်သို့ဆုတ်လိုက်သည်။ ကျိုဟူက ထက်ကြပ်မကွာလိုက်လာသည်။

'ဗွိုး'

စုစန်းက လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ ဓားပါးမှာ ကျိုဟူ၏ ရင်ဝသို့လွင့်လာလေ၏။ ကျိုဟူက ရင်ထိတ်သွားသည်။ က[illegible]က ယာနောက်ဆုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... အချိန်မရှိလိုက်မှန်း သူသိထားသည်။ ထိုစဉ်မှာပင် လူရိပ်တစ်ခုက ရှေ့သို့ရောက်လာ၏။

'ခွမ်း'

ဓားပါးကလေး ကျိဟူ၏ရင်ဝသို့ရောက်လုဆဲဆဲမှာပင် မြေပေါ်သို့ကျသွားလေတော့သည်။ ကျိဟူမှာ တစ်ကိုယ်လုံး ချွေးများစို ရွှဲသွားလေသည်။

သူ့အား ဝင်ရောက်ကယ်တင်လိုက်သောလူအား လှမ်းကြည့်လိုက်သည်။ အဖြူရောင်ဝတ်ဆင်ထားသော လူငယ်တစ်ယောက် ဖြစ်သည်။

သူသည် ထိုလူအား တစ်ကြိမ်တစ်ခါမှ မတွေ့မြင်ဖူး၍ အံ့ဩနေသည်။ စုစန်းသည် ထိုလူငယ်အား တွေ့လိုက်ရသည်နှင့် ဒေါသထွက်သွားလေသည်။

"ဟေ့ လုဟန်လုံး ... မင်းက သေချင်လို့ ဝင်နှောင့်ယှက်တာလား"

ဟု ကြိမ်းမောင်းပြောဆိုလိုက်သည်။

"ဟား ဟား ဟား"

လုဟန်လုံးက အားရပါးရရယ်မောလိုက်သည်။

"ဘယ့်နှယ်လဲ စုစန်း ... မင်းဟာ ကျော်ကြားတဲ့ဓားသမားတစ်ယောက်ပါ ... ပွင့်ပွင့်လင်းလင်းရင်ဆိုင်ပေါ့၊ အခုတော့ မင်းက



ယုတ်မာတဲ့နည်းကို အသုံးပြုတာဟာ မရှက်ဘူးလား"

စုစန်းသည် ပို၍ ဒေါသထွက်လာ၏။

"မင်း စကားမများနဲ့ ... သေပေတော့"

သူသည် ပြောရင်းလုဟန်လုံးအား တိုက်ခိုက်လိုက်လေသည်။ ဤတစ်ကြိမ် သူက လုဟန်လုံးအား သဲသဲမဲမဲတိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ကျိဟူက ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ လုဟန်လုံးက လက်ကာ၍ ဟန့်တားလိုက်သည်။

"နေပါစေ ... သူ့ကို တစ်ယောက်ချင်းနဲ့ အနိုင်ယူမယ်"

သူက ဤသို့ ပြောဆိုပြီးစုစန်းအား ပြန်လည်တိုက်ခိုက်လိုက်လေ၏။ ယင်းသို့ သူတို့မှာ သဲသဲမဲမဲတိုက်ခိုက်လာရာ သိုင်းကွက်ငါးဆယ်သို့ ဝင်ရောက်ခဲ့လေသည်။

သို့သော် သူတို့သည် မည်သူ့ကိုမျှ အနိုင်မရဘဲ လက်ညီနေကြ၏။ သူတို့၏တိုက်ခိုက်မှုအား ရပ်ကြည့်နေသော ကျိဟူပင် ငေး၍နေလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ချီတက်နေသော တပ်မကြီးတစ်ခုလုံးသည် ရပ်တန့်သွားသောကြောင့် ထမ်းစင်ပေါ်၌ထိုင်နေသော ဂူးလောက်ရှုက မကျေမနပ်ဘဲ ဖြစ်လာသည်။

ထိုစဉ် ... ကင်းထောက်တစ်ယောက်ရောက်ရှိလာပြီး စုစန်းနှင့်ရှောင်လင်ကျောင်းက ရှေ့ဆုံးတပ်တို့နှင့်ရင်ဆိုင်နေရကြောင်း လာရောက်သတင်းပို့သည်။

ဂူးလောက်ရှုက မျက်မှောင်ကုတ်သွား၏။

"အခု ... စုစန်း ဘာလုပ်နေသလဲ"

"သူက လုဟန်လုံးနဲ့ တိုက်ခိုက်နေပါတယ် သခင်"

"ရှောင်လင်ကျောင်းက အင်အားဘယ်လောက်ရှိသလဲ"

"ရှေ့တန်းမှာ လူတစ်ရာလောက်ရှိလိမ့်မယ် သခင်"

ဂူးလောက်ရှုက မျက်မှောင်ကုတ်သွားပြန်သည်။ သူက အနည်းငယ်စဉ်းစားလိုက်ပြီးနောက် သူ၏ကိုယ်ရံတော်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဟေ့ ... ကျန်ကျင်း"

"ခင်ဗျာ ... အသင့်ရှိပါတယ် သခင်"

ကိုယ်ရံတော်ကျန်းကျင်ဆိုသူက ဦးညွှတ်ကာ အမိန့်နာခံနေ၏။

"မင်း လူနှစ်ရာလောက်နဲ့ဦးဆောင်ပြီး လမ်းဘေးကနေ ရှောင်လင်ကျောင်းရဲ့ ညာဘက်ကိုပတ်ပြီး ချီတက်"

"ဟုတ်ကဲ့သခင်"

ကိုယ်ရံတော်ကျန်ကျင်းက ဦးညွှတ်အလေးပြုကာ ပြန်လည်ထွက်ခွာသွားလေသည်။

"တန်ကျင်း"

ဂူးလောက်ရှုက သူ၏ယာဘက်မှာရပ်နေသောလူအား ခေါ်လိုက်သည်။ တန်ကျင်းဆိုသူက ဦးညွှတ်အလေးပြုလိုက်သည်။

"ခင်ဗျာ ... အသင့်ရှိပါမယ် သခင်"

ဂူးလောက်ရှုက သူ့အား စေ့စေ့ကြည့်လိုက်ပြီး ...

"မင်းက လူနှစ်ရာဦးဆောင်ပြီး ရှောင်လင်ကျောင်းရဲ့ ဝဲဘက်ကိုပတ်ပြီး ချီတက်"

"ဟုတ်ကဲ့သခင်"

တန်ကျင်းက လူနှစ်ရာကိုဦးဆောင်ကာ ထွက်ခွာသွားလေသည်။

ဂူးလောက်ရှုက သူ၏အစီအစဉ်ကို ကျေနပ်စွာဖြင့်ပြုံးလိုက်ပြီး ထမ်းစင်ပေါ်တွင် အသာအယာမှေး၍ ထိုင်ချလိုက်လေတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



## ဖျက်ဆီးခြင်း

ဝဲယာလမ်းအတိုင်း လူတစ်စုက မီးတုတ်ကိုယ်စီ၊ ဓားလှံစသည့်လက်နက်ကိုယ်စီဖြင့် ကိုင်ဆောင်လျက် သူတို့သည် လေ့ကျင့်မှု ရရှိထားသော တပ်သားများဖြစ်ကြသည့်အတွက် လူပေါင်းနှစ်ရာခန့်ရှိသည်ဖြစ်သော်လည်း အသံများတိတ်ဆိတ်၍နေလေသည်။

သူတို့ တိတ်တဆိတ်ဖြင့် ရှောင်လင်ကျောင်းဝဲယာသို့ လူစုခွဲကာ ချီတက်နေကြ၏။

❑

စုစန်းက တကယ်ပင်အရည်အချင်းရှိသော ဓားသမား တစ်ယောက်ဖြစ်သည်။

ယခု သူသည် လုဟာန်လုံးနှင့် သိုင်းကွက်တစ်ရာအထိ ယှဉ်ပြိုင်လာခဲ့ပြီးဖြစ်သော်လည်း လက်ရည်ကျသွားခြင်း မရှိပါ။



လုဟာန်လုံးပင် သူ့အား အံ့သြနေမိသည်။

တစ်ဖန် စုစန်းကဲ့သို့သော လူတော်လူကောင်းတစ်ယောက် ရန်သူဘက် ရောက်ရှိသွားသည်ကို နှမြောနေမိသည်။

တစ်ချိန်လုံးရပ်၍ကြည့်နေသော ကျိဟူက ဆက်၍သည်းမခံနိုင်တော့ပါ။

သူက ဓားကိုဆုပ်ကိုင်ကာ စုစန်းအား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လေသည်။

'ခွမ်း .. ခွမ်း'

'ဒိုး .. ဒိုး'

ဓားချင်းထိခတ်၍ ထွက်ပေါ်လာသောအသံများ၊ ဓားဝှေ့ယမ်းကာ လေထဲသို့တိုးဖြတ်သွားသောအသံများက ဆူညံစွာထွက်ပေါ်လာလေသည်။

တိုက်ပွဲကား ပို၍ ပြင်းထန်လာလေတော့သည်။

❑

ရှောင်လင်ကျောင်း၏ ပတ်ဝန်းကျင်တစ်ဝိုက်တွင် ကင်းပုန်းများ အစီအရီချထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထိုင်ဆရာတော်သည် ရန်သူများရောက်ရှိလာသည်ကို သတင်းရထားသဖြင့် ယင်းသို့ပြန်လည်တိုက်ခိုက်ရန် အစီအစဉ်ပြုလုပ်ထားခြင်းဖြစ်သည်။

သို့သော် ... ကျောင်းထိုင်ဆရာတော်က စစ်ရေးစစ်ရာကျွမ်းကျင်သူများ မဟုတ်ရကား သူတို့က ရှေ့တန်းဘက်ကိုသာ အာရုံရောက်ရှိနေကြသည်။

ရှောင်လင်ကျောင်းသို့ တိတ်တဆိတ်ချဉ်းကပ်လာနေသော လူစုများအား သတိမပြုမိပါချေ။ ဤကား မဟာအမှားတစ်ခု ဖြစ်ပါသည်။

ကျန်ကျင်းနှင့်တန်ကျင်းတို့က ဦးဆောင်ကာ ဝဲယာမှ ချီတက်လာကြသည်။ သူတို့က ရှောင်လင်ကျောင်းမှချထားသော ကင်းပုန်းများအား တိတ်ဆိတ်စွာဖြင့် တစ်ယောက်ပြီးတစ်ယောက် သတ်ဖြတ်ပစ်ကြလေသည်။

ထို့နောက် ရှောင်လင်ကျောင်းအဆောက်အအုံသို့ ချဉ်းနင်းဝင်ရောက်လာလေတော့သည်။ သူတို့က မီးတုတ်အား မီးရှို့လိုက်ပြီး အဆောက်အအုံ၏ ခေါင်မိုးပေါ်သို့ ပစ်တင်လိုက်ကြသည်။

'ဝုန်း .. ဝုန်း .. ဝုန်း'

မီးပွားများက နေရာအနှံ့စတင်လောင်တော့သည်။

'ဒေါင် .. ဒေါင် .. ဒေါင်'



ရှောင်လင်ကျောင်း၏ အဆောက်အအုံများကို မီးလောင်ကျွမ်းနေသဖြင့် ခေါင်းလောင်းသံများ ဆူညံစွာထွက်ပေါ်လာလေသည်။

ဘုန်းကြီးများနှင့်တပည့်များတို့က မီးများကို ငြိမ်းရန်သတ်နေကြသည်။

"ယား"

ရုတ်တရက် ... ဖြာသံပေးကာ တန်ကျင်းနှင့်ကျန်ကျင်းတို့ လူစုကပင် ဝင်ရောက်တိုက်ခိုက်လာသဖြင့် သူတို့က မီးကိုမသတ်အားတော့ဘဲ ဝင်ရောက်လာသော လူစုအား ပြန်လည်တိုက်ခိုက်လိုက်ကြရလေသည်။

❑

လုဟန်လုံးနှင့်ကျိုဟူတို့သည် ပူးပေါင်း၍ စုစန်းအားတိုက်ခိုက်နေရာ စုစန်းမှာ တဖြည်းဖြည်း အခြေအနေမဟန်တော့ပါ။

နောက်သို့ တဖြည်းဖြည်းဆုတ်သွားရသည်။ ကျိုဟူက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သဖြင့် သူ၏လူစုများက ...

"ယား ... ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြာသံပေးကာ စုစန်းတို့လူစုအား ဝင်ရောက်တိုက်ခိုက်ကြလေသည်။ စုစန်းတို့လူစုကလည်း ပြန်လည်တိုက်ခိုက်ကြသည်။ ထိုစဉ် ... စုစန်းက ရယ်မောလိုက်သည်။

"ဟား ဟား ဟား"

လုဟာန်လုံးက မျက်မှောင်ကုတ်လိုက်ပြီး ...

"မင်း ရှုံးနေပြီ ဘာရယ်နေတာလဲကွ"

ဟုမေးလိုက်သည်။ စုစန်းက အားရပါးရရယ်မောရင်း သူတို့နောက်သို့ ညွှန်ပြလိုက်ပြီး ...

"မင်းတို့နောက်ဘက် လှည့်ကြည့်စမ်းပါ ... ရှောင်လင်ကျောင်း ဘာဖြစ်နေသလဲဆိုတာ"

လုဟာန်လုံးနှင့် ကျိဟူတို့က ပြိုင်တူနောက်သို့ လှည့်ကြည့်မိ၏။ သူတို့က ရင်ထဲထိတ်ခနဲ ဖြစ်သွား၏။ နှစ်ယောက်စလုံး စိုးရိမ်စိတ်များ ဖြစ်သွားကြလေသည်။

အကြောင်းမှာ ... ရှောင်လင်ကျောင်းရှိရာ ကောင်းကင်တစ်ခုလုံးတွင် နီရဲနေလေတော့သည်။ မီးခိုးလုံးများသည် မိုးပေါ်သို့ တလိမ့်လိမ့်ထောင်တက်နေ၏။

ကျိဟူက ခံပြင်းလှသဖြင့် တောက်တစ်ချက်ခေါက်လိုက် ၏။

"ဒါ ... ခင်းတို့ ရက်စက်တဲ့အကြံတွေပဲ၊ ကဲ ... သေပေတော့"



သူက ခံပြင်းလွန်း၍ စုစန်းအား တရကြမ်းတိုက်ခိုက်လေသည်။

"ဟား ဟား ဟား"

စုစန်းက ကျေနပ်စွာရယ်မောလိုက်သည်။

"မင်းတို့ လက်နက်ချပြီး အညံ့ခံလိုက်ရင် ငါက သနားပြီး အသက်ချမ်းသာရာပေးမယ်"

"နို့မဟုတ်ရင် ..."

သူက ပြောရင်း ကျိဟူအား တိုက်ခိုက်လိုက်လေတော့သည်။ အခြေအနေမဟန်မှန်းသိရသော လုဟာန်လုံးက ကျိဟူအား...

"ဒီမှာမိတ်ဆွေ ... အခြေအနေမဟန်ဘူး ... ရှောင်လင်ကျောင်းကို အမြန်ဆုံးဆုတ်မှဖြစ်လိမ့်မယ်"

ဟု သတိပေးလိုက်ရာ ကျိဟူက စုစန်းအားတိုက်ခိုက်ရာမှ ရပ်တန့်လိုက်ကြပြီး သူ့လူများအား ဆုတ်ရန် အချက်ပေးလိုက်လေသည်။

စုစန်းက ကျိဟူတို့လူစုဆုတ်ခွာသွားသည်ကို လိုက်၍မတိုက်ပါ။ သူက တိုက်ရေးခိုက်ရေးကို ကျွမ်းကျင်သူတစ်ယောက်ဖြစ်သည်။

ဤကဲ့သို့အချိန်မျိုးမှာ ဝင်ရောက်တိုက်ခိုက်လျှင် ရန်သူအား မထူးမည့်အတူတူ အသေခံတိုက်လျှင် မိမိတို့မှာအနိုင်ရသည်မှန်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အကျအဆုံးလည်း များလိမ့်မည်ဖြစ်သည်။

ရန်သူများ စိတ်ဓာတ်ကျဆင်းတော့မှ လမ်းတစ်ခုဖွင့်ပေးပြီး နောက်မှတိုက်လျှင် မိမိတို့ဘက်မှလည်း အကျအဆုံးနည်းမည်။ ရန်သူကိုလည်း လူစုခွဲပြီး တစ်ပိုင်းစီချေမှုန်းနိုင်မည်။

ထိုသဘောတရားကို နားလည်ထား၏။ ထို့ကြောင့် ... စုစန်းဏ သူ့လူများအား ကွပ်ကဲကာ ကျိုဟူတို့နောက်မှ အေးဆေးစွာဖြင့် လိုက်သွားလေတော့၏။

❑

ဂူးလောက်ရှုက ရယ်မောနေ၏။

သူသည် ကောင်းစွာရယ်မောနိုင်ပြီဖြစ်၏။

သူ၏အကြံအတိုင်း ရှောင်လင်ကျောင်းမှာ မီးလောင်ကျွမ်းနေပြီမဟုတ်ပါလော။

သူသည် ထမ်းစင်ပေါ်မှထိုင်ပြီး ရှောင်လင်ကျောင်းဘက်မှ မီးခိုးမီးလျှံများအား လှမ်းကြည့်ရင်းသဘောကျနေသည်။

ရှောင်လင်ကျောင်းက မည်သို့ပင်ခံနိုင်ပါစေ ... မီး၏ဒဏ်ကို မည်သည့်နည်းနှင့်မျှ ခံနိုင်စွမ်းမရှိပါ။



ယခု လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ရှောင်လင်ကျောင်းမှာ မီးများ၏ဝါးမျိုခြင်းကိုခံနေရသည် မဟုတ်ပါလော။

❑

မီးတောက်မီးလျှံက တစ်စထက်တစ်စ ပြင်းထန်လာသည်။

ခဏအကြာတွင် ရှောင်လင်ကျောင်းမှာ အဆောက်အအုံများအားလုံး မီးစွဲလောင်ကျွမ်းနေလေသည်။

ကျောင်းထိုင်ဆရာတော်က အခြေအနေမဟန်မှန်း သိလာသည်။

သူသည် မိမိအင်အားစုကို အဆုံးအရှုံးများမခံနိုင်တော့ချေ။

ထို့ကြောင့် သူသည် သူ၏အဖွဲ့သားများအား ရှောင်လင်ကျောင်းအား စွန့်လိုက်ပြီး ထွက်ပြေးတိမ်းရှောင်ရန် အမိန့်ပေးလိုက်သည်။

လုဟန်လုံးတို့က ရှောင်လင်ကျောင်းအနီးသို့ ရောက်ရှိလာသောအခါ အဖွဲ့သားများကို လုံးဝမတွေ့ရတော့ချေ။

ရန်သူ၏အင်အားက အဆပေါင်းများစွာ သာလွန်နေသဖြင့် သူသည် မီးတောက်မီးလျှံများဝါးမျိုနေသော ရှောင်လင်ကျောင်းအ

www.burmeseclassic.com

www.burmeseclassic.com



ဆောက်အအုံများအား စိတ်မကောင်းစွာဖြင့်ကြည့်ကာ ထိုနေရာမှ ကပျာကယာ ထွက်ခွာသွားကြလေတော့သည်။

❑

မီးတောက်မီးလျှံများသည် သုံးရက်တိုင်တိုင် လောင်ကျွမ်းပြီးမှ ရပ်တန့်သွားသည်။

တစ်ချိန်တုန်းက လျှမ်းလျှမ်းတောက်ကျော် ကြားနေသော ရှောင်လင်ကျောင်းအဆောက်အအုံများသည် ပြာပုံဘဝသို့ သက်ဆင်းခဲ့လေသည်။

ဝူးလောက်ရှသည် မဟာရန်သူအား ဖြိုခွဲလိုက်နိုင်ခဲ့သဖြင့် ဝမ်းသာပီတိဖြစ်နေသည်။

သူသည် ထိုနေရာမှာပင် သုံးရက်သုံးညတိုင်တိုင် အောင်ပွဲခံခဲ့လေသည်။

သူသည် နေပြည်တော်သို့ပြန်လည်ရောက်ရှိလာသောအခါ မန်ချူးအာဏာပိုင်တို့က သူ့ကို ကင်းတိတ်နယ်အား အပိုင်စားအဖြစ် ချီးမြှင့်လိုက်သည်။

ထို့ကြောင့် ဝူးလောက်ရှက သူဌေးကြီးတစ်ယောက်ဘဝမှ



သွေးစကြာဂိုဏ်းချုပ်အဖြစ် ပြောင်းလဲသွားကာ ယခုမှာမူ တစ်ဆင့်တက်လာပြီး မန်ချူးမင်း၏မြို့စားရာထူးကို ရလာလေသည်။

ရှောင်လင်ကျောင်းအားဖြိုခွဲခဲ့ပြီးနောက် ကြီးကြီးမားမား ဂိုဏ်းအဖွဲ့ဟူ၍မရှိသလောက်ပင် အခြေအနေသို့ရောက်ရှိလာခဲ့လေသည်။

ကျန်ရှိသောဂိုဏ်းအသီးသီးမှာလည်း ထင်ထင်ပေါ်ပေါ် မရပ်တည်ဝံ့တော့ပါ။ သူတို့သည် လူစုခွဲကာ ခေတ္တရှောင်တိမ်းနေကြရလေသည်။

ထို့ကြောင့် ... ရှောင်လင်ကျောင်းမီးလောင်ကျွမ်းပြီးနောက် သိုင်းလောကမှ အဖွဲ့အစည်းများအားလုံးသည် ပျောက်ကွယ်သွားကြကုန်လေတော့သည်။

သူဌေးကြီး (ဝါ) သွေးစကြာဂိုဏ်းချုပ်တစ်ဖြစ်လဲ မြို့စားကြီးဝူလောက်ရှ၏ အရှိန်အဝါက တစ်နေ့တခြား ကြီးထွားလာလေတော့၏။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## နဂါးခံတပ်

နဂါးခံတပ် ... ။

နဂါးခံတပ်သည် ထင်ရှားကျော်ကြားသော ခံတပ်တစ်ခုဖြစ်သည်။ ခေတ်အဆက်ဆက်ကပင် နဂါးခံတပ်သည် တိုင်းပြည်၏ ဆူးပြောင့်ခလုတ်ဟူသမျှကို ရင်ဆိုင်ချေမှုန်းခဲ့ကြပြီး သူရဲကောင်းများထွက်ပေါ်ခဲ့သည်။

နယ်ချဲ့မန်ချူးများ ကျူးကျော်လာသောအခါ နဂါးခံတပ်မှာ နယ်ချဲ့တို့အား တွန်းလှန်ရာ၌ ရှေ့တန်းမှပါဝင်ခဲ့သည်။

ထို့ကြောင့် နယ်ချဲ့မန်ချူးတို့၏ မျက်စိစပါးမွေးစူးစရာ ဖြစ်လာခဲ့လေတော့သည်။

မန်ချူးတို့သည် ဝူးလောက်ရှုအား ခေါ်ယူတွေ့ဆုံကာ တာဝန်ပေးလိုက်လေသည်။

❑



ဝူးလောက်ရှု၏မျက်နှာ တည်ကြည်လေးနက်နေသည်။ မန်ချူးခေါင်းဆောင်များနှင့်တွေ့ကြပြီး ပြန်လာသည်နှင့် စုစန်းအား ခေါ်ယူတွေ့ဆုံလိုက်လေသည်။

"စုစန်း ... နဂါးခံတပ်ကို မင်းသိတယ် မဟုတ်လား"

စုစန်း ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ ... သိပါတယ်ခင်ဗျာ"

ဝူးလောက်ရှုက ...

"ငါတို့က သိုင်းဂိုဏ်းတွေကိုချေမှုန်းပစ်လိုက်တော့ သိုင်းလောကသားတွေနဲ့ မျိုးချစ်စိတ်သိုင်းသမားတွေဟာ နဂါးခံတပ်ကို ပြေးသွားပြီး ခိုလှုံနေကြတယ်၊ သူတို့ အဲသည်လိုစုစည်းမိနေကြတာကို မန်ချူးခေါင်းဆောင်တွေက သဘောမကျကြဘူး"

စုစန်းက ...

"ကျွန်တော် သဘောပေါက်ပါပြီ၊ နဂါးခံတပ်ကို ဖြိုခွဲပစ်ပါ့မယ်"

ဝူးလောက်ရှုပြုံးလိုက်သည်။

"ကောင်းတယ်၊ နဂါးခံတပ်ကို ဖြိုခွဲနိုင်ပြီဆိုတာနဲ့ မန်ချူးခေါင်းဆောင်တွေက ငါ့ကို မြို့စားကြီးရာထူးအထိ ချီးမြှင့်လိမ့်မယ်၊ ဒါကြောင့် မင်းက နဂါးခံတပ်ကို ဖြိုခွဲတဲ့ကိစ္စ မဖြစ်မနေ အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ဆောင်ရွက်ရလိမ့်မယ်"

စုစန်းက ...

"စိတ်ချပါ ... နဂါးခံတပ်ကိုချေမှုန်းပစ်ပါ့မယ်လို့ ကတိပေးပါတယ်ဗျာ"

"ဟား ဟား ဟား"

ဝူးလောက်ရှု ကျေနပ်စွာ ရယ်မောလိုက်လေသည်။

❏

စုစန်းက နဂါးခံတပ်ကို ချေမှုန်းပစ်ပါမည်ဟု ကတိပေးလိုက်လေသည်။

စုစန်း ကတိအတိုင်း မဖြစ်မနေကြိုးစားဆောင်ရွက်လိမ့်မည်ဟု ဝူးလောက်ရှု ယုံကြည်ထားလေသည်။

ထို့ကြောင့် နဂါးခံတပ်ပျက်စီးသွားပြီဟု ယုံကြည်ထားလိုက်လေသည်။

နဂါးခံတပ်ကိုချေမှုန်းနိုင်ခဲ့မည်ဆိုပါလျှင် မန်ချူးများက မြို့စားကြီးရာထူးပေးအပ်ချီးမြှင့်လိမ့်မည်ဖြစ်လေသည်။

ဝူးလောက်ရှုသည် ဂိုဏ်းချုပ်ကြီးတစ်ယောက်ထက်ပို၍



အရှိန်အဝါကြီးမားသော မန်ချူးတို့ပေးအပ်သည့် မြို့စားရာထူးကို မက်မောမိလေသည်။

နဂါးခံတပ်အား အမြန်ဆုံးချေမှုန်းပစ်ရန် စုစန်းကို လော်ဆော်ခဲ့လေသည်။

စုစန်းလည်း အမြန်ဆုံးလှုပ်ရှားရတော့သည်။

နာမည်ကျော်နဂါးခံတပ်ကို ချေမှုန်းဖို့ လွယ်ကူမည်မဟုတ်သည်ကို စုစန်း ကောင်းစွာ သဘောပေါက်ထားသည်။

နဂါးခံတပ်အကြောင်းကို သိရဖို့ ကြိုတင်စုံစမ်းထားမှဖြစ်မည်ဟုလည်း နားလည်ထားလေသည်။

စုစန်းသည် ဝူးလောက်ရှုကို ခွင့်တောင်းကာ နဂါးခံတပ်သို့ ခရီးထွက်လာခဲ့ရလေသည်။

နဂါးခံတပ်သို့ ချက်ချင်းမပြုသေးဘဲ အနီးပတ်ဝန်းကျင်၌ သတင်းစုံစမ်းခဲ့လေသည်။ ဤတွင် ...

"နဂါးခံတပ်က လူတွေ ထွက်ခွာသွားကြတာကြာပြီ၊ တစ်ယောက်မှမရှိတော့ဘူး"

"သူတို့ ဘယ်ကိုထွက်သွားတာလဲ"

"မသိဘူး အရပ်လေးမျက်နှာကိုထွက်သွားကြတာ"

နဂါးခံတပ်အကြောင်း သတင်းရရှိလိုက်လေသည်။ စုစန်း အံ့ဩထိတ်လန့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဘယ်ကိုထွက်သွားကြတာလဲ"

တိတိကျကျသိရနိုင်အောင် နဂါးခံတပ်သို့သွားရောက်စုံစမ်းလိုက်လေသည်။

သတင်းကြားခဲ့ရသည့်အတိုင်း နဂါးခံတပ်မှ လူများထွက်ခွာသွားကြပြီး ခံတပ်၌ လူသူတစ်စုံတစ်ယောက်မှ မရှိတော့ကြောင်း တွေ့လိုက်ရလေတော့သည်။

❑ ❑ ❑



## ချန်ကျန်းသိုင်းသုံးဖော်

ချန်ကျန်းသိုင်းသုံးဖော်သည် ယခင်က ချန်ကျန်းမြစ်ရိုးတစ်လျှောက်၌ ထင်ရှားကျော်ကြားခဲ့သော သိုင်းသမားများဖြစ်လေသည်။

ချန်ကျန်းသုံးဖော်သည် မကောင်းသူပယ်၊ ကောင်းသူကယ် အဖြူရောင်သိုင်းသမားများလည်း ဖြစ်လေသည်။

သိုင်းသုံးဖော်ကြောင့် ချန်ကျန်းမြစ်ရိုးတစ်လျှောက်၌ လူဆိုးဓားပြများ သောင်းကျန်းခြင်းမရှိဘဲ အေးချမ်းသာယာခဲ့လေသည်။

သို့သော် ... တိုင်းတစ်ပါးသား မန်ချူးများကျူးကျော် လာကြသောအခါ နယ်ချဲ့တို့၏သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် ဒုစရိုက်သမားများ အနက်ရောင်သိုင်းသမားများ ပြန်လည်ခေါင်းထောင်လာကြလေသည်။

မန်ချူးတို့၏ အားပေးအားမြှောက်ပြုခြင်းဖြင့် ထင်ရာစိုင်းလာကြလေသည်။

ချန်ကျန်း သိုင်းသုံးဖော်က နှိမ်နင်းဖို့ကြိုးစားကြလေသော

www.burmeseclassic.com

www.burmeseclassic.com



အခါ ဒုစရိုက်သမားများနှင့်သာမက မန်ချူးနယ်ချဲ့များနှင့် ထိပ်တိုက်ရင်ဆိုင်လာရတော့သည်။

ချန်ကျန်းသိုင်းသုံးဖော်မှာ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရတော့သည်။

သူခိုးက လူဟစ်ဆိုသကဲ့သို့ လူဆိုးဓားပြများက လူကောင်းဖြစ်ကာ ချန်ကျန်းသုံးဖော်မှာ လူဆိုးများဟုသတ်မှတ်ခံရတော့သည်။

သိုင်းသုံးဖော်သည် ချန်ကျန်းမြစ်ရိုးတစ်လျှောက်၌ ဆက်လက်နေထိုင်၍မဖြစ်တော့သဖြင့် စွန့်ခွာရှောင်ထွက်လာခဲ့ကြသည်။

ချန်ကျန်းသိုင်းသုံးဖော်သည် ဝေးရာသို့ထွက်လာခဲ့ကြရင်း အေးချမ်းသာယာနေသော ကင်းတိတ်မြို့လေးသို့ ရောက်ရှိလာကြသည်။

သူတို့သည် ကင်းတိတ်မြို့လေးကို သဘောကျသွားပြီး အခြေချနေထိုင်ရန် ဆုံးဖြတ်လိုက်ကြလေတော့သည်။

❑

ချန်ကျန်းသိုင်းသုံးဖော် ကင်းတိတ်မြို့လေး၌ အခြေချနေထိုင်ခဲ့ကြသည်မှာ သုံးနှစ်ခန့်ရှိသွားပြီဖြစ်သည်။



သူတို့သည် သိုင်းသမားများအသွင်ဖြင့် နေထိုင်ခြင်းမပြုကြဘဲ ကုန်သည်ပွဲစားများအသွင်ဖြင့် လျှို့ဝှက်စွာ နေထိုင်ခဲ့ကြသည်။

ကင်းတိတ်တစ်မြို့လုံးကလည်း သူတို့အား ရိုးရိုးသားသား စီးပွားရှာကာ အေးအေးချမ်းချမ်းနေထိုင်ကြသည့် လူကြီးလူကောင်းများဟု သတ်မှတ်လက်ခံကာ ရင်းရင်းနှီးနှီး ဆက်ဆံကြလေသည်။

ချန်ကျန်းသိုင်းသုံးဖော်ကလည်း မြို့သူမြို့သားများ၏ သာရေးနာရေး လူမှုရေး၊ စီးပွားရေးကိစ္စများတွင် ရှေ့တန်းမှပါဝင်ခဲ့ကြသည်။

သို့ဖြင့် ... မန်ချူးများက ဂူးလောက်ရှအား ကင်းတိတ်မြို့စားရာထူးပေးအပ်လိုက်သောအခါ ဂူးလောက်ရှက မြို့စားကြီးတစ်ဦးအဖြစ် ကင်းတိတ်မြို့သို့ရောက်ရှိလာသောအခါ ချန်ကျန်းသိုင်းသုံးဖော်၏ အေးချမ်းငြိမ်သက်နေသောဘဝလေး ကြေမွပျက်စီးသွားခဲ့ရပြန်လေတော့သည်။

❑

ဂူးလောက်ရှသည် ကင်းတိတ်မြို့သို့ နောက်လိုက် အခြွေအရံများဖြင့် ရောက်ရှိလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသကဲ့သို့ … အများပြည်သူ အပန်းဖြေအနားယူရာ ပန်းဥယျာဉ်တော်ကြီးကို သိမ်းပိုက်လိုက်လေသည်။

ဥယျာဉ်တော်ကြီးအတွင်းရှိ ရဲတိုက်ကြီးကို ပြုပြင်မွမ်းမံ ကာ မြို့စားဂေဟာအဖြစ် ပြောင်းလဲလိုက်သည်။

ဥယျာဉ်တော်ကြီးနှင့် ထုထည်ကြီးမားခိုင်ခံ့ကာ ခမ်းနားထည်ဝါလှသော ရဲတိုက်ကြီးမှာ ယခင်က ဘုရင်မင်းမြတ်တိုင်းခန်းလှည့်လည်လျှင် ကင်းတိတ်မြို့သို့ရောက်လာသောအခါ အနားယူရန် စံနန်းတော်ဖြစ်ခဲ့ပေသည်။

နောက်ပိုင်းတွင် ဘုရင်မြင်းမြတ်က အသုံးမပြုတော့သဖြင့် အများပြည်သူအပန်းဖြေအနားယူရန် ပန်းဥယျာဉ်အဖြစ် ပြောင်းလဲထားခြင်းဖြစ်သည်။

ဂူးလောက်ရှုရောက်လာပြီးနောက် ဥယျာဉ်တော်အတွင်း၌ အနားယူအပန်းဖြေသူများ ဆော့ကစားနေကြသော ကလေးငယ်များအစား လက်နက်ကိုယ်စီဆွဲကိုင်ထားသော အစောင့်အကြပ်များကို တွေ့မြင်ရမည်ဖြစ်လေသည်။

ဥယျာဉ်တော်အနီးတစ်ဝိုက်သို့ ရောက်သွားသူတိုင်း ခေါ်ယူစစ်ဆေးခံရမည်ဖြစ်လေသည်။ ဂူးလောက်ရှုသည် ကင်းတိတ်မြို့သို့ ရောက်လာပြီး နောက်တစ်နေ့မှာပင် စုစန်းကိုခေါ်ကာ တာဝန်



ပေးအပ်ခဲ့လေသည်။

ဂူးလောက်ရှုက မြို့စားကြီးတစ်ယောက်ဖြစ်လာပြီး ချမ်းသာကြွယ်ဝသည့်အပြင် ဩဇာတိက္ကမကြီးမားသူတစ်ဦးအဖြစ် တိုးတက်ပြောင်းလဲလာခဲ့သော်လည်း စုစန်းမှာ ဂူးလောက်ရှုအမိန့်ပေးသမျှ လိုက်နာကာ တာဝန်ထမ်းဆောင်ရသူဘဝမှ ပြောင်းလဲသွားခြင်း မရှိသေးပါချေ။

ဂူးလောက်ရှုက စုစန်းအား မေးလိုက်သည်။

"ကင်းတိတ်မြို့ကို မင်း ဘယ်လိုမြင်သလဲ ပြောစမ်းပါဦး"

စုစန်းက …

"အေးချမ်းသာယာပြီး နေချင်စရာကောင်းတဲ့ မြို့တစ်မြို့ပါပဲ၊ ဝေးလံတဲ့အရပ်မှာရှိနေမယ်ဆိုပေမယ့် စီးပွားရေးလုပ်ငန်းတွေဖြစ်ထွန်းအောင်မြင်ပြီး လူတိုင်းလိုလို ချောင်ချောင်လည်လည်ရှိကြတာကို တွေ့ရပါမယ်ခင်ဗျာ"

ဂူးလောက်ရှု ပြုံးလိုက်သည်။

"ဒါပေါ့ လယ်ယာကိုင်းကျွန်းလုပ်ငန်းတွေ၊ တံငါလုပ်ငန်းတွေနဲ့ တခြားစီးပွားရေးလုပ်ငန်းတွေ ဖြစ်ထွန်းအောင်မြင်နေတာ အမှန်ပဲ၊ ကျုပ်က သည်ကိုရောက်လာပြီဆိုတော့ သူတို့ပိုင်ဆိုင်သမျှပစ္စည်းဥစ္စာတွေဟာ ကျုပ်အတွက်ပဲ ဖြစ်ရတော့မှာပေါ့လေ"

စုစန်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မြို့စားကြီးက သူတို့ရဲ့ပစ္စည်းဥစ္စာတွေကို သိမ်းပိုက်မလို့လားဗျာ"

ဂူးလောက်ရှ ခေါင်းခါယမ်းလိုက်လေသည်။

"မလိုပါဘူးကွ၊ တစ်မြို့လုံးက ပစ္စည်းတွေ သိမ်းပိုက်လိုက်ရင် ထားစရာနေရာတောင်ရှိမှာ မဟုတ်ဘူး၊ ပြီးတော့ ထိန်းသိမ်းစောင့်ရှောက်ရတာ အလုပ်ရှုပ်ဦးမယ်၊ သူတို့အိမ်မှာပဲ သူတို့ပစ္စည်းတွေထားပြီး ကျုပ်လိုချင်တဲ့အချိန် ယူလိုက်ရင် ပြီးတာပဲမဟုတ်လား"

ပြောပြီး ရယ်မောလိုက်လေသည်။

စုစန်း သက်ပြင်းချလိုက်သည်။

ဂူးလောက်ရှသည် ကင်းတိတ်မြို့မှလူများ၏ အသက်အိုးအိမ် စည်းစိမ်ဟူသမျှကို လိုချင်သည့်အခါ အချိန်မရွေးသိမ်းပိုက်ယူနိုင်သည် မဟုတ်ပါလား။

ဂူးလောက်ရှက ...

"မန်ချူးတွေက စီးပွားရေးလုပ်ငန်းတွေကောင်းပြီး ချမ်းသာကြွယ်ဝတဲ့ သည်မြို့ကို ဘာကြောင့်များ ကျုပ်ကို အပိုင်ပေးလိုက်သလဲဆိုတာ မင်း တွေးမိသလား"

"မြို့စားကြီးက သူတို့အကျိုးကိုဆောင်ရွက်ပေးနိုင်ခဲ့လို့ ချီးမြှင့်မြှောက်စားခဲ့တာပါ ခင်ဗျာ"

"ဒါပဲလား ..."



"မကသေးပါဘူး"

"ပြောစမ်းပါဦး"

စုစန်းက တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်။

"အပြင်ပန်းကကြည့်ရင်း အေးချမ်းသာယာနေမယ် ထင်ရပေမယ့် ထဲထဲဝင်ဝင်ကြည့်မယ်ဆိုရင်တော့ မျိုးချစ်သိုင်းသမားတချို့ဟာ သည်နေရာမှာလာပြီး ဓာတ်မြှုပ်ခိုအောင်းနေကြတာကို တွေ့ရပါလိမ့်မယ်၊ မျိုးချစ်သိုင်းသမားတွေရဲ့ ခြေကုပ်စခန်းလို ဖြစ်နေတာကြောင့် ဖော်ထုတ်ချေမှုန်းဖို့ မြို့စားကြီးကိုတာဝန်ပေးလိုက်တာလို့ ယူဆမိပါမယ်"

"ဟား ဟား ဟား"

ဂူးလောက်ရှဟားတိုက်ရယ်မောလိုက်လေသည်။

"မင်း မဆိုးဘူး၊ သည်မြို့ကို ကျုပ်ခြေချလိုက်တာနဲ့ လူသုံးယောက်ရဲ့သတင်းကိုကြားလိုက်မိတယ်၊ သည်လူတွေဟာ အန္တရာယ်ပေးနိုင်တဲ့ လျှို့ဝှက်သိုင်းသမားတွေပဲ ... သူတို့ဟာ"

"ချန်ကျန် သိုင်းသုံးဖော် မဟုတ်လားဗျ"

စုစန်းက ကြားဖြတ်မေးလိုက်လျှင် ဂူးလောက်ရှက တဟားဟား ရယ်မောလိုက်ပြန်လေတော့သည်။ အတန်ကြာရယ်မောပြီးမှ

"ကျုပ်က သည်ကိုရောက်လာပြီဆိုတော့ သူတို့တစ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနေရမယ်ဆိုတာ သိသွားအောင် အကြောင်းပြလိုက်ရမှာပေါ့"

ချန်ကျန်းသိုင်းသုံးဖော်အား ဆုံးမလိုက်ခြင်းပုံသဏ္ဌာန်မျိုးဖြင့် ဇာတ်မြုပ်နေကြသော မျိုးချစ်သိုင်းသမားများအား သတိပေးရန် ရည်ရွယ်နေကြောင်း စုစန်းရိပ်မိလေသည်။ ဂူးလောက်ရှုက ...

"မင်း တာဝန်ယူနိုင်မယ် မဟုတ်လား"

စုစန်းအားစိုက်ကြည့်ကာ မေးလိုက်လေသည်။ စုစန်း ဦးညွတ်လိုက်သည်။

"ချန်ကျန်းသိုင်းသုံးဖော်ကို ကျုပ်တာဝန်မယူခင် တစ်ခုလောက်ပြောချင်ပါမယ်"

"မင်းက ဘာများပြောချင်လို့လဲ"

"ကျွန်တော်တို့က ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို အများအမြင်မှာ အပြစ်ပြောစရာဖြစ်အောင်လုပ်သလိုဖြစ်နေမယ့်အစား သူတို့ဘက်က စပြီးလှုပ်ရှားလာအောင် ဖန်တီးပေးလိုက်တာက ပိုကောင်းမယ်ထင်ပါတယ်"

ဂူးလောက်ရှုပြုံးလိုက်သည်။

"ကောင်းပြီလေ ... သည်မြို့ရဲ့လုံခြုံရေးနဲ့ ပိုပြီးစည်ပင်တိုးတက်လာအောင်ဆောင်ရွက်မှာမို့ အခွန်အတုတ်တွေကိုတိုးမြှင့်ကောက်ခံရမယ်ဆိုရင်ရော ..."



စုစန်းက ...

"ခဲတစ်လုံးတည်းနဲ့ ငှက်နှစ်ကောင်ထိမှန်စေတဲ့ နည်းကောင်းပါပဲ ... အင်မတန် သင့်လျော်ပါတယ်ခင်ဗျာ"

ဂူးလောက်ရှုက ...

"ဒါဖြင့် အခွန်အတုတ်တွေ တိုးမြှင့်ကောက်ခံဖို့ စီစဉ်လိုက်ပေတော့"

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## အမှိုက်ကစ

လမ်းဆုံလမ်းခွရဲ့ဘေး၌ လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်ရှိလေသည်။ ဆိုင်ရှင်မှာ နှုတ်ခမ်းမွေးကားကားနှင့် လူဝကြီးတစ်ဦးဖြစ်လေသည်။

သူ၏လက်ဖက်ရည်နှင့်မုန့်က အခြားဆိုင်များထက် ပို၍အရသာရှိပြီး ဈေးသက်သာသဖြင့် နေထန်းတစ်ဖျားမမြင့်ခင် ကုန်လေ့ရှိသည်။

နှုတ်ခမ်းမွေးက ဆက်၍ရောင်းချခြင်းမပြုဘဲ ဆိုင်သိမ်းလိုက်လေ့ရှိသည်။ နှုတ်ခမ်းမွေးလက်ဖက်ရည်ဆိုင်မှာ စောစောရောင်း၊ စောစောကုန်၊ စောစောသိမ်းလေ့ရှိသောဆိုင်ဖြစ်သည်။

ယနေ့လည်း နံနက်စောစောအချိန်ကပင် လူစည်ကားနေပြီဖြစ်လေသည်။ ခန္ဓာကိုယ်ပိန်ပိန်ပါပါး ရောဂါဝေဒနာခံစားနေရသည့် လူမမာတစ်ယောက်အသွင်ရှိသည့် မီးခိုးရောင်ဝတ်ထားသူတစ်ယောက်က နှုတ်ခမ်းမွေး လက်ဖက်ရည်ဆိုင်သို့ရောက်လာပြီး လက်ဖက်ရည်နှင့်မုန့်များမှာကြားကာ စားသောက်လိုက်လေသည်။



မကြာပါချေ ...

"ထိကျိုင်း ... ခင်ဗျားက သည်နေ့ တယ်စောပါလား၊ ခါတိုင်း ကျုပ် အရင်ရောက်နေကျပါ၊ သည်နေ့တော့ ဘယ်လိုဖြစ်တာလဲ"

စကားသံနှင့်အတူ အစိမ်းရောင်ဝတ်ထားသူတစ်ယောက် ရောက်ရှိလာလေသည်။ ဝေဒနာရှင်က ...

"ထိယုံ ကျုပ်တစ်ညလုံး အိပ်လို့မပျော်ဘူးဗျ"

ထိယုံဆိုသည့် အစိမ်းရောင်ဝတ်ထားသူက ဝေဒနာရှင် ထိကျိုင်းနှင့် မျက်နှာချင်းဆိုင်ထိုင်ရင်း မေးလိုက်လေသည်။

"ဘာတွေတွေးပြီး အိပ်မပျော်နိုင်အောင်ဖြစ်နေတာလဲ ပြောစမ်းပါဦးဗျ"

ထိကျိုင်းက ...

"အသစ်ပြောင်းလာတဲ့ မြို့စားကြီးအကြောင်းကို တွေးနေတာပါဗျာ"

"မြို့စားကြီးအကြောင်းလား၊ အခွန်အတုတ်တွေတိုးမြှင့်ကောက်ခံမယ်ဆိုတဲ့ အမိန့်ကြော်ငြာစာအကြောင်းလား"

"နှစ်ခုစလုံးပေါ့ဗျာ"

ထိယုံသက်ပြင်းချလိုက်လေသည်။

"အေးဗျာ ... အခွန်အတုတ်တွေကို တိုးမြှင့်ကောက်ခံမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ ရင်လေးစရာပဲဗျ”

“သူက မတရားကောက်ခံတာပဲဗျ”

“တစ်မြို့လုံး သည်အကြောင်းပဲ ပြောနေပြီး ပွက်လောရိုက်နေတာ”

“အင်း ... ဂူးလောက်ရှုက ရောက်လာတာနဲ့ အားလုံးကို ဒုက္ခပေးတော့တာပဲ”

ထိုစကားပြောလိုက်သူကား ဆိုင်ရှင်နှုတ်ခမ်းမွေးဖြစ်လေသည်။ နှုတ်ခမ်းမွေးသည် ထိကျိုင်း၊ ထိယုံတို့နှင့်အတူ ဝင်ထိုင်လိုက်သည်။

ထိယုံက ...

“နောင်ကြီးထိခိုင် အခုရောက်လာတဲ့ မြို့စားဟာ ရှောင်လင်ကျောင်းကို မီးလောင်တိုက်သွင်းခဲ့တဲ့ သွေးစကြာဂိုဏ်း ဂူးလောက်ရှုဟုတ်လား”

နှုတ်ခမ်းမွေး၏ငယ်နာမည်ရင်းမှာ ထိခိုင်ဖြစ်လေသည်။ ထိခိုင်၊ ထိကျိုင်းနှင့်ထိယုံတို့မှာ ချန်ကျန်းသိုင်းသမားသုံးယောက်ဖြစ်လေသည်။

သိုင်းလောကအား ဂူးလောက်ရှု၏ သွေးစကြာဂိုဏ်းက အ ကြီးအကျယ်ဒုက္ခပေးခဲ့ပြီး နောက်ဆုံး ရှောင်လင်ကျောင်းကိုပင် မီ ရှို့ဖျက်ဆီးခဲ့လေသည်။



ထိုကိစ္စသည် သိုင်းလောကတစ်ခုလုံး ဂယက်ရိုက်ခတ်ခဲ့လေသည်။ သိုင်းသမားများ၊ သိုင်းအဖွဲ့များသည် ရှောင်လင်ကျောင်း ဖျက်ဆီးခံလိုက်ရပြီးနောက် သိုင်းလောကမှဓာတ်မြုပ်သွားကြသည် မဟုတ်ပါလား။

ထိခိုင်က ...

“သေချာတာပေါ့ဗျာ၊ မန်ချူးတွေက သူကို ချီးမြှင့်မြောက်စားမယ်ဆိုပြီး မြို့စားရာထူးပေးလိုက်ပေမယ့် ကင်းတိတ်မြို့ကို လွှတ်လိုက်တာ အကောင်းမဟုတ်ဘူး”

ထိကျိုင်းက ...

“ကင်းတိတ်တစ်ဝိုက်မှာ မျိုးချစ်သိုင်းသမားတွေ ဓာတ်မြုပ်နေတယ်ဆိုတာကို သိထားပြီး ဂူးလောက်ရှုနဲ့ထိပ်တိုက်တွေ့ပေးလိုက်တဲ့သဘော မဟုတ်လား ဗျ”

“ဒါပေါ့ ... ဂူးလောက်ရှု ကင်းတိတ်ကိုရောက်လာတာနဲ့ မျိုးချစ်သိုင်းသမားတွေနဲ့ ထိပ်တိုက်တွေ့တော့မှာပဲလေ”

နယ်ချဲ့တို့က ပရိယာယသုံးကာ ဂူးလောက်ရှုနှင့် မျိုးချစ်သိုင်းသမားများထိပ်တိုက်တွေ့အောင် ဖန်တီးလိုက်ခြင်းဖြစ်လေသည်။

ထိကျိုင်းက ...

“ဂူးလောက်ရှုက အကျင့်မကောင်းတဲ့ အဓမ္မသမားကြီးပဲ၊

www.burmeseclassic.com

www.burmeseclassic.com



သူရောက်လာတာနဲ့ ကင်းတိတ်ကို ဖြိုဖျက်မွှေတော့တယ်၊ ဖာတ်မြှုပ်နေတဲ့ မျိုးချစ်သိုင်းသမားတွေကလည်း လက်ပိုက်ကြည့်နေကြမှာ မဟုတ်ဘူး၊ ထိပ်တိုက်တွေ့ပြီး အားလုံးပျက်စီးကုန်ကြလိမ့်မယ်လို့ မန်ချူးတွေက မျှော်လင့်ထားကြတာ"

ထိခိုင်က ...

"ဝူးလောက်ရှုက ခြေလှမ်းစလိုက်ပြီ၊ ကျုပ်တို့လည်း ခံပြင်းနေကြပြီ၊ မန်ချူးတွေစီစဉ်ထားတဲ့အတိုင်း ဖြစ်လာတာပဲလေ"

ထိကျိုင်းက မေးသည်။

"သူတို့ထောင်ချောက်ထဲကို မဝင်ချင်ရင် ဝူးလောက်ရှု လုပ်သမျှကို ခေါင်းငုံခံနေကြရတော့မှာပဲ"

ထိယုံက ...

"ခင်ဗျား နေနိုင်လို့လား"

"ခင်ဗျားရော"

ထိကျိုင်းက ပြန်မေးလိုက်သည်။ ထိယုံ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တော့ မနေနိုင်ဘူး၊ ထောင်ချောက်ပဲဖြစ်ဖြစ်၊ ပရိယာယ်ပဲဖြစ်ဖြစ် ဘာကိုမှဂရုမစိုက်ဘူး၊ အခွင့်အရေးရတာနဲ့ ဝူးလောက်ရှုကို ရှင်းပစ်ရမှာပဲဗျ"

ထိခိုင် ရယ်မောလိုက်သည်။



"ကျုပ်လည်း အတူတူပါပဲဗျာ"

ထိကျိုင်းက ...

"ဒါဖြင့် ဝူးလောက်ရှုဆီကို သွားကြတာပေါ့"

ထိယုံ လက်ကာပြလိုက်လေသည်။

"ခဏနေပါဦးဗျာ ... ကျုပ်တို့ အလောတကြီးလုပ်မိမှ သူတို့ထောင်ချောက်ထဲဝင်မိမှာ၊ အခြေအနေကို တစ်ခဏလောက်စောင့်ကြည့်တာက ပိုကောင်းမယ်ထင်တယ်"

အချိန်မီသတိပေးစကားပြောလိုက်လေသည်။ အတွေ့အကြုံရှိသော ထိကျိုင်းနှင့်ထိခိုင်တို့က လက်ခံလိုက်ကြလေသည်။

"ဟုတ်တယ် ... ခဏလောက်တော့ စောင့်ကြည့်ရမယ်"

"အင်းလေ ... အချိန်ယူစဉ်းစားပြီး လုပ်ကိုင်ဆောင်ရွက်တာ မမှားပါဘူး"

ထို့နောက် ထိယုံနှင့်ထိကျိုင်းတို့က လက်ဖက်ရည်ဆိုင်မှ ပြန်သွားကြလေသည်။ ထိခိုင်လည်း ဆိုင်သိမ်းလိုက်လေတော့သည်။

❑

ဝူးလောက်ရှုရောက်လာပြီးနောက် ကင်းတိတ်မြို့တွင် နေ့

www.burmeseclassic.com

www.burmeseclassic.com



စဉ်လိုလို အမိန့်ကြော်ငြာစာများ ထွက်ပေါ်လာလေသည်။ အ ကြောင်းအမျိုးမျိုးဖြင့် အခွန်အတုတ်များပေးဆောင်ရန် သတိပေး ကြော်ငြာစာများဖြစ်လေသည်။ အခွန်ပေးဖို့ ပျက်ကွက်ပါက ကြီး လေးသောအပြစ်ဒဏ် ခံရမည်ဖြစ်ကြောင်း သတိပေးချက်များလည်း ထည့်သွင်းထားလေသည်။

ဂူးလောက်ရှက တစ်နေ့တခြား ပိုပြီးအတင့်ရဲလာသည်။ ကြိုးဖြင့် တစ်ရစ်ပြီးတစ်ရက် တုတ်နှောင်သကဲ့သို့ အခွန်အတုတ်များ ကို တိုးမြှင့်ကောက်ခံလာရာ တစ်မြို့လုံး ပွက်လောရိုက်လာလေ တော့သည်။ မကျေမနပ်ပြောဆိုသံများကို နေရာအနှံ့ကြားနေရ သည်။ အခွန်မပေးဘဲ ငြင်းဆန်သူများရှိလာသည်။ အခြေအနေ ရှုပ် ထွေးတင်းမာလာလေသည်။

အမှန်တော့ မြို့စားကြီးဂူးလောက်ရှနှင့်စုစန်းတို့ လိုချင် သည့်အနေအထားသို့ရောက်ရှိလာခြင်းဖြစ်လေသည်။ ဂူးလောက်ရှ က အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးနောက်

"လုအပ်သလို အရေးယူဆောင်ရွက်ဖို့ အချိန်ကျပြီ"

ဟု စုစန်းအား ပြောလိုက်လေသည်။ ဤတွင် ဖမ်းဆီးမှု၊ နှိပ်စက်ညှဉ်းပန်းမှုနှင့် ပစ္စည်းများသိမ်းယူသောဖြစ်ရပ်များ အတော မသတ် ပေါ်ပေါက်လာလေတော့သည်။

❑ ❑ ❑



## ပြာသဒ်မီးလောင်

ထိကျိုင်းက ထုံးစံအတိုင်း နှုတ်ခမ်းမွေးထိခိုင်၏ လက်ဖက် ရည်ဆိုင်လေးသို့ ထွက်လာခဲ့လေသည်။

ယင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့ရင်း တစ်နေရာသို့ အရောက်တွင် ဆူဆူညံညံအသံများ ထွက်ပေါ်လာသဖြင့် အကဲခတ် လိုက်ရာ မြို့စားဂူးလောက်ရှ၏လူများက အိမ်တစ်အိမ်မှပစ္စည်းများ သိမ်းယူကြသဖြင့် အိမ်ရှင်ဇနီးမောင်နှံက လက်မခံဘဲ ပြဿနာဖြစ် ပေါ်နေသည်ကိုတွေ့လိုက်ရ လေသည်။

ထိကျိုင်း ကြည့်နေစဉ်မှာပင် ...

"သေချင်နေပြီ ထင်တယ်"

"ချကွာ"

မြို့စားဂေဟာမှ သိုင်းသမားများသည် အိမ်ရှင်ဇနီးမောင် နှံအား ဝိုင်းပြီးထိပ်ပေါက်ခေါင်းကွဲ ခြေကျိုး၊ လက်ကျိုးဖြစ်အောင် ဝိုင်းပြီးရိုက်နှက်နှိပ်စက်ကြလေတော့သည်။

ထို့နောက် ပစ္စည်းများသိမ်းဆည်းသည့်အပြင် အိမ်ကိုချိပ်

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ကာ အိမ်ရှင်ဇနီးမောင်နှံကိုလည်း ကြိုးများဖြင့်တုပ်ပြီး ဖမ်းဆီးခေါ်ဆောင်သွားကြလေတော့သည်။

ထိကျိုင်း စိတ်မကောင်းဖြစ်သွားလေသည်။

"ရက်စက်လိုက်ကြတာ"

မြို့စားဂေဟာမှ သိုင်းသမားများအား ဝင်ရောက်ဆုံးမခြင်း မပြုမိရလေအောင် စိတ်ကိုမနည်းထိန်းချုပ်ရင်း နှုတ်ခမ်းမွေး ထိနိုင်၏ လက်ဖက်ရည်ဆိုင်သို့ ဆက်လက်ထွက်လာခဲ့လေသည်။

လက်ဖက်ရည်ဆိုင်ဖွင့်သောနေရာသို့ ရောက်သွားသောအခါ ယနေ့မဖွင့်ဘဲ ဆိုင်ပိတ်ထားသည်ကို တွေ့လိုက်ရလေသည်။

"သည်ကနေ့ ဆိုင်မဖွင့်ပါလား၊ ထိနိုင် ဘာများဖြစ်လို့လဲ"

ထိကျိုင်းက ထိနိုင်၏နေအိမ်သို့လိုက်သွားလိုက်လေသည်။ ထိနိုင်၏နေအိမ်သို့ရောက်သွားသောအခါ ထိယုံလည်း ရောက်နေသည်ကိုတွေ့ရလေသည်။

ထိကျိုင်းက ...

"ထိနိုင် ... ခင်ဗျား နေမကောင်းလို့ ဆိုင်မဖွင့်ဘူးထင်ပြီး လိုက်လာတာ"

ထိနိုင်က ...

"လူက နေကောင်းပါတယ်ဗျာ ... စိတ်ကသာ"

ဝူးလောက်ရှု၏လုပ်ရပ်များကြောင့် စိတ်မကောင်းဖြစ်နေ



ကြောင်း ထင်ရှားနေလေသည်။ ထိနိုင် စကားဆက်လိုက်သည်။

"ကျုပ်ရဲ့ လမ်းဘေးလက်ဖက်ရည်ဆိုင်လေးကိုတောင် သူတို့က အခွန်ကောက်ကြတာ၊ ကျုပ်မပေးဘဲနေတော့ ပစ္စည်းတွေသိမ်းသွားတယ်၊ ဆိုင်မဖွင့်ရတော့ဘူးပေါ့ဗျာ"

ထိကျိုင်းက ...

"ကျုပ်တို့ လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူးထင်တယ်"

ထိယုံ ပြုံးလိုက်သည်။

"ခင်ဗျားပြောတာတောင် နောက်ကျနေပြီ"

ထိကျိုင်း မျက်မှောင်ကုတ်သွားသည်။

"ခင်ဗျားတို့က"

ထိယုံက ...

"ဝူးလောက်ရှုက အခွန်မပေးလို့ဆိုပြီး ပစ္စည်းတွေ အဓမ္မသိမ်းတာကို လက်မခံတဲ့လူတစ်ယောက်က ခုခံခဲ့တယ်လေ၊ သူ့ကို ဖမ်းဆီးနှိပ်စက်ပြီး ကွပ်မျက်လို့ သုသာန်ကိုထုတ်သွားတာ၊ ကျုပ်တို့က ဝူးလောက်ရှုရဲ့ သိုင်းသမားတွေကို ဆုံးမပြီး အဲသည်လူတွေကိုလွှတ်ပေးလိုက်မယ်လေ"

"ဘယ်တုန်းကလဲ"

"သည်မနက် အရုဏ်တက်အချိန်ကပေါ့ဗျာ"

"ကောင်းတယ် ... ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိကျိုင်းသဘောကျကာ လက်ခုပ်လက်ဝါးတီး၍ရယ်မော လိုက်လေတော့သည်။

မြို့စားဝူးလောက်ရှုနှင့် ထိပ်တိုက်ရင်ဆိုင်ဖို့ အစပျိုးလိုက်ပြီ ဖြစ်လေသည်။ ထိုစဉ် ...

"သိပ်မကောင်းဘူးဗျ"

အေးတိအေးစက်စကားသံ ထွက်ပေါ်လာလေသည်။ ထိခိုင်တို့ကြည့်လိုက်ရာ လူတစ်ယောက်ရောက်လာသည်ကို တွေ့လိုက်ရလေတော့သည်။

❑

စာပေသမားအသွင် ဝတ်ဆင်ထားသည့် လူရွယ်တစ်ဦးသည် ယပ်တောင်တစ်ချောင်းကို တဖျပ်ဖျပ်ယပ်ကာ အိမ်ထဲလှမ်းဝင်လာလေသည်။

ထိုလူကား မြို့စားကြီးဝူးလောက်ရှု၏လက်ရုံး စုစန်းဖြစ်လေသည်။

သိုင်းလောကသားများအား ဒုက္ခပေးရာတွင် စုစန်းသည် ကဗျာဆရာလူသတ်သမားဟုပင် သတင်းကြီးခဲ့သည်မဟုတ်ပါလား။



ထိယုံ၊ ထိကျိုင်းနှင့်ထိခိုင်တို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။ သုံးယောက်သား ထိုင်ရာမှထကာ လူချင်းခွဲလိုက်ကြသည်။

စုစန်းအား မသိမသာဝိုင်း၍ထားလိုက်ကြခြင်းဖြစ်သည်။ စုစန်းက ဘာမှမရိပ်မိသည့်အလား ယပ်တောင်တဖျပ်ဖျပ်ခတ်ရင်း

"ချန်ကျန်းသိုင်းသုံးဖော်က သည်လိုနေရာမျိုးမှာ လာပြီး ပုန်းအောင်းနေလိမ့်မယ်လို့ ဘယ်သူကမှ မျှော်လင့်ကြမှာ မဟုတ်ပါဘူးဗျာ"

ဟုပြောလေသည်။ ထိကျိုင်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်တို့ရှိနေတဲ့နေရာကို မင်းတို့ရောက်လာခဲ့တာ ကံဆိုးမယ် မထင်မိဘူးလား"

စုစန်း ခေါင်းခါယမ်းလိုက်သည်။

"မထင်မိပါဘူးဗျာ ... ဒါဟာ မြို့စားကြီးဂုဏ်သိက္ခာတက်လာအောင် ကံကြမ္မာကဖန်တီးပေးလိုက်တာပဲလို့ ယူဆမိပါမယ်"

ထိခိုင် ရယ်မောလိုက်သည်။

"မြို့စားကြီးဂုဏ်သိက္ခာတက်လာမှာတော့ မဟုတ်ဘူး ... သင်္ချိုင်းကုန်းကိုရောက်သွားမှာတော့ သေချာမယ်"

စုစန်းက ...

"မြို့စားကြီးဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ ခင်ဗျားတို့

www.burmeseclassic.com

www.burmeseclassic.com



သိကြမှာပါ၊ ကဲ ... ကျုပ်နောက်ကို အေးအေးဆေးဆေးလိုက်ခဲ့ပါ"

ထိခိုင်က ...

"ကျုပ်တို့ ဘာကြောင့်လိုက်ခဲ့ရမယ်ဆိုတာ မင်းပြောဦးမှပေါ့"

စုစန်းက ...

"ခင်ဗျားတို့ဟာ မြို့စားကြီးနဲ့ မန်ချူးသခင်ကြီးတွေကို ဒုက္ခပေးဖို့ ကြံစည်တဲ့အပြစ်ရှိနေပြီ"

မန်ချူးသခင်ကြီးများဟူသောစကားကြောင့် ထိခိုင်တို့ ဟန်မဆောင်နိုင်တော့ဘဲ ဒေါသအိုးပေါက်ကွဲသွားကြလေတော့သည်။

"တောက် ... မန်ချူးနောက်လိုက်ခွေးတွေကများ ရာရာစစ"

"ကိုယ့်အမျိုးသားအချင်းချင်းနှိပ်စက်ညှဉ်းပန်းနေတဲ့ လူယုတ်မာတွေ""

"သေလိုက်စမ်း"

သုံးယောက်သားလက်တွဲကာ စုစန်းအားတိုက်ခိုက်လိုက်ကြလေတော့သည်။

❑



ထိကျိုင်း၊ ထိခိုင်၊ ထိယုံတို့ ချန်းကျန်းသိုင်းသုံးဖော်သည် စုစန်းအား သုံးမရှန့်လက်တွဲကာ ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်ကြလေသည်။

'ဟူး'

အဝတ်အစားလေတိုးသံ ထွက်ပေါ်လာသည်။ စုစန်းသည် ထိကျိုင်းတို့၏မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

"ဟင်"

ထိကျိုင်းတို့ ရင်ထိတ်သွားကြလေသည်။ စုစန်းအား လိုက်ရှာကြည့်လိုက်ကြ၏။

"ကျုပ်ကို ရှာနေကြတာလားဗျာ"

အပေါ်ဘက်မှ စကားသံထွက်ပေါ်လာသဖြင့် ထိကျိုင်းတို့ ခေါင်းမော့ကြည့်လိုက်ရာ စုစန်းက ထုတ်တန်းပေါ်၌ ခြေတွဲလောင်းချကာ ထိုင်ရင်းယပ်တောင်တဖျပ်ဖျပ်ခတ်နေသည်ကို တွေ့ရလေသည်။

ထိယုံတို့အချင်းချင်းကြည့်လိုက်ကြသည်။ ထို့နောက် ...

"ယား"

ဗြာသံပေးကာ အပေါ်ခုန်တက်လိုက်ကြလေသည်။ စုစန်းကို အိမ်အပြင်အထွက်မခံဘဲ အိမ်ထဲမှာပင် သုတ်သင်ရှင်းလင်းပစ်

www.burmeseclassic.com

www.burmeseclassic.com



ရန် သူတို့ဆုံးဖြတ်ထားပြီးကြပြီဖြစ်လေသည်။

သုံးယောက်သည် အပေးသို့ရောက်သွားကြသောအခါ စုစန်းကိုမတွေ့ရတော့ပါ။ စုစန်းက အောက်ဘက်ကြမ်းပြင်ပေါ်၌ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်ကိုတွေ့ရလေသည်။

"တောက်"

"သည်ကောင့်ကို မလွှတ်စေနဲ့"

ထိယုံတို့သုံးယောက် ဒေါသထွက်ကာ အောက်ဘက်သို့ ပြန်လည်ဆင်းလိုက်ကြလေသည်။

သုံးယောက်သား အောက်ဘက်ရောက်သွားချိန်၌ စုစန်းက ထိုင်ခုံတစ်လုံးပေါ်၌ဟန်ကျပန်ကျ ထိုင်ကာ ယပ်တောင်တဖျပ်ဖျပ်ခတ်နေသည်။

သူ၏ရှေ့တွင် လက်နက်ကိုယ်စီကိုင်ဆောင်ထားသည့် မြို့စားဂေဟာမှ လက်ရွေးစင်သိုင်းသမားများရောက်ရှိနေကြပြီဖြစ်လေသည်။

ထိယုံတို့သုံးယောက် ကြမ်းပြင်ပေါ်ခြေချမိလိုက်သည်နှင့် လက်ရွေးစင်သိုင်းသမားများက ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ရုတ်ခြည်းပင် ပြင်းထန်သောတိုက်ပွဲဖြစ်ပေါ်လာသည်။ ထိယုံတို့ တက်ညီလက်ညီတိုက်ခိုက်လိုက်ကြရာ။

'ဝုန်း'



"အံမလေး"

"သေပါပြီဗျ"

လက်ရွေးစင်သိုင်းသမားများ ဖရိုဖရဲလွင့်စဉ်သွားကြလေတော့သည်။ စုစန်း လက်ပိုက်ကြည့်မနေနိုင်တော့ပါချေ။

'ဟူး'

ထိုင်ရာမှ ခုန်ထလာကာ ယပ်တောင်ကိုအသုံးပြုပြီး ထိယုံတို့သုံးယောက်အား တိုက်ခိုက်လိုက်လေသည်။ ထိယုံတို့သုံးယောက်သည် လက်ရွေးစင်သိုင်းသမားများအား အနိုင်ယူနိုင်လိုက်သဖြင့် ဝမ်းသာမည်ကြံရုံရှိသေးသည် စုစန်းတိုက်ခိုက်လာလေသောကြောင့် ကပျာကယာ ပြန်လည်တိုက်ခိုက်လိုက်ရလေသည်။

သုံးယောက်သား ကြိုဂံပုံသဏ္ဌာန်လူချင်းခွဲကာ နေရာယူပြီး တိုက်ခိုက်လိုက်သည်။ စုစန်းက ယပ်တောင်ကိုင်ထားသောလက်ကို ဆန့်တန်းပြီး ခန္ဓာကိုယ်တစ်ပတ်လှည့်လိုက်လျှင် သူ၏ယပ်တောင်ထိပ်ဖျားသည် ထိယုံတို့၏အမိကကျသော သွေးကြောများကို ပိတ်ပြီးသား ဖြစ်သွားလေသည်။

ထိယုံတို့သုံးယောက်မှာ ညည်းညူရန်ပင် အချိန်မရလိုက်တော့ဘဲ သွေးကြောပိတ်ခံလိုက်ရကာ မလှုပ်မယှက်ဖြစ်သွားကြလေတော့သည်။

"ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



စုစန်း ရယ်မောလိုက်လေသည်။ ကင်းတိတ်မြို့သို့ရောက်လာပြီး ပွဲဦးထွက်အဖြစ် ချန်ကျန်းသိုင်းသုံးဖော်အား အနိုင်ယူလိုက်နိုင်ပြီ မဟုတ်ပါလား။

"သူတို့ကို ခေါ်သွားပေတော့"

စုစန်းက သူ၏လူများအား အမိန့်ပေးလိုက်လေတော့သည်။

❑ ❑ ❑

## မျှော်နေတဲ့လူ

မြို့စားကြီးဂူးလောက်ရှသည် အမိန့်ဖီဆန်သူများအား ပြတ်ပြတ်သားသားအရေးယူဆောင်ရွက်တတ်သူဟု တစ်မြို့လုံးကို အသိပေးကာ စံနမူနာအဖြစ် ချန်ကျန်းသိုင်းသုံးဖော်အား မြို့လယ် လမ်းဆုံလမ်းခွ လူမြင်ကွင်း၌ ကြိုးပေးကွပ်မျက်ခဲ့လေသည်။

ချန်ကျန်းသိုင်းသုံးဖော်အားချစ်ခင်လေးစားကြသော မြို့သူမြို့သားများ ဖြေမဆည်နိုင်အောင် ဖြစ်ရတော့သည်။

မကျေနပ်မှုများနှင့် ခံပြင်းနာကြည်းချက်များ ပြင်းထန်လာလေသည်။

သို့သော် အခွန်အတုတ်မပေးနိုင်သူများ၊ ခုခံသူများကို မြို့စားကြီးဂူးလောက်ရှက ဖမ်းဆီးအရေးယူခြင်း၊ အကျဉ်းချခြင်း၊ ပစ္စည်းများသိမ်းယူခြင်းနှင့် သေဒဏ်ပေးခြင်းများ အတောမသတ် ပြုလုပ်ခဲ့လေသောအခါ ကြာသော် အားလုံးကြောက်ရွံ့လာကြလေတော့သည်။

ဂူးလောက်ရှ၏ဖိစီးနှိပ်စက်မှုအောက်တွင် ပြားပြား

www.burmeseclassic.com

www.burmeseclassic.com



တွားသွားကြတော့သည်။

ဂူးလောက်ရှသည် ကင်းတိတ်မြို့သို့ရောက်ရှိလာပြီး ရက်ပိုင်းလပိုင်းအတွင်းမှာပင် အားလုံးကိုအကြောက်တရားဖြင့် ဖိနှိပ်အုပ်ချုပ်နိုင်ခဲ့လေတော့သည်။

❑

တံခါးမကြီးနှင့် ပြတင်းတံခါးများပိတ်ထားခြင်းကြောင့် အခန်းတွင်း၌ အလင်းရောင်အားနည်းကာ အမှောင်ရိပ်များ ကြီးစိုးနေသည်။

အခန်းအလယ်ရှိ စားပွဲကြီးတစ်လုံး၌ လူဆယ်ယောက် ဝိုင်းဖွဲ့ထိုင်နေကြလေသည်။ စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ မရှိပါ။ အရက်နှင့် ရေနွေးကြမ်းလည်းမရှိပါ။

ဘာဆိုဘာမှမရှိသော စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်နေကြခြင်းဖြစ်လေသည်။ အကယ်၍ စားပွဲပေါ်၌ အရက်နှင့်စားသောက်ဖွယ်ရာများ ရှိနေသည်ဆိုလျှင်လည်း ထိုလူဆယ်ယောက်က စိတ်ဝင်စားကြမည် မဟုတ်ပါချေ။

သူတို့သည် စားသောက်ဖွယ်ရာများထက် ပိုပြီးအရေးကြီး



သော ကိစ္စတစ်ခုကြောင့် ယခုကဲ့သို့ စုရုံးနေကြခြင်းမဟုတ်ပါလား။

ဤအခန်းပိုင်ရှင်မှာ ကင်းတိတ်မြို့၌ မသိသူမရှိသော ကျောင်းဆရာ 'ကေချန်း'ဖြစ်လေသည်။ ကေချန်းနှင့်အတူ ဝိုင်းဖွဲ့ထိုင်နေကြသူများသည်လည်း ကင်းတိတ်မြို့တွင် အားလုံးရိုသေလေးစားရသော ကုန်သည်ကြီးများ၊ စာပေသမားများ၊ မြို့မိမြို့ဖများဖြစ်လေသည်။

ကျောင်းဆရာကေချန်းက ဖိတ်ခေါ်ကာ မြို့စားကြီးဂူးလောက်ရှ၏မတရားသောလုပ်ရပ်များကို တားဆီးနိုင်မည့်နည်းလမ်းရှာဖွေရန် တိုင်ပင်ဆွေးနွေးနေကြခြင်းဖြစ်လေသည်။

ကျောင်းဆရာကေချန်းက အားလုံးကိုဝေ့ကြည့်လိုက်ပြီး စကားစလိုက်သည်။

"ကျုပ်တို့ ကင်းတိတ်မြို့ဟာ အရင်ခနဲမတူဘဲ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပါပြီ"

ယခင်က စည်ကားသိုက်မြိုက်ကာ အေးချမ်းသာယာပြီး နေချင်စဖွယ်ကောင်းလှသဖြင့် နေထိုင်နေသောမြို့သူမြို့သားများသည် စိတ္တသုခ၊ ကာယသုခအကျိုးနှစ်ပါးကို ခံစားခဲ့ကြရလေသည်။

အလွန်စည်ကားခဲ့သော ကင်းတိတ်မြို့သည် ဂူးလောက်ရှရောက်ရှိလာပြီးနောက် ကြမ္မာငင်ခဲ့ရာသည်ဆိုနိုင်၏။

မြို့သူမြို့သားများစွာ စားကောင်းခြင်းမစားရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ကောင်းခြင်းမအိပ်ရတော့ပါ။ ကျီးလန့်စာစားဘဝရောက်ခဲ့ရလေသည်။

ဝူးလောက်ရှ၏ဖိနှိပ်ချုပ်ခြယ်မှုများနှင့် ကြီးလေးသော အခွန်တော်များက မြို့သူမြို့သားများအား ခေါင်းမဖော်နိုင်အောင် ဖြစ်စေခဲ့လေသည်။

ထို့ပြင်မကသေး အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုလည်း မရှိတော့ပါ။ အားလုံးသောလူများသည် အရှင်လတ်လတ်ငရဲပြည်ရောက်နေကြသည်ဟု ခံစားနေကြရလေတော့သည်။

ကျောင်းဆရာကေချန်းက ...

"ကျုပ်တို့မြို့ကို ငရဲပြည်လိုဖြစ်အောင်လုပ်လိုက်တဲ့ အဓိကတရားခံအစစ်ဟာ မြို့စားကြီးဝူးလောက်ရှုဆိုတာ အားလုံးအသိပါပဲ၊ သူ့ကိုဟန့်တားနိုင်မှ ဒုက္ခအပေါင်းက လွတ်မြောက်နိုင်ပါလိမ့်မယ်"

အားလုံးသဘောတူထောက်ခံသည့်သဘော ခေါင်းညိတ်လိုက်ကြလေသည်။ ကျောင်းဆရာကေချန်းက ...

"မြို့စားကြီးဝူးလောက်ရှုကို ဟန့်တားဖို့ဆိုတာ အပြောလွယ်ပေမယ့် လက်တွေ့မှာ အင်မတန်ခက်ခဲတဲ့ကိစ္စတစ်ခုပါ။ သည်အချိန်မှာ ကျုပ်တို့မိတ်ဆွေကြီး ဝမ်းယွန်သာရှိနေရင် ဘယ်လောက်ကောင်းလိုက်မလဲဗျာ"

သူ၏စကားအဆုံးတွင် ...



"ဟုတ်တယ်ဗျို့"

"သူဌေးကြီးဝမ်းယွန်ဟာ အမြော်အမြင်ရှိပြီး အသိဉာဏ်နဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါ၊ ကင်းတိတ်မြို့မှာ ပြဿနာတစ်ခုခုပေါ်ပေါက်လာလေတိုင်း သူကပဲ ဦးဆောင်ဖြေရှင်းပေးနေကျ မဟုတ်လား"

"သူဌေးကြီးဝမ်းယွန် ပြန်ရောက်လာရင် သိပ်ကောင်းမှာပဲဗျ"

အားလုံးထောက်ခံပြောဆိုလိုက်ကြလေသည်။ ကင်းတိတ်မြို့မိမြို့ဖများပင် အားကိုးသမှုပြုရသော သူဌေးကြီးဝမ်းယွန်မှာ ဘိုးစဉ်ဘောင်ဆက်ကစပြီး ကင်းတိတ်မြို့၌ အခြေချနေထိုင်ခဲ့သူဖြစ်လေသည်။

သူဌေးကြီးဝမ်းယွန်သည် ရိုးသားဖြောင့်မတ်သည်။ သဘောထားမြင့်မြတ်သည်။ တစ်မြို့လုံး၏ ကြည်ညိုလေးစားခြင်းခံရသူဖြစ်လေသည်။

ကင်းတိတ်မြို့၏မျက်နှာဖုံးသူဌေးကြီးတစ်ဦးဖြစ်သလို ဩဓာတိတ္ထမကြီးမားသူလည်းဖြစ်လေသည်။

သာရေးနာရေး၊ လူမှုရေးကိစ္စများ၌ ရှေ့တန်းမှဆောင်ရွက်သည်သာမက အခြားသောဘေးဥပါဒ်အန္တရာယ်အသွယ်သွယ်ကို ရှေ့တန်းမှတားဆီးကာကွယ်ပေးသော မြို့သူမြို့သားများ ကြုံတွေ့

www.burmeseclassic.com

www.burmeseclassic.com



နေရသည့် အခက်အခဲဟူသမျှကို ဖြေရှင်းပေးနေသော သူ့ရဲကောင်းကြီးတစ်ဦးလည်း ဖြစ်လေသည်။

ယခု သူဌေးကြီးဝမ်းယွန်သည် ခရီးထွက်နေပြီး ကင်းတိတ်မြို့သို့ ပြန်ရောက်မလာသေးပါချေ။ ထို့ကြောင့်လည်း အားလုံးက မျှော်လင့်တောင့်တစောင့်စားနေကြခြင်းဖြစ်လေသည်။

ကျောင်းဆရာကေချန်းက ...

"သူဌေးကြီးဝမ်းယွန်ကို အားကိုးမိပေမယ့် ခုထိ သူပြန်မရောက်မလာသေးတာ ခက်ပါတယ်ဗျာ၊ သူ့ကိုစောင့်မျှော်ရင်း သည်အတိုင်း လက်ပိုက်ကြည့်နေကြမယ်ဆိုရင် ကင်းတိတ်တစ်မြို့လုံးပျက်စီးသွားတော့မှာ သေချာနေပြီ၊ သည်တော့ ကျုပ်တို့အစွမ်းအစရှိသလောက် လုပ်ကိုင်ဆောင်ရွက်ဖို့ မိတ်ဆွေတို့ကို ဖိတ်ခေါ်ပြီးတိုင်ပင်ရတာပါ"

ထို့နောက် မြို့စားကြီးဂူးလောက်ရှုအား တားဆီးနိုင်မည့် နည်းလမ်းများကို တွေးတောကြံဆပြီး တိုင်ပင်ဆွေးနွေးလိုက်ကြလေသည်။

နည်းလမ်းအတော်များများကို စဉ်းစားမိကြသော်လည်း ထိုနည်းလမ်းများသည် လက်တွေ့၌ထိရောက်မှုရှိမည်မဟုတ်ကြောင်း နားလည်မိကြ၏။ နောက်ဆုံး ...

"ဂူးလောက်ရှုကို လုပ်ကြံပစ်တာထက် ပိုကောင်းတဲ့နည်းလမ်း မရှိနိုင်တော့ပါဘူးဗျာ"



ကျောင်းဆရာကေချန်းပြောလိုက်လေသည်။ သူ၏မိတ်ဆွေများကလည်း ဂူးလောက်ရှုအား မုန်းတီးစက်ဆုပ်နေကြသည့်အလျောက် ကေချန်း၏စကားကို ထောက်ခံလိုက်ကြသည်။

ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မှ မရှိချေ။ ကျောင်းဆရာကေချန်းက ...

"ဂူးလောက်ရှုကိုလုပ်ကြံဖို့ အားလုံး သဘောတူကြတယ်ဆိုရင် ဘယ်လိုလုပ်ကြံကြမယ်ဆိုတာ နည်းလမ်းရှာကြတာပေါ့ဗျာ"

ထိုစဉ် ...

"ခင်ဗျားတို့အားလုံး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်ကြတာ အကောင်းဆုံးနည်းလမ်းပဲဗျ"

အေးတိအေးစက်စကားသံ ထွက်ပေါ်လာသည်။

'ဝုန်း'

အခန်းတံခါးကျိုးပဲ့ပျက်စီးကာ ဟာလာဟင်းလင်းဖြစ်သွားပြီး လူတစ်ယောက်လှမ်းဝင်လာလေသည်။

စုစန်း ဖြစ်သည်။

မြို့စားကြီး၏လက်ရွေးစင်သိုင်းသမားများသည်လည်း ကျောင်းဆရာကေချန်း၏အိမ်ကို အထပ်ထပ်ဝိုင်းရံထားလိုက်ပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကေချန်းတို့ ထိတ်လန့်တုန်လှုပ်သွားကြ၏။ မြို့စားကြီး ဂူးလောက်ရှမှာ သူတို့မျှော်လင့်ထားသည်ထက်ပိုပြီး ကြောက်စရာကောင်းသူဖြစ်ကြောင်း နားလည်သွားကြတော့သည်။

စုစန်းက ...

"အဆုံးစီရင်တဲ့ကိစ္စမှာ ခင်ဗျားတို့မပင်ပန်းရအောင် ကျုပ်ကူညီပါ့မယ်ဗျာ"

ဟု ပြောလိုက်လေသည်။ ကျောင်းဆရာကေချန်းတို့ လူစုအား စုစန်းက ချေမှုန်းလိုက်သည့်သတင်းထွက်ပေါ်လာပြီးနောက် တစ်မြို့လုံး ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

မည်သူတစ်ဦးတစ်ယောက်ကမှ မြို့စားကြီးဂူးလောက်ရှ၏အကြောင်းကိုမပြောဝံ့ကြတော့ချေ။

❑ ❑ ❑



## သိမ်း

သူဌေးကြီးဝမ်းယွန် ...။

သူဌေးကြီးဝမ်းယွန်သည် ခရီးထွက်ရာမှ ပြန်လည်ရောက်ရှိလာပြီဖြစ်လေသည်။

သူရောက်လာသည်နှင့် ကင်းတိတ်တစ်မြို့လုံး တိတ်ဆိတ်ခြောက်သွေ့နေသည်ကိုချက်ချင်းသတိပြုမိလိုက်လေသည်။ သူဌေးကြီးဝမ်းယွန်အံ့ဩသွားလေသည်။

"အေးချမ်းသာယာပြီး စည်ကားသိုက်မြိုက်နေတဲ့ မြို့ကြီးတစ်မြို့ဟာ ငါခရီးထွက်နေတဲ့ အချိန်ပိုင်းလေးမှာ သုသာန်တစပြင်လို တိတ်ဆိတ်ခြောက်ကပ်သွားတာ ဘာကြောင့်များလဲ"

ကင်းတိတ်မြို့သို့ပြန်လာရင်း ဂူးလောက်ရှက မြို့စားအရိုက်အရာရယူကာ ရောက်ရှိလာပြီး တစ်မြို့လုံးကို ဒုက္ခပေးနေသည်ဟု သတင်းသဲ့သဲ့ကြားခဲ့ရပြီးဖြစ်လေသည်။

အိမ်ပြန်ရောက်လာပြီး စုံစမ်းကြည့်လိုက်သောအခါ ဂူးလောက်ရှက မြို့သူမြို့သားများအပေါ်၌ နိုင်ထက်စီးနင်းဖိနှိပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ခြယ်ကာ မတရားမှုများပြုလုပ်နေကြောင်း တိတိကျကျသိလိုက်
တော့သည်။

"ဂူးလောက်ရှုကို တားဆီးနိုင်မှဖြစ်မယ်"

သူဌေးကြီးဝမ်းယွန်သည် ကျောင်းဆရာကေချန်းတို့လူ
ဒုက္ခရောက်သွားခဲ့ကြပုံကို သင့်ခန်းစာယူကာ သူ၏မကျေနပ်မှုမျာ
ကို ထုတ်ဖော်ခြင်းမပြုဘဲ မျိုသိပ်ထားခဲ့လေသည်။

မည်သူနှင့်မှလည်း တိုင်ပင်ခြင်းမပြုဘဲ တစ်ယောက်တည်
ကြံစည်ခဲ့လေသည်။

"ဂူးလောက်ရှုကို ဆုံးမမယ်ဆိုရင် သူနဲ့ပတ်သက်တဲ့အ
ကြောင်းအရာတွေသိအောင် စုံစမ်းထားရမယ်"

သူဌေးကြီးဝမ်းယွန်သည် ဂူးလောက်ရှုနှင့်ပတ်သက်သ
အကြောင်းအရာအားလုံးကို တိတ်တဆိတ်လိုက်လံစုံစမ်းကာ ရ
သမ္မာသတင်းအချက်များကို စုဆောင်းခဲ့လေသည်။

များမကြာမီ ... ဂူးလောက်ရှုနှင့် ပတ်သက်ပြီးတိကျပြ
သားစွာ သုံးသပ်နိုင်ခဲ့တော့သည်။

"ဂူးလောက်ရှုထက် ပိုပြီးကြောက်စရာကောင်းတဲ့လူတ
ယောက် ရှိနေသေးတာကိုး"

ထိုလူကား ကဗျာဆရာလူသတ်သမားစုစန်း ဖြစ်ေ
သည်။ ဂူးလောက်ရှုကိုသာ အာရုံရောက်နေလျှင် စုစန်း၏လက်ချ



မိသွားမည်ဖြစ်ကြောင်းလည်း ဆင်ခြင်မိသည်။

ကျောင်းဆရာကေချန်းတို့သည် ဂူးလောက်ရှုကိုသာ အာ
ရုံစူးစိုက်နေမိခဲ့ကြသဖြင့် စုစန်း၏လက်ချက်မိသွားခဲ့ကြသည့် သာဓ
ကအထင်အရှားရှိနေသည် မဟုတ်ပါလား။

ဂူးလောက်ရှုအား ဆုံးမဖို့ဆိုသည်မှာ အလွန်ခက်ခဲသော
ကိစ္စတစ်ခုဖြစ်ကြောင်းလည်း ဆင်ခြင်မိသည်။

"သူ့ကိုဆုံးမလို့မရနိုင်ဘူးဆို သည်အတိုင်းလက်မှိုင်ချနေ
ရတော့မှာလား"

သူဌေးကြီးဝမ်းယွန်သည် ဂူးလောက်ရှုနှင့်ပတ်သက်ပြီး လူ
ပင်ပန်းစိတ်ပင်ပန်းဖြစ်ကာ နေထိုင်မကောင်းပင် ဖြစ်ခဲ့ရလေတော့
သည်။

❏

ည ... ။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။ လရောင်
ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါတော့သည်။

အချိန်က ညဉ့်နက်လှပြီမဟုတ်သေးပါ။ သို့တိုင်တိတ်ဆိတ်

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ကပ်နေသော ကင်းတိတ်မြို့သည် ညအချိန်တွင် ပို၍တိတ်ဆိတ်ခြောက်ကပ်သွားလေတော့သည်။

သူဌေးကြီးဝမ်းယွန်ကလည်း မီးမှိတ်ကာ အမှောင်ချထားသော သူ၏အခန်းတွင်း၌တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေသည်။

ပြတင်းတံခါးဖွင့်ထားပြီး အပြင်ဘက်မှ ပန်းဥယျာဉ်ကြီးကို ငေးမောကြည့်နေသည်။ ပန်းဥယျာဉ်ထဲ၌ ရောင်စုံပန်းများ ငွားငွားစွင့်စွင့်ဖူးပွင့်ကာ လရောင်ဖြင့်ပန်ရလှပနေသည်။

မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များကလည်း ညလေပြည်နှင့်အတူ လွင့်ပျံ့နေ၏။

သူဌေးကြီးဝမ်းယွမ်ကား မမှိတ်မသုန်သောမျက်လုံးများဖြင့် ကြည့်နေသည့်တိုင်အောင် လှပနေသောပန်းဥယျာဉ်ကြီးကို မတွေ့မမြင်ရသကဲ့သို့ မွှေးကြိုင်သောပန်းရနံ့များကို မရှူရှိုက်မိသကဲ့သို့ တုံဏှိဘာဝေ ရှိနေပါတော့သည်။

သူက ဂူးလောက်ရှုအကြောင်းတွေးတောရင်း အရာရာကို လျစ်လျူရှုထားမိသကဲ့သို့ ရှိနေသည်မဟုတ်ပါလား။

ဂူးလောက်ရှုအား ဆုံးမနိုင်မည့်နည်းလမ်းကို ယခုတိုင်ရှာမတွေ့သေးပါ။ စဉ်းစားမရသေးပါချေ။ သူဌေးကြီးဝမ်းယွန်အကြံအိုက်လာလေသည်။

"ဘယ်လိုမှ နည်းလမ်းရှာမရတဲ့အတူတူ ငါကိုယ်တိုင်ပဲ မြို့စားဂေဟာကိုသွားပြီး ဂူးလောက်ရှုကိုလုပ်ကြံလိုက်တာ အကောင်းဆုံးဖြစ်မှာပါ"



မြို့စားဂေဟာသို့သွားသော အသက်စွန့်လုပ်ကြံရန် မိုက်မိုက်ကန်းကန်းဆုံးဖြတ်လိုက်လေတော့သည်။ သူဌေးကြီးဝမ်းယွန်ထိုင်ရာမှထလိုက်သည်။

အခန်းတံခါးဖွင့်ကာ အပြင်ဘက် ထွက်လိုက်လေသည်။ လရောင်ဖြင့်အေးမြကာ သာယာလှပနေသောပတ်ဝန်းကျင်သို့ ချက်ချင်းရောက်ရှိသွား၏။

သဘာဝတရားက သူဌေးကြီးဝမ်းယွန်ကို သွေးအေးသွားစေသည်။ လှုပ်ရှားနေသောစိတ်အစဉ်ကို တည်ငြိမ်သွားစေခဲ့လေသည်။

စိတ်လိုက်မာန်ပါလှမ်းသွားနေသော ခြေလှမ်းများ တဖြည်းဖြည်း နှေးကွေးသွားလေသည်။ ပန်းဥယျာဉ်ကြီးအတွင်းရှိ အနားယူအပန်းဖြေရန်ထားရှိသော ကျောက်ခုံများအနီးသို့ရောက်လျှင် လုံးဝရပ်တန့်သွားလေတော့သည်။

မြို့စားဂေဟာသို့သွားမည့်ကိစ္စနှင့်ပတ်သက်ပြီးထပ်မံတွေးတောစဉ်းစားမိလာခြင်းကြောင့်ဖြစ်သည်။ မြို့စားဂေဟာ၌ အစောင့်အကြပ်များ ထူထပ်စွာချထားလိမ့်မည် ဖြစ်လေသည်။

အစောင့်များမှာ တိုက်ရည်ခိုက်ရည်ပြည့်ဝပြီး လျှင်သက်

www.burmeseclassic.com

www.burmeseclassic.com



ကိုဖက်ရှက်မျှပင် တန်ဖိုးမထားသည့် ရက်စက်ကြမ်းကြုတ်ကြသူများဖြစ်လေသည်။

မြို့စားကြီးဂူးလောက်ရှသည်လည်းသိုင်းပညာတတ်မြောက်သူတစ်ဦးဖြစ်လေသည်။ တစ်ယောက်ချင်းယှဉ်ရမည်ဆိုလျှင်လည်း သူဌေးကြီးဝမ်းယွန်သည် မြို့စားကြီးဂူးလောက်ရှအား ယှဉ်နိုင်မည်မဟုတ်ပါချေ။

မြို့စားကြီးဂူးလောက်ရှအနီးသို့ ချဉ်းကပ်နိုင်ဖို့ဆိုသည်မှာ စိတ်ကူးယဉ်အိပ်မက်မက်ခြင်းသာ ဖြစ်ပေမည်။ သူဌေးကြီးဝမ်းယွန် တွေးရင်း တွေးရင်း စိတ်ဓာတ်ကျဆင်းလာလေသည်။

"တောက်"

ခံပြင်းလွန်း၍လည်း တက်ခေါက်လိုက်မိလေသည်။ တိတ်ဆိတ်နေသော ညဉ့်ယံတွင်သူ၏တက်ခေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ထင်ရ၏။

တက်ခေါက်သံနှင့် မရှေးမနှောင်းမှာပင် ...

"အမလေး"

အထိတ်တလန့်ရေရွတ်သံလေး ထွက်ပေါ်လာလေသည်။ သူဌေးကြီးဝမ်းယွန်ကြောင်အမ်းအမ်းဖြစ်သွားခဲ့သည်။ အသံထွက်ပေါ်လာရာဘက်သို့ကြည့်လိုက်လျှင် ပန်းရုံများကြား၌လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကိုတွေ့လိုက်ရလေသည်။



"ဘယ်သူလဲ"

သူဌေးကြီးဝမ်းယွန်အော်မေးလိုက်လေသည်။ သူ၏အသံ ကျယ်လောင်စွာထွက်ပေါ်လာပြန်လေသည်။

"ကျွန် ... ကျွန်မပါရှင်"

"ထွက်လာခဲ့စမ်း"

"ဟုတ် ... ဟုတ်ကဲ့"

ပန်းရုံများကြားမှ မိန်းကလေးတစ်ယောက်လှမ်းထွက်လာသည်ကိုတွေ့လိုက်ရလေသည်။ မိန်းကလေးသည် တုန်တုန်ယင်ယင်ဖြင့်လှမ်းလာရင်း သူဌေးကြီးဝမ်းယွန်နှင့် မလှမ်းမကမ်းသို့ရောက်လာသောအခါ မြေပေါ်ဒူးထောက်ချကာ ဂါရဝပြုလိုက်လေသည်။

လရောင်ဖြင့်ထိုမိန်းကလေးအား သေသေချာချာတွေ့မြင်လိုက်ရလျှင်

"မင်းက ကျင်ကျင်မဟုတ်လား"

အိမ်ဖော်မလေးကျင်ကျင်ဖြစ်ကြောင်း မှတ်မိကာ မေးလိုက်လေသည်။

"ဟုတ်ကဲ့ ... ကျွန်မ ကျင်ကျင်ပါရှင့်"

ဝမ်းယွန် မျက်မှောင်ကုတ်သွားသည်။

"တခြားအလုပ်သမားတွေ အိပ်ကုန်ကြပြီ မဟုတ်လား၊ မင်း ဘာကြောင့်မအိပ်သေးဘဲ ပန်းဥယျာဉ်ထဲ ရောက်နေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သံသယမကင်းသောလေသံဖြင့် မေးလိုက်သည်။ ဂူးလောက်ရှူနှင့် စုစန်းတို့မှာ ကြောက်စရာကောင်းပြီး ညဏ်များသူများဖြစ်ကြောင်း သိထားပြီးနောက် ဝမ်းယွန်လည်း မည်သူ့ကိုမှ ယုံကြည်စိတ်ချမထားနိုင်အောင် ဖြစ်နေပါတော့သည်။

အိမ်ဖော်မလေး ကျင်ကျင်က ...

"ကျွန်မ ကျွန်မ"

သူမ ကြောက်ရွံ့ကာ မေးတာကိုမဖြေနိုင်ဘဲ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေပါသည်။ ဝမ်းယွန် မျက်နှာထားတင်းတင်းဖြင့် ငေါက်လိုက်သည်။

"မှန်မှန်ပြောစမ်း ... မင်း ဘာလာလုပ်တာလဲ ... တစ်ယောက်ယောက်နဲ့ ချိန်းထားတာလား"

ကျင်ကျင်ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ရပါဘူးရှင်၊ ကျွန်မ ဘယ်သူနဲ့မှ ချိန်းမထားပါဘူးရှင်"

ဝမ်းယွန်က ...

"ငါမယုံဘူး ... မင်း လိမ်ပြောနေတာ မဟုတ်လား"

"အို ... မဟုတ်ရပါဘူးရှင်"

"ဒါဖြင့် မင်းဘာလာလုပ်တာလဲ ... မှန်မှန်ပြော"

"ဟို ... ဟို ..."



ကျင်ကျင် တံတွေးမျိုချလိုက်သည်။ ဝမ်းယွန်ကို တောင်းပန်သည့်အကြည့်ဖြင့်ကြည့်လိုက်သည်။ စိတ်တည်ငြိမ်အောင် ထိန်းချုပ်ပြီး ပြောလိုက်သည်။

"ကျွန် ကျွန်မဟာ ခုတလော သူဌေးကြီးကိုသတိထားခဲ့မိပါတယ်၊ သူဌေးကြီးဟာ ကိစ္စတစ်ခုကြောင့် စိတ်သောကရောက်နေတာကို ခန့်မှန်းမိခဲ့ပါတယ်၊ သူဌေးကြီးစိတ်ဆင်းရဲသောကရောက်နေတာကိုကြည့်ပြီး ကျွန်မလည်း စိတ်မကောင်းဖြစ်ခဲ့မိပါတယ်ရှင်"

ဝမ်းယွန် ပြုံးလိုက်သည်။

"ဆက်ပြောစမ်းပါဦး"

"ဟုတ်ကဲ့"

ကျင်ကျင်က နှိမ့်ချသောလေသံဖြင့် ...

"ကျွန်မဟာအောက်ကျနောက်ကျနိုင်လှတဲ့အိမ်ဖော်မလေးတစ်ယောက်ပါ၊ ဒါကြောင့် သူဌေးကြီးမှာ ဘယ်လိုအခက်အခဲတွေရှိနေမယ်ဆိုတာကို သိချင်ပေမယ့် မမေးဝံ့ခဲ့ပါဘူး၊ သူဌေးကြီးရဲ့ စိတ်ဆင်းရဲမှုကို ဘယ်လိုအကူအညီမျိုးမှ ပေးနိုင်ဖို့ အင်အားမရှိခဲ့ပါဘူး၊ ခုလို လူခြေတိတ်ဆိတ်တဲ့အချိန်မှာ သူဌေးကြီးရဲ့ စိတ်ဆင်းရဲမှုတွေ သက်သာသွားစေဖို့ 'လမင်း'ကြီးဆီမှာလာပြီး ဆုတောင်းပေးတာပါရှင်"

ဝမ်းယွမ်အံ့သြသွားလေတော့သည်။ ကျင်ကျင်သည် အိမ်

www.burmeseclassic.com

www.burmeseclassic.com



ဖော်မလေးတစ်ယောက်ဖြစ်နေသည့်တိုင် သူမ၏မြင့်မြတ်သောစိတ်နေသဘောထားကြောင့် ပေါ့ပေါ့တန်တန်သဘောထား၍ မဖြစ်နိုင်တော့ပါ။

ကျောင်ကျောင်ကို ပိုပြီးစိတ်ဝင်စားလာလေသည်။ သူမသည် ငယ်ရွယ်နုပျိုပြီး ချောမောလှပသူလေးတစ်ယောက်ဖြစ်ကြောင်းလည်း လရောင်အောက်၌ အထင်သားပေါ်လွင်နေပါသည်။

သူ၏နုနယ်သောမျက်နှာလေး၊ ကိုယ်လုံးကိုယ်ပေါက်နှင့် ယဉ်ကျေးသိမ်မွေ့စွာပြောဆိုတတ်မှုတို့သည် အိမ်ဖော်မလေးတစ်ယောက်ဟု ပြော၍မရနိုင်အောင် ကွဲပြားနေသည်။

သူမသည် သာမန်မိန်းကလေးတစ်ယောက်မဟုတ်ကြောင်း အရာရာက ဖော်ပြနေသည်။

“စိတ်ထားမြင့်မြတ်ပြီး ယဉ်ကျေးသိမ်မွေ့တဲ့မိန်းကလေးတစ်ယောက်ပဲ၊ မပြုမပြင်နေလို့ သူမရဲ့အလှအပ မပေါ်လွင်ခဲ့ပေမယ့် ပြင်ဆင်လိုက်ရင် နတ်မိမယ်လေးတစ်ပါးလို့တောင်ထင်မှတ်မှားရမှာ သေချာမယ်”

ဝမ်းယွန်က ကျောင်ကျောင်ကိုကြည့်ရင်း စဉ်းစားသုံးသပ်နေရာမှ မမျှော်လင့်ဘဲ ထူးခြားသောအတွေးတစ်ခုက ဦးခေါင်းထဲ ဝင်ရောက်လာလေသည်။

သူ၏ရင်ထဲလှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ခက်ခဲနက်နဲ



သော ပုစ္ဆာတစ်ခုကိုအဖြေရှာတွေ့လိုက်သူတစ်ယောက်ကဲ့သို့ ဝမ်းသာအားရဖြစ်သွားတော့သည်။

“မိန်းကလေး ... မင်းပြောနေတာ အမှန်တွေပဲနော်”

“ဟုတ်ကဲ့ ... ကျွန်မ မလိမ်ဝံ့ပါဘူး၊ အမှန်အတိုင်းပြောနေတာပါ သူဌေးမင်းရှင့်”

“ကောင်းပြီ ... ငါ့မှာ အကူအညီလိုအပ်နေမယ်ဆိုရင်ရော မင်း ကူညီဆောင်ရွက်ပေးမှာပဲလား”

ကျောင်ကျောင်ဦးညွှတ်ကာ အလေးအနက်ပြောလေသည်။

“ဟုတ်ကဲ့ ... သူဌေးမင်း ခိုင်းချင်တာခိုင်းပါရှင့်၊ ကျွန်မ ဘာမဆို ဆောင်ရွက်ပေးပါမယ်ရှင့်”

ဝမ်းယွန်က ...

“ငါခိုင်းတာလုပ်ရလို့ မင်းအတွက်အသက်အန္တရာယ်ကြုံတွေ့ရမယ်ဆိုရင်ရော မင်းဘယ်လိုလုပ်မလဲ”

ကျောင်ကျောင်က ..

“ကျွန်မအသက်ကိုမနှမြောပါဘူးရှင်၊ သူဌေးမင်းအတွက် ကျွန်မ တကယ်ပဲအသက်စွန့်ရမယ်ဆိုရင်တောင် ကျေနပ်ပါမယ်ရှင့်”

ဝမ်းယွန် ဝမ်းသာသွားလေသည်။

“မင်း တကယ်ပြောနေတာနော်”

“ဟုတ်ကဲ့ ... ကျွန်မ သစ္စာဆိုဝံ့ပါမယ်ရှင်”

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်း ..."

ဝမ်းယွန်သည် ဝမ်းသာလွန်းသဖြင့်မည်သို့ပြောရမှန်းမသိအောင်ဖြစ်သွားလေသည်။ ကျင်ကျင်က

"ကျွန်မ ဘာလုပ်ပေးရမယ်ဆိုတာ အမိန့်ရှိပါရှင်"

ဟုမေးလာလေသည်။ ဝမ်းယွန်က လက်ကာပြလိုက်သည်။

"နေဦး ... ငါ့ကိုကူညီဆောင်ရွက်ဖို့ ခုချိန်မှာ မင်းဘက်က အဆင်သင့်မရှိသေးဘူး၊ အချိန်ယူပြင်ဆင်ရဦးမယ်၊ အဆင်သင့်ဖြစ်ပြီဆိုမှ မင်းကူညီလို့ရမှာ၊ ပထမဆုံးမင်းသိထားရမှာက ခုချိန်ကစပြီး ငါက မင်းကိုမွေးစားသမီးအဖြစ် အသိအမှတ်ပြုလိုက်ပြီဆိုတာပဲ"

"ရှင်"

မမျှော်လင့်သောစကားကြားရလျှင် ကျင်ကျင် တအံ့တသြဖြစ်သွားလေသည်။

သူမ၏နားနှစ်ဖက်ကိုပင် မယုံနိုင်တော့ပါ။ ဝမ်းယွန်ကိုငေးကြည့်နေမိတော့သည်။ ဝမ်းယွန်က ပြုံးရွှင်သော မျက်နှာထားဖြင့် ...

"မိန်းကလေး ... ငါပြောတာ ကြားတယ်မဟုတ်လား၊ အခုချိန်ကစပြီး မင်းဟာ ငါ့ရဲ့သမီးဖြစ်သွားပြီ၊ ဒါကြောင့် သမီးလို့ပဲ



ခေါ်တော့မယ်၊ မင်းကလည်း ငါ့ကိုဖခင်ကြီးတစ်ယောက်လို သဘောထားပြီး ဖေဖေလို့ခေါ်ရမယ်နော်"

"ကျွန်မ ..."

"သမီး ... ဖေဖေပြောတာ ကြားတယ်မဟုတ်လား"

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ် ... ဟုတ်ကဲ့ကြားပါတယ် ခင်ဗျာ"

သူမ၏အသံ တုန်တုန်ယင်ယင် ဖြစ်နေသည်။ မျက်ဝန်းတစ်စုံ၌ မျက်ရည်များရစ်ဝိုင်းလာပြီး ပူနွေးသောမျက်ရည်များသည်လည်း ပါးပြင်ပေါ် တလိမ့်လိမ့်စီးကျလာလေတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## ပုံပြင်

သူဌေးကြီးဝမ်းယွန်သည် ကင်းတိတ်တစ်မြို့လုံး အံ့ဩသွား အောင်လုပ်နိုင်စွမ်းရှိသူတစ်ယောက် ဖြစ်ခဲ့လေသည်။

ဝမ်းယွန်၏လုပ်ရပ်က ထူးခြားလွန်းသည်။

အိမ်ဖော်မလေးအား သမီးအဖြစ် အမွေစား၊ အမွေခံ မွေး စားလိုက်သည်မဟုတ်ပါလား။

အိမ်ဖော်မလေးကျင်ကျင်သည် နေ့ချင်းညချင်း အလွန်ချမ်း သာကြွယ်ဝသည့် သူဌေးသမီးဖြစ်လာသည်မှာ ပုံပြင်ဆန်လွန်းလှပါ သည်။

သို့သော် ထိုဖြစ်ရပ်မှာ ပုံပြင်တစ်ပုဒ်မဟုတ်ပါချေ။

မည်သူမျှ မယုံနိုင်ကြသည်ဖြစ်စေ၊ အံ့ဩနေကြသည်ဖြစ် စေ ဝမ်းယွန်က ကျင်ကျင်အား သမီးအဖြစ် အသိအမှတ်ပြုထားလိုက် ပြီ ဖြစ်လေသည်။

သမီးအဖြစ် အသိအမှတ်ပြုလိုက်သည့်နေ့မှစပြီး သူဌေး သမီးတစ်ယောက်ကဲ့သို့ ဝတ်ဆင်စေသည်။



သူဌေးသမီးတစ်ယောက်အတွက် လိုအပ်သောအရည်အ ချင်းအားလုံးကို ကျွမ်းကျင်သောဆရာများ ဖိတ်ခေါ်ကာ သင်ကြား ပေးသည်။

စာပေ၊ ဂီတ၊ အနုပညာပါမကျန် သင်ကြားပေးခြင်းဖြစ် သည်။ လူ့ကုံထံအသိုင်းအဝိုင်း၏ ဓလေ့ထုံးစံများကိုလည်း သင် ကြားပေးသည်။

ထို့အပြင် ထိပ်တန်းသိုင်းဆရာတစ်ယောက်ကို ငှားရမ်း ကာ သိုင်းပညာများလည်း သင်ကြားပေးလေသည်။

ဤသို့ဖြင့် ...

တိုတောင်းလှသည့် သုံးလပတ်ဝန်းကျင် မဟုတ်... 

BURMESE CLASSIC .com

❑

မြို့စားကြီးဝူးလောက်ရှူ ...။

ဝူးလောက်ရှူက သိုင်းလောကကိုဖျက်ဆီးသူဟုပင် သတင်း ကြီးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကမှ သိုင်းဂိုဏ်းများအား တစ်ခုပြီးတစ်ခု ဖြိုပစ်ခဲ့သည် မဟုတ်ပါလား။

ဂူးလောက်ရှုအား မျိုးချစ်သိုင်းသမားများနှင့် အများပြည်သူက ပိုပြီးမုန်းတီးစက်ဆုပ်လာကြသော်လည်း မန်ချူးများကမူ ပိုပြီး သဘောကျလာကြသည်။ ပိုပြီး ချီးမြှင့်မြှောက်စားလာကြလေသည်။

ဂူးလောက်ရှုအတွက် လိုအပ်သည်ဟူသမျှကို ထော

ပေးကြသည်။

မန်ချူးတို့၏ ကျောထောက်နောက်ခံဖြင့် ဂူးလောက်ရှု

ပို၍ဩဇာတိက္ကမကြီးမားလာလေတော့သည်။

အထူးသဖြင့်မြို့စားကြီးဂူးလောက်ရှုဩဇာတိက္ကမကြီးမား လာအောင် အနီးကပ်ပံ့ပိုးဆောင်ရွက်ပေးသူမှာ စုစန်းဖြစ်ပါသည်။

သိုင်းဂိုဏ်းများပြိုကွဲသွားသောအခါ ဂိုဏ်းသား၊ သိုင်း မားများသည် ကစဉ့်ကလျားဖြစ်ခဲ့ကြလေသည်။

ဂူးလောက်ရှုကို အလွန်မုန်းတီးစက်ဆုပ်သွားကြသည်။ လောက်ရှုနှင့်မန်ချူးတို့အား တိုက်ခိုက်ချေမှုန်းရန် အားယူကြိုး လာကြသည်။

မန်ချူးတို့အလိုကျ အများပြည်သူနှင့်သိုင်းလောက များအား နှိပ်စက်သတ်ဖြတ်နေသည့် ဂူးလောက်ရှုကို လုပ်ကြံ ကြိုးစားလာကြလေသည်။



သိုင်းသမားများအတွက် အခွင့်အရေးရလိုက်သည်နှင့် ဂူး လောက်ရှုလုပ်ကြံခံရမည်သာ ဖြစ်လေသည်။ တကယ်တမ်းလည်း ဂူးလောက်ရှုမှာ လုပ်ကြံခံရမည့်အခြေအနေနှင့် သုံးလေးကြိမ်မက ကြုံတွေ့ခဲ့ရလေသည်။

စုစန်းက အလွန်ပါးနပ်ပြီး ကာကွယ်စောင့်ရှောက်နိုင်ခဲ့ ခြင်းကြောင့်သာလျှင် ဂူးလောက်ရှု ကံကောင်းခဲ့ခြင်းဖြစ်လေသည်။

စုစန်းသည် ဂူးလောက်ရှု၏အသက်အန္တရာယ်ကို ကာ ကွယ်စောင့်ရှောက်နိုင်ခဲ့သည့်အပြင် လုပ်ကြံရန်ကြိုးစားသူများနှင့် အခြားမျိုးချစ်သိုင်းသမားများကိုပါ ဖမ်းဆီးကွပ်မျက်နိုင်ခဲ့လေသည်။

စုစန်းကြောင့် ဂူးလောက်ရှုမှာ တို့ထိ၍မရနိုင်သူတစ် ယောက်ဖြစ်လာသကဲ့သို့ဖြစ်ကာ အရှိန်အဝါ ပို၍ကြီးမားလာခဲ့လေ တော့သည်။

ဂူးလောက်ရှုကလည်း အားလုံးကိုမုန်းတီးနေသူတစ်ဦး သို့ မဟုတ် သူတစ်ပါးကိုဒုက္ခပေးရမှ ကျေနပ်သူတစ်ဦးဖြစ်နေသည်ဆို နိုင်၏။

သူ့အား မည်သူကမှ ဒုက္ခပေး၍မရလာလေ သူက သူတစ် ပါးအား ဒုက္ခပေးလေလေပင်။

အထူးသဖြင့် အပြစ်မရှိသော အများပြည်သူ ဒုက္ခရောက်ရ လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူးလောက်ရှုက အခွန်အတုတ်များပို၍ တိုးမြှင့်ကောက်

သည်။ ပစ္စည်းဥစ္စာများသိမ်းယူသည်။ မတရားဖမ်းဆီးချုပ်နှော

ကာ ညှဉ်းပန်းနှိပ်စက်သည်။

မျိုးချစ်သိုင်းသမား သို့မဟုတ် မျိုးချစ်သိုင်းသမားများနှ

အဆက်အသွယ်ရှိသူ၏ မတရားစွပ်စွဲကာ ကွပ်မျက်သည်။

ဂူးလောက်ရှုနေထိုင်သော ကင်းတိုက်မြို့နှင့် အနီးပတ

ဝန်းကျင်သည် ဂူးလောက်ရှုနှိပ်စက်သမျှကို ပိုခံရပြီး ခေါင်းမဖော်

အောင် ဖြစ်ရတော့သည်။

ဂူးလောက်ရှုက သူနေထိုင်သော ပန်းဥယျာဉ်ကြီးနှင့် အ

ဆောက်အအုံကြီးကို ဘုရင့်နန်းတော်ကြီးအလား လှပဆန်းသ

အောင် မွမ်းမံတည်ဆောက်သည်။

မြို့သူမြို့သားများသာမက လယ်သမား၊ ယာသမားမျ

ကိုပါမကျန် တစ်ပြားတစ်ချပ်မှမပေးဘဲ ခေါ်ခိုင်းသည်။

အားလုံး အလုပ်ပျက် အကိုင်ပျက် စီးပွားပျက်လာကြ

သောအခါ ဂူးလောက်ရှုအား ရွံရှာမုန်းတီးမှုမရှိသူ ရှာမတွေ့နိုင်တေ

ချေ။

သို့သော် ဂူးလောက်ရှုသည် ဩဇာတိက္ကမကြီးမားပြီး ဝ

ရာစိုင်းနိုင်သူဖြစ်ကာ ကြောက်ရွံ့ထိတ်လန့်ကြရပြီး မည်သူကမျှ မု

တီးမှုကို ထုတ်ဖော်ပြောဆိုဝံ့ခြင်းမရှိကြချေ။



အားလုံးခေါင်းငုံခံနေကြရတော့သည်။ သို့ဖြင့် ဂူးလောက်ရှုရောက်ရှိလာပြီး များမကြာမီ အေးချမ်းသာယာ၍ ပျော်စရာကောင်းလှသော ကင်းတိုက်မြို့မှာ ငရဲဘုံတစ်ခုအဖြစ် ပြောင်းလဲသွားခဲ့လေတော့သည်။

❑❑❑

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ပထမခြေလှမ်း

သူဌေးကြီးဝမ်းယွန်ကထိုင်ခုံ၌ကျောက်ရုပ်တစ်ရုပ်အလား မလှုပ်မယှက်ထိုင်ကာ အိမ်ထိန်းကြီး၏စကားများကို စိတ်ဝင်စားစွာနားထောင်နေလေသည်။ အိမ်ထိန်းကြီးက

"မြို့စားကြီးဝူးလောက်ရှု သည်တစ်ခါခရီးထွက်သွားတာဟာ ကင်းတိတ်မြို့ပတ်ဝန်းကျင်မှာရှိနေတဲ့ သိုင်းဂိုဏ်းတွေ, မျိုးချစ်သိုင်းသမားတွေကို တိုက်ခိုက်ဖို့ရည်ရွယ်ချက်နဲ့ သွားခဲ့တာပါ"

သူဌေးကြီးဝမ်းယွန်က ...

"အင်း ... ဆက်ပါဦး"

အိမ်ထိန်းကြီးက ...

"မြို့စားကြီးကို ကိုယ်ရံတော်စုစန်းနဲ့ မန်ချူးတွေက အပြည့်အဝပံ့ပိုးကူညီပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြတာကြောင့် ကင်းတိတ်နယ်ထဲမှာရှိတဲ့ သိုင်းဂိုဏ်းငါးခုနဲ့ သီးခြားမျိုးချစ်သိုင်းသမားနှစ်ဆယ်ကျော်ကို နှိမ်နင်းနိုင်ခဲ့တယ်လို့ သတင်းထုတ်ပြန်ထားပါတယ်"



သူဌေးကြီးဝမ်းယွန်က ...

"အတော်စိတ်ပျက်စရာကောင်းတာပဲ၊ ဒါထက် သူက ကင်းတိတ်ကိုပြန်[illegible]ပြီဆိုတဲ့ သတင်းတွေ ထွက်လာနေပါလားဗျ"

ညည်းတွားရင်း မေးလိုက်လေသည်။ အိမ်ထိန်းကြီးက ...

"ဟုတ်ပါတယ် သူဌေးကြီး ... ဝူးလောက်ရှုက မြို့ကို ပြန်လာနေပါပြီ၊ သူ့ကိုမျက်နှာလိုမျက်နှာရ လုပ်ချင်သူတွေက အောင်ပွဲရတဲ့စစ်သူကြီးတစ်ယောက်လို အိုးစည်ဗုံမောင်းအကအခုန်တွေနဲ့ ကြိုဆိုဖို့ စီစဉ်နေကြပါတယ်"

ဝူးလောက်ရှုအား မျက်နှာလိုမျက်နှာရလုပ်ခြင်းမှာ နှိပ်ကက်ခံရသည့်ဘေးမှ လွတ်ကင်းနိုင်သည်ဟု အများသူငါက ယူဆကြပြီး ဝူးလောက်ရှုအား ကြိုဆိုသည့်ပွဲတွင်ပါဝင်ဆင်နွဲရန် အားခဲပြင်ဆင်နေကြောင်းလည်း ဆက်ပြီးပြောပြလိုက်လေသည်။

လူကောင်းများအား ဒုက္ခပေးပြီးပြန်လာသည့် လူဆိုးကြီးတစ်ယောက်အားတီးမှုတ်ကခုန်ကာ တပျော်တပါးကြိုဆိုကြမည်ဆိုသည်မှာ အဓိပ္ပာယ်မရှိ၊ မှားယွင်းသောလုပ်ရပ်ဖြစ်ကြောင်း လူတိုင်းမသိဘဲနေကြလိမ့်မည် မဟုတ်ပါချေ။ သူဌေးကြီးဝမ်းယွန်က

"ဝူးလောက်ရှု ဘယ်အချိန်လောက် ရောက်လာမှာလဲ"

ဟု မေးလိုက်သည်။ အိမ်ထိန်းကြီးက ...

"သူတို့ ပြန်လာနေကြပါပြီ၊ ကင်းတိတ်မြို့ကို တစ်[illegible]ခဲ့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်အတွင်း ရောက်လာကြပါလိမ့်မယ်"

"ကောင်းပြီ"

ဝမ်းယွန် ထိုင်နေရာမှထလိုက်လေသည်။ သူ၏မျက်နှာတည်ကြည်လေးနက်ကာ ထူးခြားသည့်အသွင်ဆောင်နေသည်။ အိမ်ထိန်းကြီးကို တစ်ချက်စိုက်ကြည့်လိုက်ပြီး ...

"ကျုပ်တို့ကလည်း မြို့စားကြီးကို ခရီးဦးကြိုပြုဖို့ လိုလေသေးမရှိအောင် စီစဉ်လိုက်ပါ"

ဟုပြောလိုက်သည်။ သူ၏စကားကြောင့် အိမ်ထိန်းကြီးကြောင်အမ်းအမ်းဖြစ်သွားလေတော့သည်။

မြို့သူမြို့သားများအား ဒုက္ခပေးနေသော ဂူးလောက်ရှုကြောင့် သူဌေးကြီးဝမ်းယွန် မကျေမနပ်ဖြစ်နေကြောင်း သိထားလေသည်။

သို့ပါလျက် ဝမ်းယွန်က ဂူးလောက်ရှုအား ကြိုဆိုမည်ဟုဆိုသောအခါ

"ထူးဆန်းလိုက်တာ ... သူဌေးကြီးက ခုတလော မထင်တာတွေချည်း လုပ်နေတော့တာပါပဲလား"

စိတ်ထဲ ညည်းတွားလိုက်မိလေတော့သည်။ ဝမ်းယွန်က

"ဒါထက် ဂူးလောက်ရှု ဖမ်းဆီးခေါ်ဆောင်လာတဲ့ အကျဉ်းသားတွေ ပါလာသေးသလား"



ဟုမေးလေသည်။ အိမ်ထိန်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"တစ်ယောက်မှ ပါမလာပါဘူး၊ သိုင်းဂိုဏ်းတွေနဲ့ မျိုးချစ်သိုင်းသမားတွေကို တစ်ယောက်မကျန် ချေမှုန်းသုတ်သင်ပစ်ခဲ့တယ်လို့ သိရပါတယ် သူဌေးကြီး"

ဤတွင် ဝမ်းယွန်၏မျက်နှာ မည်းမှောင်သွားလေတော့သည်။

❑

ရေပြည်နှင့်တူခဲ့သော ကင်းတိတ်မြို့သည် ယခုတော့ အလွန်သာယာပြီးပျော်ရွှင်စရာများ ပြည့်လျှမ်းနေသော မြို့တော်ကြီးတစ်ခုအဖြစ်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားလေသည်။

မြို့အဝင်တံခါးမကြီးမှနေ၍ မြို့စားဂေဟာတည်ရှိရာ ပန်းဥယျာဉ်ကြီးရှိရာသို့ရောက်သည်အထိ မင်းလမ်းမကြီးတစ်လျှောက်ကြက်ပျံမကျစည်ကားသိုက်မြိုက်နေလေသည်။

တီးမှုတ်ကခုန်နေကြသူများ၊ မြို့စားကြီးဂူးလောက်ရှုအားချီးမွမ်းဖွဲ့ဆိုထားသည့် တေးကဗျာသီဆိုရွတ်ဖတ်နေကြသူများ

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးတိုးမလွဲအောင် ရှိနေပါတော့သည်။

ဂူးလောက်ရှုနှင့် သူ၏လူများသည် တိုက်တိုင်းအောင် တပ်မကြီးတစ်ခုအလား ချီတက်ကာမြို့ထဲဝင်ရောက်လာကြလေသည်။

မကောင်းသတင်းနှင့်ကျော်ကြားနေသော ဂူးလောက်ရှု ၏ အလံများက လေထဲတလူလူလွင့်နေ၏။ မြင်းခွာသံ၊ မြင်းဟီသံ ကြွေးကြော်သံများလည်း ဟိန်းထွက်နေသည်။

မြင်းစီးကိုယ်ရံတော်တပ်ဖွဲ့ကရှေ့ဆုံးမှဦးဆောင်ဝင်ရောက်လာကြပြီး မြို့စားကြီးဂူးလောက်ရှုလိုက်ပါလာသောဝေါယာဉ်က အောင်စည်ယွန်းကာ လိုက်ပါလာလေသည်။

ဂူးလောက်ရှုက ဝေါယာဉ်ပေါ်၌ အခန့်သားထိုင်ကာ မိန့်မိန့်ကြီးပြုံးရင်းလိုက်ပါလာ၏။ ကိုယ်ရံတော်စုစန်းက မြင်းဖြူကြီးတစ်ကောင်စီးနင်းကာ ဝေါယာဉ်နံဘေးမှ အနီးကပ်စောင့်ရှောက်ရင်း လိုက်လာခဲ့လေသည်။

ဂူးလောက်ရှုအလွန်ပင်အားရကျေနပ်နေမိလေသည်။ မြို့စားဘဝမှ နယ်စား၊ နယ်စားဘဝမှ နန်းတွင်းသို့ပင် လှမ်းတက်ရန် ကြံရွယ်ထားလေသည်။

"လူတွေအားလုံး ငါ့ကိုအမြဲတမ်းဦးညွှတ်နေကြရလိမ့်မယ်"

ဂူးလောက်ရှု စိတ်ထဲရေရွတ်လိုက်သည်။ ဝေါယာဉ်ဖြင့် အခန့်သားထိုင်ကာလိုက်သွားရင်း တစ်နေရာသို့အရောက်တွင် ထူး



ခြားသောမြင်ကွင်းတစ်ခုကြောင့် ဂူးလောက်ရှု အံ့ဩသွားရလေတော့သည်။

"ဟင် ... ဒါက ဘယ်လိုဖြစ်တာလဲ"

သူဌေးကြီးဝမ်းယွန်က ကိုယ်တိုင်ထွက်ကာ ကြိုဆိုနေခြင်းဖြစ်လေသည်။ ဂူးလောက်ရှု မယုံနိုင်အောင်ဖြစ်ကာ မျက်လုံးကို လက်ဖြင့်ပွတ်ပြီး ထပ်မံကြည့်လိုက်၏။

ဝမ်းယွန်က ဂူးလောက်ရှုကိုချီးမြှင့်သော စကားလုံးများ ဖြင့် ကြွေးကြော်ကာ ကြိုဆိုနေသည်ကိုအမှန်ပင် တွေ့နေ၊ မြင်နေရလေသည်။

"ဝမ်းယွန်ဟာ ငါ့ကို သဘောမကျဘူး၊ သူဟာ မျိုးချစ်သိုင်းသမားတွေကို အားပေးထောက်ခံနေသူပဲ၊ ဘာကြောင့် ငါ့ကို ကြိုဆိုနေရတာလဲ"

ချက်ချင်းပင် စုစန်းကိုမေးလိုက်လေသည်။

"စုစန်း ... မင်း ဝမ်းယွန်ကို တွေ့တယ်မဟုတ်လား"

စုစန်းက ...

"ကျွန်တော်အံ့ဩနေပါတယ်၊ ဝမ်းယွန်ဟာ မိတ်ဆွေ ဘယ်တော့မှဖြစ်လာနိုင်မယ့်လူတစ်ယောက် မဟုတ်ပါဘူး"

ရုတ်တရက်မို့ သူလည်း ဇဝေဇဝါဖြစ်နေပါတော့သည်။ ဂူးလောက်ရှု ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရောက်လာတာ မကြာသေးပေမယ့် ကင်းတိတ်နယ်တစ်ဝိုက်မှာ ဘယ်သူမှခေါင်းဖော်မကြည့်ဝံ့အောင် နှိမ်နင်းထားနိုင်လိုက်တော့ သူလည်းကျုပ်ကိုအာခံဖို့ စိတ်မကူးဝံ့တော့တာဖြစ်မယ်"

စုစန်း မျက်မှောင်ကုတ်နေပြီး ဘာမှမပြောချေ။ ဂူးလောက်ရှုက

"သူဟာ ကုန်သည်ပွဲစားသူဌေးကြီးတစ်ယောက်ပဲလေ၊ ပါးနပ်မှုရှိမှာပေါ့၊ ကျုပ်ကိုဆန့်ကျင်မယ့်အစား ကျုပ်ကိုထောက်ခံတာပိုပြီးအကျိုးရှိမယ်ဆိုတာ သူ မသိဘဲနေမှာမဟုတ်ဘူး"

ဂုဏ်ယူဝင့်ကြွားသောလေသံဖြင့် ပြောလိုက်လေသည်။ မည်သူမဆို ထိပ်တိုက်ရင်ဆိုင်လာပါက ဒုက္ခရောက်သွားအောင် သူက စွမ်းဆောင်နိုင်သဖြင့် အားလုံးက ရင်မဆိုင်ဝံ့အောင် ကြောက်ရွံ့ထိတ်လန့်နေကြပြီး သူ့အား အရေးတယူမျက်နှာလို မျက်နှာရလုပ်နေရပြီဟု သဘောထားခြင်းဖြစ်လေသည်။ စုစန်းက ...

"ဝမ်းယွန်ဟာ လွယ်လွယ်နဲ့ရမယ့်လူတစ်ယောက် မဟုတ်ပါဘူး မြို့စားကြီး"

ဟု သတိပေးသလိုပြောလိုက်လေသည်။ ဂူးလောက်ရှုလက်ဖဝှေ့ယမ်းလိုက်သည်။

"သူ့ထက်အဆပေါင်းများစွာ ပိုပြီးမာကျောတဲ့လူတွေတောင် ကျုပ်ရှေ့မှာ ဒူးထောက်ခဲ့ရတာပဲ၊ သူရော ဘာများတတ်





နိုင်မှာမို့လဲ၊ ဝမ်းယွန်က အကောင်းအဆိုး ဘာကြောင့်မခွဲခြားတတ်ရမှာလဲ"

စုစန်း ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။ ဂူးလောက်ရှုက ...

"သူနဲ့ငါ စကားပြောလိုက်ဦးမယ်"

ထို့နောက် ဝမ်းယွန်၏အိမ်ရှေ့၌ ဝေါယဉ်ကိုရပ်တန့်ရန် အမိန့်ပေးလိုက်လေသည်။

သူဌေးကြီးဝမ်းယွန်သည် အိမ်ရှေ့၌အခြွေအရံ အသင်းအပင်းများခြံရံကာ ကြိုဆိုနေခြင်းဖြစ်လေသည်။ မြို့စားကြီးဝမ်းလောက်ရှုက

"ဘယ်လိုလဲ ... သူဌေးကြီးကိုယ်တိုင်ထွက်ပြီး ကြိုဆိုနေပါလားဗျ"

ဝမ်းယွန်ဦးညွှတ်လိုက်လေသည်။

"မြို့စားကြီးဟာ အန္တရာယ်အပေါင်းကို တိုက်ခိုက်ချေမှုန်းနိုင်တဲ့သူရဲကောင်းကြီးတစ်ဦးဖြစ်တာကြောင့် ကြည်ညိုလေးစားမိ

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ကိုယ်တိုင်ထွက်ပြီး ကြိုဆိုရခြင်းဖြစ်ပါတယ်"

"ဟား ဟား ဟား"

ဝမ်းလောက်ရှုရယ်မောလိုက်သည်။

"ခင်ဗျားက ကျုပ်ဟာ တကယ်ပဲကြည်ညိုလေးစားထိုက်တဲ့လူတစ်ယောက်လို့ လက်ခံတာလား ဒါမှမဟုတ် စိတ်ထဲမပါဘဲ ပါးစပ်က ပြောတာလားဗျ၊ ကျုပ် ရှင်းရှင်းလင်းလင်း သိရအောင် ပြောစမ်းပါဦး"

ဝမ်းယွန်က ...

"ကျုပ်က စကားမပြောတတ်လို့ အရင်ကနဲ့မတူဘဲ အမြင်မှန်ရသွားပြီလို့သာ ပြောပါရစေဗျာ"

ဝမ်းလောက်ရှုသည် လူပုံအလယ်တွင် ဝမ်းယွန်က အရိအသေပေးပြီး တလေးတစားကြိုဆိုသည်ကို ကျေနပ်သွားလေသည်။

"ငါ့ကိုအံ့တုလို့မရဘူးဆိုတာ သူ ကောင်းကောင်းကြီး သဘောပေါက်သွားပြီပေါ့"

"သူဟာ စီးပွားရေးသမားတစ်ယောက်လည်းဖြစ်တော့ အရိပ်အကဲနားလည်မှာပဲ၊ ငါ့ကိုဆန့်ကျင်တာထက် ငါ့ကိုအားကိုးပြီး ငါနဲ့လက်တွဲတာက ပိုပြီးအကျိုးရှိမယ်ဆိုတာ နားမလည်ဘဲနေမှာမဟုတ်ဘူး"

ထိုသို့တွေးပြီ ဝမ်းယွန်က သူ့အား ဆန့်ကျင်တော့မည် မ



ဟုတ်ဟု ယူဆသွားလေတော့သည်။

"ကောင်းတယ် ... သူဌေးကြီး ခုလို အမြင်မှန်ရသွားတာကို ကျုပ်ဝမ်းသာပါတယ်၊ သူဌေးကြီးလိုအပ်တာရှိရင် ပြောပါ၊ ကျုပ်ဘာမဆိုကူညီဆောင်ရွက်ပေးနိုင်တယ်ဆိုတာ သိထားစေချင်တယ်"

ဝမ်းယွန် ဝမ်းသာသွားလေသည်။ အခွင့်အရေးကို လက်လွှတ်မခံဘဲ ပြောလိုက်သည်။

"ဟုတ်ကဲ့ ... အခွင့်သင့်တုန်း ကျုပ်ကအခွင့်အရေးတစ်ခု တောင်းချင်ပါတယ်ဗျာ"

ဝမ်းလောက်ရှုက ...

"ဘာများတောင်းဆိုချင်တာလဲ ... ပြောစမ်းပါဦး"

ဝမ်းယွန်က ...

"သည်လိုပါ ... ကျုပ်က မြို့စားကြီးရောက်လာကတည်းက ဘာသိဘာသာ နေခဲ့သလိုဖြစ်ခဲ့ပါတယ်၊ ဒါဟာ မရိုမသေ မလေးစားရာရောက်နေပြီဆိုတာ ကျုပ် ခုမှ ဆင်ခြင်မိပြီး နောင်တရမိပါတယ်၊ အဲဒါ ..."

ဝမ်းလောက်ရှုကပြုံး၍ ဝမ်းယွန်ဆက်ပြောလာမည့်စကားကို နားထောင်နေ၏။ ဝမ်းယွန်က ...

"ကျုပ်က မြို့စားကြီးကို အင်မတန်ကြည်ညိုလေးစားတယ်ဆိုတာ သက်သေပြတဲ့အနေနဲ့ ကျုပ်ရဲ့အိမ်ဂေဟာမှာမြို့စား

www.burmeseclassic.com

www.burmeseclassic.com



ကြီးအတွက် ဂုဏ်ပြုညှော်ခံပွဲကျင်းပလိုပါတယ်၊ မြို့စားကြီးကြွရောက် ချီးမြှင့်ဖို့ တောင်းပန်ပါတယ်"

အမှန်ပင် ရိုသေလေးစားသည့်အသွင်သဏ္ဍာန်မျိုးဖြင့် ပြောလေသည်။

"ဟား ဟား ဟား"

ဝမ်းလောက်ရှုရယ်မောလိုက်လေသည်။

"ခင်ဗျား တယ်လည်းသိတတ်နေပါလား"

ထိုစဉ် စုစန်းက အနီးသို့ချဉ်းကပ်လာပြီး တီးတိုးပြောလိုက်သည်။

"မြို့စားကြီးခင်ဗျာ ... သူဌေးကြီးဝမ်းယွန်ဟာ မန်ချူးတွေကို ဆန့်ကျင်တဲ့လူတစ်ယောက်လို့ သတင်းရှိပါတယ်၊ သူ့ကို သတိထားဆက်ဆံသင့်ပါတယ်ဗျာ"

ဝမ်းလောက်ရှုက စဉ်းစားလိုက်သည်။ ဝမ်းယွန်သည် မန်ချူးများအား ဆန့်ကျင်သူဟု သတင်းကြီး၏။ သို့တိုင်အောင် မိတ်ဆွေအပေါင်းအသင်းများပြီး နေရာတိုင်း၌ ဝင်ဆံ့သူဖြစ်သည်။

ဝမ်းယွမ်ကိုသာ စည်းရုံးသိမ်းသွင်းထားနိုင်လျှင် ဝမ်းယွန်၏မိတ်ဆွေများသည် မိမိအားဆန့်ကျင်ရန် ဝန်လေးသွားကြမည်။ ထို့အပြင် ဝမ်းယွန်လျှောက်သောလမ်းအတိုင်း လျှောက်ကာ မိမိကိုလေးလေးစားစား ဆက်ဆံလာနိုင်သည်။ ဤသို့ဆိုလျှင် သူ၏



အရှိန်အဝါ ပို၍ကြီးမားလာမည်ဟု တွေးမိလိုက်လေသည်။

ဝမ်းယွန်နှင့် ရင်းရင်းနှီးနှီးဆက်ဆံကာ ဝမ်းယွန်၏အရှိန်အဝါကို အသုံးချဖို့ တွေးတောလိုက်ခြင်းဖြစ်လေသည်။

"မြို့စားကြီး ကြွရောက်ချီးမြှင့်ဖို့ မေတ္တာရပ်ခံပါတယ်ဗျာ"

ဝမ်းယွန်က ထပ်မံတောင်းပန်လာလေသည်။ ဝမ်းလောက်ရှု ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"ကောင်းပြီလေ ... သူဌေးကြီးက သည်လောက်တောင် ဖိတ်ခေါ်နေမှတော့ ကျုပ်မငြင်းချင်တော့ပါဘူး၊ ကျုပ် လာခဲ့ပါမယ်"

"အို ... ဝမ်းသာလိုက်တာဗျာ"

ဝမ်းယွန်လည်း ဝမ်းသာအားရဖြစ်သွားတော့သည်။

"မြို့စားကြီးကျေးဇူး ကြီးလှပါတယ်၊ သန်ဘက်ခါညနေ ကျုပ်က အားလုံးအဆင်သင့် ဆောင်ရွက်ထားပါ့မယ်၊ မြို့စားကြီးအနေနဲ့ ..."

သူ၏စကားမဆုံးမီ ဝမ်းလောက်ရှုက ကြားဖြတ်ပြောလိုက်လေသည်။

"စိတ်ချ ... ကျုပ်ဆက်ဆက်လာခဲ့ပါမယ်"

❑

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးဝမ်းယွန်၏ အိမ်တော်တွင် ရောင်စုံမီးပုံးများ ချိတ်ဆွဲကာ အဆောက်အအုံတစ်ခုလုံးအား လှပတင့်တယ်နေစေပါသည်။

ဧည့်ခန်းထဲ၌ ထိပ်တန်းဟင်းလျာများ အရက်များဖြင့် စားပွဲတစ်ခုလုံး အပြည့်ခင်းကျင်းထားလေသည်။ ယင်းဧည့်ခန်း၏ အနောက်ပိုင်းတွင် ပါးလွှာသောပဝါများဖြင့် ကာရံထားသည်။

နေဝင်သည်နှင့် မြို့စားကြီးဂူလောက်ရှုက အပါးတော်မြဲလေးယောက်ခြံရံကာ ရောက်ရှိလာလေသည်။

"ကြွပါခင်ဗျာ ကြွပါ"

သူဌေးကြီးဝမ်းယွန်ကိုယ်တိုင်ထွက်ကာ ကြိုဆိုလိုက်လေသည်။ ဂူလောက်ရှု၏မျက်နှာ ပြုံးရွှင်နေ၏။

"သူဌေးကြီးက အတော်ကိုလှလှပပ ပြင်ဆင်ထားတာပဲကိုး"

"မြို့စားကြီးလို ပုဂ္ဂိုလ်တစ်ယောက် ရောက်လာမယ်ဆိုတော့ ကျုပ် ခုလိုပြင်ဆင်ထားရတာကိုတောင် အားမရနိုင်သေးပါဘူးဗျာ"

နှစ်ယောက်သား စကားတပြောပြောနှင့် ဧည့်ခန်းထဲ ရောက်ရှိလာကြလေသည်။ ဝမ်းယွန်က ဂူလောက်ရှုအား ဧည့်ခန်းထဲခေါ်သွားသော်လည်း အပါးတော်မြဲလေးယောက်ကိုမူ သီးသန့်ပြင်ဆင်ထားသော အခန်းတစ်ခု၌ ဧည့်ခံခဲ့လေသည်။



ဂူလောက်ရှုသည် ပြင်ဆင်ထားသော စားသောက်ဖွယ်ရာများကိုကြည့်ကာ ရယ်မောလိုက်လေသည်။

"ဘယ်လိုလဲ ... သူဌေးကြီးပြင်ဆင်ထားတဲ့ ဟင်းလျာတွေက များလှချည်လား၊ ဧည့်သည်ဘယ်နှစ်ယောက်များ ဖိတ်ထားလို့လဲ"

ဝမ်းယွန်က ...

"တခြားဧည့်သည်တစ်ယောက်မှ မဖိတ်ခေါ်ပါဘူး၊ မြို့စားကြီးတစ်ယောက်တည်းကိုပဲ ဂုဏ်ပြုချင်လို့ သီးသန့်ဖိတ်ကြားပြီး ဧည့်ခံဖို့ပြင်ဆင်ထားတာပါဗျာ"

ဂူလောက်ရှုကျေနပ်သွားလေသည်။

"ကောင်းတယ် ကောင်းတယ် ... ကျုပ်အပေါ် သိတတ်မယ်ဆိုရင် ကျုပ်ကလည်း ပြန်ပြီးသိတတ်ရမှာပေါ့လေ"

ဝမ်းယွန်က ...

"မြို့စားကြီးရဲ့ကျေးဇူး ကြီးမားလှပါတယ်ဗျာ၊ ကျုပ်က မြို့စားကြီးကို ဂုဏ်ပြုချင်လို့ပါဗျာ၊ တခြားဘာအကူအညီမှ လိုချင်လို့ မဟုတ်ပါဘူးဗျာ"

ဂူလောက်ရှုက ...

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူဌေးကြီး မဆိုးဘူး၊ ကျုပ် သည်ကိုရောက်လာတော့ တချို့လူတွေက ကျုပ်ရဲ့ကျေးဇူးကို နားမလည်ကြဘူး၊ ကျုပ်အပေါ် မသိတတ်ကြဘူး"

ဝမ်းယွန်က ...

"ဟုတ်ပါတယ် ... တချို့က မြို့စားကြီးကို အပြစ်တောင်ပြောချင်ကြပါသေးတယ်၊ တကယ်တော့ မြို့စားကြီးဟာ အားလုံးအေးအေးချမ်းချမ်း နေထိုင်စားသောက် စီးပွားရှာနိုင်အောင် အန္တရာယ်တွေကို ရင်ဆိုင်ချေမှုန်းနေရတယ်ဆိုတာ နားမလည်ကြပါဘူး"

"ဒါပေါ့"

"အားလုံးအတွက် အသက်အန္တရာယ်ကိုတောင်အမှုမထားဘဲ နေ့မအားညမအား အများကောင်းကျိုးဆောင်ရွက်နေတာကို ကျေးဇူးတင်သင့်ပါတယ်၊ ဒါပေမဲ့ တစ်နေ့တော့ အားလုံးနားလည်သဘောပေါက်လာကြပါလိမ့်မယ်၊ ကျုပ်ကလည်း ရှင်းပြပြီးနားလည်လက်ခံလာအောင် ကြိုးစားသွားမယ်လို့ ကတိပေးပါတယ်၊ ကဲ မြို့စားကြီး ... သုံးဆောင်လိုက်ပါဦး"

"ကောင်းပြီ ကောင်းပြီ"

မြို့စားကြီးဝူလောက်ရှူသည် ဧည့်သည်တော်နေရာ၌ နေရာယူကာ ဝမ်းယွန်ဧည့်ခံကျွေးမွေးသည်ကို စားသောက်လိုက်လေသည်။



ဝမ်းယွန်က အကောင်းဆုံးဟင်းလျာများကို ကိုယ်တိုင်ထည့်ကျွေးလေသည်။ ဝူလောက်ရှူစားသောက်ပြီးသွားတော့မှ ...

"မြို့စားကြီး စားသောက်ပြီးသွားရင် ဖျော်ဖြေဖို့ စီစဉ်ထားပါသေးတယ်"

ပြောပြောဆိုဆို လက်ခုပ်တစ်ချက်တီးလိုက်လေသည်။ လက်ခုပ်သံကြားလိုက်သည်နှင့် ဇာပဝါနောက်မှ သာယာငြိမ့်ညောင်းသောတေးဂီတသံများ ထွက်ပေါ်လာလေတော့သည်။

"ဩော် ... သူဌေးကြီးက ကျုပ်ကိုတေးဂီတနဲ့ ဖျော်ဖြေဖို့ပါ ကြိုတင်စီစဉ်ထားတာကိုး"

"ဟုတ်ပါတယ်ဗျာ"

သာယာငြိမ့်ညောင်းသော တေးဂီတသံများနှင့်အတူ မိန်းကလေးတစ်ဦး ယိမ်းကနွဲ့ကာ ကနေသည်။

ဝူလောက်ရှူသည် ယိမ်းနွဲ့ကပြနေသော မိန်းမချောလေးအား မြင်တွေ့လိုက်ရသောအခါ ရင်ထဲ၌တစ်ချက်လှုပ်ရှားသွားလေသည်။

အကြောင်းမှာ ထိုကပြနေသော မိန်းကလေးက အလွန်လှပပြီး ကိုယ်လုံးကိုယ်ထည်အချိုးအဆစ်ပြေပြစ်လှသည်။ သူမ၏ ကဟန်မှာလည်း လိပ်ပြာလေးပမာ လှပ၍ ပေါ့ပါးသွက်လက်နေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အသံကလည်း ရင်ကိုအေးမြစေပါတော့သည်။ ဝူးလောက်ရှုသည် အရာရာကိုမေ့လျော့ကာ မိန်းကလေးကို ငေးမောကြည့်နေမိတော့သည်။

မကြာပါချေ ... တေးသံသာများ ပြီးဆုံးသွားသကဲ့သို့ မိန်းကလေး၏ကပြအသုံးတော်ခံမှုသည်လည်း ရပ်တန့်သွားတော့သည်။

ဧည့်ခန်းမကြီးထဲ၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားသည်ဆိုနိုင်သည်။ ရုတ်တရက် ...

'ဖြောင်း ဖြောင်း ဖြောင်း'

လက်ခုပ်သံများ ထွက်ပေါ်လာလေသည်။ ဝူးလောက်ရှု က လက်ခုပ်လက်ဝါးတီးလိုက်ခြင်းဖြစ်သည်။

"ကောင်းတယ်ဟေ့"

ဟုလည်း အားရပါးရ ချီးကျူးလိုက်လေသည်။ ဝမ်းယွန် ပြုံးလိုက်သည်။

"ကဲ သမီးရေ ... မြို့စားကြီးဟာ တခြားလူမှမဟုတ်ဘဲ ... ထွက်တွေ့လိုက်ပါဦးကွယ်"

"ဟုတ်ကဲ့ ဖေဖေ"

ဓာပဝါများလှုပ်ယမ်းသွားကာမိန်းမချောလေးတစ်ယောက်က အပြင်ဘက်လှမ်းထွက်လာလေတော့သည်။ ကျင်ကျင်ဖြစ်လေသည်။



ယခု ကျင်ကျင်သည် အိမ်ဖော်မလေး တစ်ယောက်မဟုတ်တော့ဘဲ နတ်မိမယ်လေးအလား ချောမောလှပသည့် သူဌေးသမီး ဖြစ်နေချေပြီ။

ကျင်ကျင်က ဝူးလောက်ရှုအား ဦးညွတ်ဂါရဝပြုလိုက်သည်။

"မြို့စားကြီးကို ကျွန်မ အရိုအသေပေးပါတယ်ရှင်"

ကျင်ကျင်၏အလှကို မှင်တက်မိကာ ငေးမောကြည့်နေမိသော ဝူးလောက်ရှုသတိဝင်လာလေသည်။

"ဟား ဟား ဟား"

ကိုယ့်အဖြစ်ကိုယ် သင်ခြင်မိကာ အရှက်ပြေရယ်မောလိုက်လေသည်။

"ဘယ့်နှယ်လဲ ... မိန်းကလေးက ကျုပ်ကိုသိနေတယ် ... ဟုတ်လား"

ကျင်ကျင်က ထပ်မံဦးညွတ်လိုက်လေသည်။

"ဟုတ်ကဲ့ရှင့် ... ကင်းတိတ်တစ်မြို့လုံး မြို့စားကြီးကို မသိသူ တစ်ယောက်မှမရှိသလောက်ပါဘဲရှင်"

ဝူးလောက်ရှုပီတိဖြာသွားလေသည်။ ကျင်ကျင်က

"ဒါပေမဲ့ ကျွန်မက မြို့စားကြီးကိုတစ်ခါမှမတွေ့ဖူးတာကြောင့် ခုလိုတွေ့ရတာ ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူးရှင်"

"ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဂူးလောက်ရှ သဘောကျစွာ ရယ်မောလိုက်လေသည်။ ကျင်ကျင်က ...

"ကျွန်မကို ခွင့်ပြုပါဦးရှင်"

ဟု ခွင့်တောင်းကာ ဓာကန့်လန့်ကာနောက်သို့ ပြန်ဝင်သွားလေတော့သည်။

ဂူးလောက်ရှသည် ကျင်ကျင် မြင်ကွင်းမှပျောက်ကွယ်သွားသည်အထိ မျက်တောင်မခတ်ငေးမောကြည့်နေမိလေတော့သည်။

ကျင်ကျင် ...။

ထိုမိန်းကလေးကျင်ကျင်က မြို့စားကြီးဂူးလောက်ရှအား ညှို့ယူဖမ်းစားထားလိုက်ပြီဖြစ်လေသည်။

❑

ကျင်ကျင်၏အရိပ်ပျောက်ကွယ်သွားသည်အထိ ငေးကြည့်ကာ ကျန်ရစ်ခဲ့လေသည်။ အတန်ကြာမှ သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟင်း ... တော်တော်လှတဲ့ မိန်းကလေးပါလား"

ထိုအခါ ဝမ်းယွန်က ...



"သြော် ... ဒါနဲ့ ... မြို့စားကြီးကို စကားတစ်ခွန်းပြောပါဦးမယ်ဗျ"

"ပြောပါ"

"ကျင်ကျင်ကို မြို့စားကြီးဘယ်လိုမြင်သလဲ"

"ဟ ... ဘယ်လိုမြင်ရမှာလဲကွ၊ သိပ်လှ၊ သိပ်ချောတဲ့ မိန်းကလေးတစ်ယောက်လို့ မြင်တာပေါ့"

"မြို့စားကြီးက သူ့ကိုနှစ်သက်ပါရဲ့လား"

"ဗျာ"

မြို့စားကြီး၏မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

"မင်း ဘယ်လိုမေးလိုက်တာလဲ သူဌေးကြီး"

ဝမ်းယွန်က ပြုံးကာ ...

"သူ့ကိုနှစ်သက်ရဲ့လားလို့ ကျွန်တော်မေးနေတာပါ"

"ဘယ့်နှယ်ပြောပါလိမ့် ... ဒီလောက်လှတဲ့မိန်းကလေးကို မနှစ်သက်ဘဲနေပါ့မလား"

"ဒါဖြင့် ကျွန်တော်က သူ့ကိုမြို့စားကြီးလက်ထဲအပ်လိုက်ပါ့မယ်"

"ဟေ"

မြို့စားကြီးက ဒုတိယအကြိမ် မျက်လုံးပြူးကျယ်သွားၿ၏။ သူ၏နားကိုပင် သူ မယုံကြည်နိုင်အောင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ငွေးကြီးက ဘာတွေပြောနေတာလဲ"

သူသည် ထပ်မံမေးလိုက်ခြင်းဖြစ်ပါသည်။

"ဩော် ... ကျွန်တော်ပြောတာက သူ့ကိုနှစ်သက်ရင် ကျွန်တော် မြို့စားကြီးရဲ့လက်ထဲကို အပ်လိုက်မယ်လို့ ပြောတာပါ"

မြို့စားကြီးက ထခုန်မတတ် ဝမ်းသာသွားသည်။ သို့သော် သူသည်ဣန္ဒြေကို ထိန်းသိမ်းသောအားဖြင့် ...

"အို ... ဖြစ်ပါ့မလား၊ ငါနဲ့သူက အသက်အများကြီးကွာနေတယ်ကွဲ့"

ဝမ်းယွန်က ခေါင်းခါယမ်းလိုက်သည်။

"ဒါက မဆန်းပါဘူးခင်ဗျာ၊ မိန်းကလေးက မြို့စားကြီးလို အာဏာတန်ခိုးနဲ့ပြည့်စုံတဲ့ယောကျ်ားတစ်ယောက်ရတာကိုပဲ ဂုဏ်ယူစရာကောင်းပါတယ်ဗျာ"

ဝူးလောက်ရှုသည် ဝမ်းသာသွားသည်။

"ထားပါတော့လေ ... မိန်းကလေးကရော ကျေနပ်ပါ့မလား"

ဝမ်းယွန်ပြုံးလိုက်သည်။

"ကျွန်တော့်သမီးအကြောင်း ကျွန်တော်သိပါတယ်ဗျာ၊ သူဟာ အာဏာနည်းယောကျ်ားကောင်းဆိုရင် သိပ်ပြီးသဘောကျတာ၊ မြို့စားကြီးကိုလည်း သူက အမြဲချီးကျူးပြောဆိုနေတာ ကျွန်တော်



အသိပါ"

"ဟဲ ဟဲ ဟဲ ... ဒါဆိုလည်း ငါကမင်းကိုကျေးဇူးတင်ရမှာပေါ့"

ဝမ်းယွန်က ...

"မြို့စားကြီးကသာ လက်ခံမယ်ဆိုရင် နေ့ကောင်းရက်သာရွေးပြီး သူ့ကိုလာခေါ်ပါတော့ဗျာ"

ဝူးလောက်ရှုသည် ထိုင်ရာမှထလိုက်ပြီး ဝမ်းယွန်၏ ပခုံးအား တစ်ချက်ပုတ်လိုက်သည်။

"ကောင်းပြီလေ ... ငါ နေ့ကောင်းရက်သာရွေးပြီး လာခေါ်ပါ့မယ်၊ မင်းရဲ့ကျေးဇူးကိုလည်း ဆပ်ပါ့မယ်"

ထိုစဉ် အပါးတော်မြဲတစ်ယောက် ရောက်ရှိလာသည်။

"မြို့စားကြီးခင်ဗျား ... ကိုယ်ရံတော်စုစန်း ရောက်လာနေပါတယ်ခင်ဗျား"

မြို့စားကြီးက မျက်မှောင်ကုတ်သွား၏။

"သူဘာလာလုပ်တာလဲကွ ... ခေါ်ခဲ့စမ်း"

အပါးတော်မြဲက အလေးပြုပြီး ပြန်လည်ထွက်ခွာသွားလေသည်။ များမကြာမီ စုစန်းရောက်ရှိလာလေတော့သည်။ သူသည် မြို့စားကြီးအား ဦးညွှတ်လိုက်၏။

ဝူးလောက်ရှုက သူ့အား မကျေမနပ်သောအကြည့်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီး ...

"မင်း ဘာဖြစ်လို့ လိုက်လာတာလဲ"

"ကျွန်တော့်တာဝန်ပြီးလို့ အပြန်မှာ မြို့စားကြီးကို မတွေ့ တာနဲ့ စိုးရိမ်ပြီး လိုက်လာတာပါခင်ဗျာ"

ဂူးလောက်ရှုက သူ့အားစိုက်ကြည့်လိုက်ပြီး ...

"ငါ့ရဲ့မိတ်ဆွေဆီလာတာ ဘာမှစိုးရိမ်စရာမရှိပါဘူးကွ"

စုစန်းက ခေါင်းငုံ့သွားသည်။

"ဟုတ်ကဲ့"

ဂူးလောက်ရှုက ဝမ်းယွန်အား နှုတ်ဆက်လိုက်လေသည်။

"ကဲ သူဌေးကြီး ... အစစအရာရာ ကျေးဇူးတင်ပါတယ်ဗျာ ... သွားခွင့်ပြုပါဦး"

သူက ပြောဆိုနှုတ်ဆက်ပြီး စုစန်းအားမကြည့်တော့ဘဲ ထွက်ခွာသွားလေတော့သည်။

စုစန်းမှာ မြို့စားကြီးက အဘယ်ကြောင့်သူ့အား ဤကဲ့သို့ မကျေမနပ်ဖြစ်နေသည်ကို မသိရှိဘဲ ငေးကာ ရပ်၍နေလေတော့ သည်။

❑



ဝမ်းယွန်သည် စုစန်းအား ဦးညွှတ်ပြီး ပြုံးပြလိုက်သည်။

"ဘယ့်နှယ်လဲ ကိုယ်ရံတော်ကြီး ... နေကောင်းတယ်နော်"

စုစန်းက ပြန်လည်ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ ... နေကောင်းပါတယ် သူဌေးကြီး"

"ဩော် ... ဒါနဲ့ ကိုယ်ရံတော်ကြီးရောက်လာတုန်း အိမ်ထဲကို ခဏကြွပါခင်ဗျား"

"ကျေးဇူးတင်ပါတယ်ဗျာ၊ မြို့စားကြီးနောက်ကို လိုက်ရဦးမှာမို့ မဝင်တော့ပါဘူး"

ဝမ်းယွန်က စုစန်း၏လက်ကို အသာအယာဆွဲ၍

"အို ... ဘယ်ဟုတ်ပါ့မလဲ ... ကျုပ်က ကိုယ်ရံတော်ကြီးကို လေးစားနေတာ၊ ကြုံတုန်း ဦးရဲ့အိမ်ကိုမဝင်ရင် ဘယ်လာပြီး စိတ်ကောင်းပါ့မလဲကွဲ့"

စုစန်းမှာ ဝမ်းယွန်က လှိုက်လှိုက်လှဲလှဲဖိတ်ခေါ်သည်ကို မငြင်းသာတော့ပါ။ ထို့နောက် သူသည် ဝမ်းယွန်ဆွဲခေါ်ရာသို့ လိုက်ပါသွားလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယွန်းက ဧည့်ခန်းထဲသို့ရောက်ရှိလာသည်နှင့် ...

"သမီး ကျင်ကျင်ရေ ... ဧည့်သည်ရောက်နေမယ်၊ စားစရာတွေ ပြင်ပါဦးဟေ့"

ဟု အော်ပြောလိုက်သည်။ ကျင်ကျင်သည် ဓာပဝါအား တစ်ချက်လှပ်ကြည့်လိုက်ပြီး ...

"ဟုတ်ကဲ့ ဖေဖေ"

စုစန်းမှာ ကျင်ကျင်၏မျက်နှာအား လျှပ်တစ်ပြက်တွေ့လိုက်ရသောအခါ ရင်ဖိုသွားသည်။

"အား ... တော်တော်လှတဲ့ မိန်းကလေးပါလား"

စိတ်ထဲ၌ ကျိတ်၍ ရေရွတ်မိလိုက်လေသည်။ ဝမ်းယွန်းက စုစန်း၏ဟန်မူရာကိုကြည့်လိုက်မိသည်နှင့် ရိပ်စားမိလိုက်လေ သည်။

သူက မသိချင်ယောင်ဆောင်ကာ နေရာထိုင်ခင်းချထားပေးလိုက်သည်။

"ကဲ ကဲ ... ကိုယ်ရံတော်ကြီးထိုင်ပါခင်ဗျာ"

"ဟုတ်ကဲ့"

စုစန်းက လွတ်နေသောထိုင်ခုံတစ်ခုသို့ ဝင်ရောက်ထိုင်ချလိုက်၏။ သူ၏မျက်လုံးအစုံမှာမူ ဓာပဝါကာရံထားသော အတွင်းခန်းသို့ စူးစိုက်ကြည့်ရှုနေ၏။



သူ၏နားတွင် ဝမ်းယွန်းပြောလာသည့်စကားများကိုမကြားတစ်ချက်ကြားတစ်ချက်ဖြစ်နေ၏။ အတန်ကြာ ကျင်ကျင်အခန်းတွင်းမှ ထွက်ပေါ်လာလေသည်။

သူမ၏လက်နှစ်ဖက်တွင် ဗန်းတစ်ချပ်ကိုကိုင်ထားသည်။ ဗန်းကလေးပေါ်တွင် စားသောက်ဖွယ်ရာများပါရှိလာလေသည်။

သူမသည် စုစန်းအား တိတ်တခိုးကြည့်လိုက်ပြီးလျှင် ခေါင်းငုံ့ကာ သူ၏ရှေ့သို့ ဗန်းကလေးကိုချထားလိုက်သည်။ ဝမ်းယွန်းက ပြုံးလိုက်ပြီး ...

"ကဲ ... ကိုယ်ရံတော်ကြီး သုံးဆောင်ပါခင်ဗျာ"

စုစန်းမှာမူ လှည့်ထွက်သွားနေသော သူမ၏နောက်ကျောအား ငေး၍ကြည့်နေမိလေသည်။ ဝမ်းယွန်းက ...

"အဟမ်း"

ချောင်းတစ်ချက်ဟန့်ထားလိုက်တော့မှ စုစန်း သတိပြန်လည်ရလာလေသည်။ သူသည် ရှက်အမ်းအမ်းဖြင့် ကျင်ကျင်အားညွှန်ပြလိုက်ပြီးမေးလိုက်၏။

"သူက ..."

ဝမ်းယွန်းက ပြုံးလိုက်သည်။

"ဪ ... သူလား ... သူက ဦးရဲ့သမီး ကျင်ကျင်ပါ"

စုစန်းက အရှက်ပြေပြုံးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဦးရဲ့သမီးကိုး၊ ဒါကြောင့် တော်တော်လှနေတာပဲ"

ဝမ်းယွန်က ရယ်မောလိုက်သည်။

"ဟဲ ဟဲ ဟဲ ... ကိုယ်ရံတော်ကြီးက ဦးသမီးကို သဘောကျနေတယ်နဲ့တူတယ်"

စုစန်းက ရှက်ပြုံးပြုံးလိုက်သည်။

"ကျွန်တော့်ကိုခွင့်လွှတ်ပါ၊ ဦး သမီးကလှနေတော့ ကျွန်တော်ဣန္ဒြေပျက်သွားပါတယ်"

ဝမ်းယွန်က ခေါင်းခါယမ်းလိုက်သည်။

"အို ... ကိစ္စမရှိပါဘူးကွာ"

သူသည် အတွင်းဘက်ခန်းသို့ လှည့်ကြည့်လိုက်ပြီး ...

"သမီးရေ ထွက်ခဲ့ပါဦး"

ကျင်ကျင်က အခန်းတွင်းမှ ခေါင်းကလေးငုံ့ကာထွက်လာပြန်သည်။

"ဘာများလဲ ဖေဖေ"

ဝမ်းယွန်က ပြုံးပြလိုက်ပြီး ...

"ကဲ လာစမ်းပါဦးကွယ် ... သမီးကို ဟောဒီကိုယ်ရံတော်ကြီးနဲ့ မိတ်ဆက်ပေးချင်လို့ပါ"

ကျင်ကျင်က မဝံ့မရဲဖြင့် ချိုတုံချတုံဖြစ်နေလေသည်။ ဝမ်းယွန်က ရယ်မောလိုက်သည်။



"သမီးကလည်းကွယ် ... ရှက်မနေစမ်းပါနဲ့၊ ကိုယ်ရံတော်ကြီးက တခြားလူမှ မဟုတ်တာ၊ နောက်ပြီး ဖေဖေတို့က သူ့ကို အများကြီးအားကိုးရဦးမယ် မဟုတ်လား"

"ဟုတ်ကဲ့ဖေဖေ"

ကျင်ကျင်က ပြောပြီး ရှေ့သို့လျှောက်လာလေသည်။ ဝမ်းယွန်က စုစန်းနှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး ကုလားထိုင်တစ်လုံး အားညွှန်ပြလိုက်၏။

"ကဲ သမီး ... ဟောဒီမှာထိုင်"

ကျင်ကျင်က စုစန်းအားတစ်ချက်ဦးညွှတ်လိုက်ပြီး ထို ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

စုစန်းမှာမူ ခြေမကိုင်မိ လက်မကိုင်မိ ပျာယီးပျာယာဖြစ်နေလေသည်။ ဝမ်းယွန်က စုစန်း၏အဖြစ်အပျက်ကို တွေ့မြင်ရသောအခါ စိတ်ထဲ၌ကျိတ်၍ ရယ်မိလေသည်။

ဤမျှ ကြမ်းတမ်းရက်စက်သော လူသတ်သမားက လှပသော မိန်းကလေးတစ်ယောက်ရှေ့တွင် ဣန္ဒြေပျက်နေသည်မှာ အံ့ဩဖွယ်ကောင်းလှ၏။

အခြေအနေကား သူ၏အကြံအစည်အောင်မြင်နေသည့်အလား ရှိနေသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေလေသည်။ ဝမ်းယွန်က ကျင်ကျင်ဘက်လှည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ သမီး ... ကိုယ်ရံတော်ကြီးကို ကောင်းကောင်းမွန်မွန် ဧည့်ခံပါကွယ်"

စုစန်းက လက်ကာပြလိုက်သည်။

"ဦး ကျွန်တော့်ကိုခင်ရင် ကိုယ်ရံတော်ကြီးလို့ မခေါ်ပါနဲ့ဗျာ"

"ဟား ဟား ဟား"

ဝမ်းယွန် အားပါးတရ ရယ်မောလိုက်သည်။

"ကိုယ်ရံတော်ကြီးကို လေးစားလွန်းလို့ ရာထူးတပ်ခေါ်တာပါ၊ ကိုယ်ရံတော်ကြီးကသာ ခွင့်ပြုမယ်ဆိုရင်တော့ နာမည်ပဲ ခေါ်ပါ့မယ်ခင်ဗျာ"

စုစန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော့်ကို စုစန်းလို့ပဲ ခေါ်စေချင်ပါတယ်"

"ကောင်းပါပြီကွယ်"

သူက ကျင်ကျင်ဘက်သို့ လှည့်လိုက်ပြီး ...

"ကဲ သမီးရေ ... မင်းအစ်ကိုစုစန်းကို အရက်ထည့်ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ ဖေဖေ"

ကျင်ကျင်က ထိုင်ရာမှထလိုက်ပြီး စုစန်း၏အရက်ခွက်ထဲသို့ အရက်ထည့်ပေးလိုက်၏။

"အို ... အားနာလိုက်တာဗျာ"



စုစန်းက ထိုင်ရာမှထလိုက်ပြီး အရက်ထည့်ပေးသည်ကို ငြင်းပယ်လိုက်သည်။ အမှတ်မထင် သူ၏လက်နှစ်ဖက်က ကျင်ကျင်၏လက်ကလေးအား ဆုပ်ကိုင်လျက်သားဖြစ်သွား၏။

စုစန်းမှာ တစ်ကိုယ်လုံးထူပူသွားပြီး ငေး၍တွေဝေနေတော့သည်။ ကျင်ကျင်က ရှက်စနိုးဖြင့် လက်ကိုအတင်းရုပ်သိမ်းလိုက်တော့မှ သူ သတိရလာ၏။

"အို ... အားနာလိုက်တာဗျာ"

ကျင်ကျင်က ခေါင်းကလေးငုံ့ကာ အတွင်းဘက်အခန်းသို့ ခြေလှမ်းသုတ်သုတ်ဖြင့် ပြေးလွှားထွက်ခွာသွားလေတော့သည်။

❑

စုစန်းက အတွင်းဘက်ခန်းသို့ ပြေးလွှားသွားသော ကျင်ကျင်အား ငေးကြည့်ရာမှ ဝမ်းယွန်ဘက်သို့ လှည့်လိုက်သည်။

"ဦး ... ဦးသမီး စိတ်ဆိုးသွားပြီနဲ့တူတယ်၊ ကျွန်တော်က မတော်လို့ပါ ... တမင်လုပ်တာ မဟုတ်ပါဘူး၊ ကျွန်တော်တောင်းပန်ပါတယ်၊ သူ့ကိုလည်း တောင်းပန်ပေးပါ"

ဝမ်းယွန်က တဟားဟားရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ စုစန်း ... မင်း အေးအေးဆေးဆေး ထိုင်နေပါ၊ ဦးသမီးက ရှက်သွားလို့ပါ ... မင်းကိုစိတ်ဆိုးလို့ မဟုတ်ပါဘူး"

"ဒါ ... ဒါဖြင့် ကျွန်တော် ဘာလုပ်ရမလဲခင်ဗျာ"

"ဘာမှ လုပ်စရာမလိုပါဘူးကွဲ့ ... စားစရာရှိတာ စားပါ"

စုစန်းမှာ မည်သည့်အစာကိုမှ မစားနိုင်တော့ပါ။ သူ၏စိတ်ထဲ၌ ကျင်ကျင်ကိုသာ တွေ့ချင်မြင်ချင်သည့်ဆန္ဒများ ပြင်းပြနေလေသည်။ ဝမ်းယွန်က သူ၏ပခုံးအား တစ်ချက်ပုတ်လိုက်ပြီး ...

"အင်း ... ကိုယ်ရံတော်ကြီးက ဦးသမီးကို သဘောကျနေပြီနဲ့တူတယ်"

စုစန်းက ခေါင်းငုံ့ထားလိုက်လေသည်။

"ဟုတ် ... ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"အို ... ကိုယ်ရံတော်ကြီးကလည်း တောင်းပန်စရာမလိုပါဘူး၊ မင်းက ယောကျ်ားပဲ၊ ဦးသမီးကိုကြိုက်ရင် ပြောပေါ့၊ ကိုယ်ရံတော်ကြီးနဲ့ဆိုရင် ဦးက မငြင်းပါဘူး"

စုစန်းက ထိုစကားကိုကြားလိုက်ရသောအခါ ဝမ်းသာသွားလေသည်။

"ဦး ... ဦး တကယ်ပြောနေတာလား"

"အို ... ကျုပ် ကလေးမှမဟုတ်ဘဲ၊ တကယ်ပြောနေတာပေါ့ကွဲ့"



စုစန်း ဝမ်းသာအားရဖြစ်သွား၏။

"ဟာ ... ဝမ်းသာလိုက်တာ ဦးရယ်၊ ဒါပေမဲ့ ဦးသမီးရဲ့သဘောက ဘယ်လိုရှိမယ်ဆိုတာ"

ဝမ်းယွန်က လက်ကာပြလိုက်သည်။

"ဦးသမီးအကြောင်း ဦးသိပါတယ်၊ သူက ကိုယ်ရံတော်ကြီးကို မကြာခဏ ချီးကျူးနေတာကွဲ့၊ ဒါကြောင့် ဦးက ခုလို ကတိပေးရဲတာပေါ့ကွယ်"

စုစန်းက ထိုစကားကိုကြားလိုက်ရသောအခါ ထိုင်ရာမှ ထကာ ဂါရဝပြုလိုက်၏။

"ဒါဖြင့် ... ကျွန်တော် ဦးကို ကန်တော့ခဲ့ပါတယ်ဗျာ"

ဝမ်းယွန်က ခေါင်းတညိတ်ညိတ်ဖြင့် ...

"အင်း ... နေ့ကောင်းရက်သာရွေးပြီး မင်းရဲ့ဖနီးလောင်းကို လာခေါ်လှည့်ပါ၊ ဦးက အချိန်မရွေးထည့်လိုက်မှာပါ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ခင်ဗျာ"

စုစန်းက ပြောဆိုပြီး ထပ်မံအရိုအသေပြုကာ ထိုနေရာမှ ပေါ့ပါးသွက်လက်စွာ ထွက်ခွာသွားလေတော့သည်။

❏

www.burmeseclassic.com

www.burmeseclassic.com



သုံးရက် ... ။

သုံးရက်အတွင်း စုစန်းမှာ အလုပ်တာဝန် များပြားလှသဖြင့် ကျင်ကျင်အား သွားရောက်ခေါ်ယူရန် အချိန်မရချေ။

တစ်နေ့ ဝမ်းယွန်သည် မြို့စားကြီးဂေဟာသို့ ရောက်ရှိလာလေတော့သည်။

ဝူးလောက်ရှသည် ဝမ်းယွန်ရောက်ရှိလာသည်ကို ကြားလိုက်ရသဖြင့် ကိုယ်တိုင်ခရီးဦးကြိုဆိုလေသည်။ ဧည့်ခန်းသို့ရောက်ရှိလာသောအခါ ဝူးလောက်ရှက စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံ၏။

"ဒါနဲ့ သူဌေးကြီးကြွရောက်လာတာဟာ ဘာကိစ္စများပါလဲ"

"ကိစ္စထွေထွေထူးထူးမရှိပါဘူး၊ ဒါပေမဲ့ သမီးကိစ္စနည်းနည်းပြောစရာရှိလို့ပါ"

"အင်း ... ပြောပါ သူဌေးကြီး"

"ဒီလိုပါ မြို့စားကြီး ... ကျွန်တော့်သမီးကို မြို့စားကြီးနဲ့ပေးစားမယ့်ကိစ္စ မကြာသင့်ဘူးလို့ ယူဆမိလို့ပါ"

ဝူးလောက်ရှသည် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပေသားပဲ ... သူဌေးကြီးလာမှ သတိရတော့တယ်၊



အခုတလော တိုင်းရေးပြည်ရေးက တော်တော်ရှုပ်ထွေးလို့ မအားမလပ်ဖြစ်နေတာပါဗျာ"

ဝမ်းယွန်သည် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ် မြို့စားကြီးမှာတာဝန်ဝတ္တရားအလွန်များပြားတဲ့အတွက် ကိုယ်ရေးကိုယ်တာကိစ္စကို မေ့မယ်ဆိုလည်း မေ့စရာပါပဲ၊ ဒါပေမဲ့ အခုတလော ကျွန်တော့်ရဲ့ ခြံဝင်းအနီးတစ်ဝိုက်မှာ လူငယ်လေးတွေ မကြာမကြာလာပြီး လည်ပတ်နေတော့ မတော်တဆဆိုသလို သမီးရဲ့ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးလို့ပါ"

ဝူးလောက်ရှက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဟုတ်တယ် ... ဒါကို ကျုပ်သတိမထားမိဘူး၊ ကဲပါလေ ... မနက်ဖြန်ဆို လာပြီးခေါ်ပါ့မယ်"

ဝမ်းယွန်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ ... စောစောခေါ်တော့လည်း ကျွန်တော်စိတ်အေးရတာပေါ့ဗျာ"

သူတို့သည် ပြောဆိုပြီး စားသောက်နေကြလေသည်။ ထို့နောက် ဝူးလောက်ရှက ဝမ်းယွန်အား ကိုယ်တိုင်ကိုယ်ကျ တံခါးဝအထိ လိုက်ပို့ပေးလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယွန်သည် မြင်းစီးကာအိမ်သို့ပြန်အလာ နောက်မှ မြင်းခွာသံကြားလိုက်ရသဖြင့် လှည့်ကြည့်မိသည်။ စုစန်းပင် ဖြစ်ပါသည်။ စုစန်းသည် ဝမ်းယွန်ထံသို့ ချဉ်းကပ်လာပြီး ...

"သူဌေးကြီး မြို့စားဂေဟာက ပြန်လာတာလား"

"ဟုတ်တယ်"

"မြို့စားကြီးနဲ့ရော တွေ့ရဲ့လား"

"တွေ့ပါတယ် ... သူက ဧည့်ခံလိုက်သေးတယ်"

"သူဌေးကြီးက မြို့စားကြီးဆီလာတဲ့ကိစ္စကို ကျွန်တော် သိခွင့်ရှိပါသလား"

ဝမ်းယွန်က ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... မင်း ဘယ်လိုပြောလိုက်တာလဲကွဲ့၊ မင်းဟာ ငါ့ရဲ့သမက်လောင်းပဲ ... ဘာဖြစ်လို့ မသိရှိရမှာလဲ"

"ဒါဖြင့် ကျွန်တော့်ကိုပြောပြပါလား"

ဝမ်းယွန်က အနည်းငယ်စဉ်းစားလိုက်ပြီး

"ဒီလိုကွဲ့ ... ဦးကတော့ မြို့စားကြီးဆီကို တခြားကိစ္စတစ်ခုနဲ့ လာတွေ့တာပဲ၊ စကားပြောရင်းနဲ့ မင်းအကြောင်းပါလာတာ"



စုစန်း မျက်လုံးပြူးသွားသည်။

"ကျွန်တော့်အကြောင်း ... ဟုတ်လား"

"ဦးသမီးနဲ့ မင်းလက်ထပ်ဖို့ကိစ္စပါ"

ထိုစကားကြားလိုက်ရသောအခါ စုစန်း၏မျက်နှာမှာ အနည်းငယ် ကြည်လင်လာလေသည်။

"မြို့စားကြီးက ဘာပြောလိုက်သလဲ ခင်ဗျာ"

"သူက အစစအရာရာ စီမံပေးပါ့မယ်တဲ့"

စုစန်းမှာ ဝမ်းသာရွှင်မြူးသွားသည်။ သူသည် ဝမ်းယွန်အား နှုတ်ဆက်ကာ လာလမ်းအတိုင်းပြန်လှည့်သွားပေတော့သည်။

ဝမ်းယွန်က တဖြည်းဖြည်းဝေးသွားသော စုစန်းအား ကြည့်ပြီး သူ၏မျက်လုံးအစုံမှာ သနားသောအရိပ်အယောင်များ ပေါ်လွင်လာလေသည်။

❑

ယနေ့ ... ။

သူဌေးကြီးဂေဟာကို အထူးမွမ်းမံပြင်ဆင်ထားသည်။ သူဌေးကြီးဝမ်းယွန်၏ သမီးထိမ်းမြားမင်္ဂလာပွဲကျင်းပသောနေ့ပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

တစ်ခုတော့ ထူးဆန်းနေသည်။ အကြောင်းမှာ အနီးတစ်ဝိုက်မှ နေထိုင်ကြသောလူများသည် သူဌေးကြီးဝမ်းယွန်၏ သမီးတစ်ယောက်ရှိသည်ကို ယခုမှပင် ကြားဖူးပေသည်။

ထို့ကြောင့် သူဌေးကြီးဂေဟာအနီးသို့ လူများမှာစုရုံးရောက်ရှိနေကြလေသည်။ သူတို့သည် ဝမ်းယွန်၏သမီးနှင့်သမက်လောင်းကို မြင်တွေ့ချင်ကြသည် မဟုတ်ပါလော။

စုစန်းသည် ဇဝေဇဝါဖြစ်နေသည်။ ယနေ့ ဝူးလောက်ရှုသည် စောစောပင်အိပ်ရာမှထလာပြီးနောက် ရေမိုးချိုးသည်။ သစ်လွင်တောက်ပသော အဝတ်အစားများကို ဝတ်ဆင်ပြီး တစ်ကိုယ်လုံးကို သေသေချာချာပြုပြင်ထားသည်။

ထို့ပြင် သတို့သမီးခေါ်ဆောင်ရန် ပန်းများဖြင့်ပြုလုပ်ထားသော ထမ်းစင်တစ်ခုကိုပါ အလျှင်အမြန်ပြုလုပ်စေသည်။

မြို့စားဂေဟာရှိလူအားလုံးတို့ကပင် ယနေ့ ဝူးလောက်ရှုမှာ သူဌေးကြီးဝမ်းယွန်၏ သမီးကို သတို့သမီးအဖြစ်ခေါ်ဆောင်သွားရမည့်အကြောင်း သိထားကြသည်။

စုစန်း၏စိတ်ထဲတွင် ဝူးလောက်ရှု ယခုကဲ့သို့ စီမံပြုလုပ်နေသည်မှာ မိမိအတွက် သတို့သမီးတောင်းရမ်းရန် ပြင်ဆင်နေခြင်းဖြစ်သည်ဟု နားလည်ထား၏။



သို့သော် ဝူးလောက်ရှုသည် မိမိအားစကားတစ်ခွန်းမှ ဖွင့်ဟပြောဆိုခြင်းမပြုပါ။ သူသည် ဝူးလောက်ရှုအား ဖွင့်၍မေးရန် အကြိမ်ကြိမ်ကြိုးစားခဲ့သည်။

သို့သော် ဝူးလောက်ရှုသည် မိမိအပေါ်စေတနာအပြည့်နှင့်ယခုကဲ့သို့ သတို့သမီးတောင်းရမ်းပေးခြင်းကို အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်မိလေသည်။

ထို့ကြောင့် သွယ်ဝိုက်သောနည်းဖြင့် ဝူးလောက်ရှုအား မေးမြန်းလိုက်သည်။

"မြို့စားကြီးခင်ဗျာ ... သူဌေးကြီးဝမ်းယွန်ဂေဟာကို သွားမလို့လား"

ဝူးလောက်ရှုက သူ့အားပြုံးပြလိုက်ပြီး ...

"ဟုတ်တယ်"

ဟု ပြောလိုက်သည်။ စုစန်းက ...

"ဒါဖြင့် ကျွန်တော်လိုက်ခဲ့ရမလား"

ဝူးလောက်ရှုက ရယ်မောလိုက်သည်။

"မင်းမလိုက်လို့ ဘယ်ဖြစ်မလဲကွ ... မင်း လိုက်ခဲ့ရမှာပေါ့"

ထိုစကားကြားလိုက်ရတော့မှ စုစန်း စိတ်ချသွားလေတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## ထောင်ချောက်

သူဌေးကြီးဝမ်းယွန်၏အိမ်ဂေဟာ၊ ခြံဝင်းအတွင်း၌ ထူးခြားစွာ ပြင်ဆင်ထားခြင်းမရှိသော်လည်း အိမ်ဂေဟာကြီး၌မူ လှပတင့်မယ်စွာ ပြင်ဆင်ထားလေသည်။

မြို့စားကြီးဝူးလောက်ရှုနှင့် စုစန်းတို့သည် မြင်းလှည်းတစ်စီးဖြင့် သူဌေးကြီးဝမ်းယွန်ထံသို့ လာခဲ့ကြလေသည်။

'ခွပ် ခွပ် ခွပ် ခွပ်'

'ခွပ် ခွပ် ခွပ် ခွပ်'

ဖြည်းဖြည်းမှန်မှန်မောင်းနှင်လာသော မြင်းလှည်းသည် ဝမ်းယွန်၏ခြံဝင်းရှေ့တွင် ရပ်တန့်သွားလေသည်။

စုစန်း ရင်ခုန်လာသည်။

ဝမ်းယွန်၏အိမ်ဂေဟာထဲမှ လွင့်ပျံ့လာသည့် တေးသံသာများကို ကြားလိုက်ရသည် မဟုတ်ပါလား။

ယဉ်ကျေးသိမ်မွေ့ကာ ချောမောလှပသော ကျင်ကျင်၏ မျက်နှာလေးကိုလည်း မြင်ယောင်လာလေသည်။



ယနေ့သည် ...

အလွန်မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်နေပါတော့သည်။

ကျင်ကျင်နှင့် ရွှေလက်တွဲကာ လက်ထပ်ပွဲသဘင်ကျင်းပရမည့် နေ့ထူးနေ့မြတ်မဟုတ်ပါလား။

စုစန်း သက်ပြင်းချလိုက်သည်။

"ငါ့ဘဝတစ်လျှောက်မှာ မိန်းမချော၊မိန်းမလှတွေ အများကြီးတွေ့ခဲ့ဖူးပါတယ်၊ တစ်ခါမှစိတ်မလှုပ်ရှားမိပါဘူး၊ အခု ကျင်ကျင်နဲ့ကျမှ ဘာကြောင့်များ သည်လောက်တောင်စိတ်လှုပ်ရှားနေရတာလဲ"

ကျင်ကျင်သည် သူ့အား လွှမ်းမိုးထားလိုက်ပြီဖြစ်ပါသည်။ ကျင်ကျင်အား မေတ္တာသက်ဝင်နေမိပြီဖြစ်သည်။ သူမနှင့်လက်ထပ်ကာ တစ်သက်လုံး အေးချမ်းသာယာစွာနေထိုင်သွားနိုင်လိမ့်မည်ဟု စုစန်းယုံကြည်ထားတော့သည်။

"စုစန်း"

ရုတ်တရက် ထွက်ပေါ်လာသောမြို့စားကြီးဝူးလောက်ရှု၏ ခေါ်သံကြောင့် စုစန်းသတိဝင်လာလေသည်။

"ဟုတ်ကဲ့ ... အမိန့်ရှိပါ မြို့စားကြီး"

ချက်ချင်း ဦးညွှတ်လိုက်လေသည်။

ဝူးလောက်ရှုက ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း သက်ပြင်းတွေချလှချည်လား၊ ဘာများဖြစ်နေသလဲ ပြောစမ်းပါဦး"

"ဟို ... ဟို ..."

စုစန်း မည်သို့ပြောရမှန်းမသိဖြစ်နေ၏။ ဝူးလောက်ရှုက

"ဘာကြောင့် ... သူဌေးကြီးဝမ်းယွန်ရဲ့သမီးချောလေး ကျင်ကျင်ကြောင့်လား"

"ဟုတ် ... ဟုတ်ပါတယ် မြို့စားကြီး"

"အင်း ... သူက မြို့စားဂေဟာကို ရောက်လာတော့မယ်ဆိုတော့ အားလုံးအံ့သြဝမ်းသာနေကြတယ်လေ၊ မင်းလည်း အံ့သြဝမ်းသာနေတယ်ဆိုတာ ငါသိပါတယ်၊ ဒါ ထူးဆန်းတဲ့ကိစ္စ မဟုတ်ပါဘူး"

"ဗျာ"

"ကျင်ကျင်ဟာ မွေးစားသမီးတစ်ယောက်ဖြစ်တာကြောင့် ပြောစရာဖြစ်နေတယ် မဟုတ်လား"

"ဒါ ... ဒါက"

စုစန်းသည် ကြောင်အမ်းအမ်းဖြင့် မြို့စားကြီးအား ငေးမောကြည့်နေပါတော့သည်။ မြို့စားကြီးပြုံးလိုက်သည်။

"သူဌေးကြီးဝမ်းယွန်က သူ့ကိုအမွေစားအမွေခံ မွေးစားထားတာဆိုတော့ အရေးမကြီးပါဘူးကွာ"

စုစန်း ခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ် မြို့စားကြီး"

ဝူးလောက်ရှုက ...

"ကျင်ကျင်နဲ့လက်ထပ်ပြီးရင် ..."

"မြို့စားကြီးခင်ဗျာ ... ကျင်ကျင်နဲ့လက်ထပ်မယ်ဆိုတာ ဘယ်သူများလဲဗျာ"

ဝူးလောက်ရှုက ...

"စုစန်း ... မင်းဘယ်လိုမေးလိုက်တာလဲ"

"ကျင်ကျင်နဲ့ လက်ထပ်ရမယ့်လူဟာ မြို့စားကြီးလား၊ ကျွန်တော်လား ဘယ်သူလဲဆိုတာ သိချင်လို့ပါ"

"ဟော"

ဝူးလောက်ရှု မျက်လုံးပြူးသွားသည်။ စုစန်းကိုစိုက်ကြည့်လိုက်သည်။

"မင်းက ကျင်ကျင်နဲ့လက်ထပ်ချင်တယ် ... ဟုတ်လား"

"အခု မင်္ဂလာကိစ္စဟာ ..."

"ငါက ကျင်ကျင်ကိုသွားပြီးတောင်းရမ်းပြီး မြို့စားဂေဟာကို ခေါ်သွားမလို့ကွ"

"မြို့စားကြီး တကယ်ပြောတာလား"

"ငါ ဘာကြောင့်လိမ်ပြောရမှာလဲ၊ နေပါဦး ... မင်းကရော ကျင်ကျင်နဲ့လက်ထပ်မလို့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဘယ်လိုဖြစ်တာလဲ ... ငါ့ကို ရှင်းပြစမ်းပါဦး"

စုစန်းက ...

"ကျွန်တော်တို့နှစ်ယောက်ကို သူဌေးကြီးဝမ်းယွန်ကိုယ်တိုင်က သဘောတူထားတာပါ"

"ဟား ဟား ဟား"

ဝူးလောက်ရှ ရယ်မောလိုက်လေသည်။ စုစန်းက ...

"ကျွန်တော် တကယ်ပြောနေတာပါ မြို့စားကြီး"

ဝူးလောက်ရှက ...

"မင်းကရော ကျင်ကျင်ကို တကယ်ပဲချစ်မြတ်နိုးတာပဲလား"

စုစန်း သက်ပြင်းချလိုက်သည်။

"အမှန်ကိုဝန်ခံရရင် ကျင်ကျင်ကို ကျွန်တော်သဘောကျမိတာ အမှန်ပါခင်ဗျာ"

"မင်းလည်း ငါ့လိုပဲဖြစ်ခဲ့တာကိုး"

ဝူးလောက်ရှသည်လည်း ကျင်ကျင်ကို သဘောကျမိခဲ့ကြောင်း ဝန်ခံလိုက်လေသည်။

"မြို့စားကြီးကို သူဌေးကြီးဝမ်းယွန်က သူ့သမီးနဲ့ သဘောတူခဲ့တာပဲလား"

"ဒါပေါ့ တစ်ခါက ငါတို့အောင်ပွဲခံပြီး မြို့ထဲဝင်လာတော့ဝမ်းယွန်က ထူးထူးခြားခြား ကိုယ်တိုင်ထွက်ကြိုဆိုပြီး သူ့အိမ်မှာ ညှိခံဂုဏ်ပြုပွဲကျင်းပပေးခဲ့တာကို မင်းမှတ်မိမှာပေါ့"



"ဟုတ်ကဲ့ ... မှတ်မိပါမယ် မြို့စားကြီး"

ဝူးလောက်ရှက ...

"အဲသည်နေ့ကတည်းက ကျင်ကျင်နဲ့ငါ ဆုံစည်းမိအောင် သူဖန်တီးခဲ့တာ"

ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။ စုစန်းကလည်း ကျင်ကျင်နှင့်ပတ်သက်ပြီး ကြုံတွေ့ခဲ့ရသည်များကို ပြောပြလိုက်လေသည်။

ထိုသို့ပြောပြပြီးကြလျှင် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြလေသည်။ ဝူးလောက်ရှက ...

"သူဌေးကြီးဝမ်းယွန်က ကျင်ကျင့်ကို ဘာကြောင့် ငါနဲ့သဘောတူခဲ့ရတာလဲ"

သူက စုစန်းကို ထပ်မေးလိုက်သည်။

"မင်းနဲ့ရော ဘာကြောင့် သဘောတူခဲ့ရတာလဲ"

စုစန်းက ...

"ဟုတ်ပါတယ် ... သူက ကျွန်တော်တို့နှစ်ယောက်စလုံးနဲ့ သဘောတူခဲ့တာပါ"

ဝူးလောက်ရှက ...

www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ သမီးတစ်ယောက်ပဲရှိပေမယ့် ငါတို့နှစ်ယောက် စလုံးနဲ့ လိုလိုလားလားသဘောတူခဲ့တာ ဘာကြောင့်လဲ၊ သူ သည် လိုသဘောတူတာကို တို့နှစ်ယောက်စလုံးကို အသိမပေးဘဲ ဘာ ကြောင့်လျှို့ဝှက်ထားခဲ့ရတာလဲ"

စုစန်းသက်ပြင်းချလိုက်သည်။

"ကျွန်တော် သဘောပေါက်ပါပြီ မြို့စားကြီး"

ဝူးလောက်ရှု၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"တကယ်တမ်းပြောရရင် ဝမ်းယန်က ငါ့ကိုထွက်ပြီးကြိုဆို ကတည်းက ထူးခြားနေတယ်ဆိုတာ ငါရိပ်မိခဲ့တယ်၊ နောက်ပိုင်းမှာ ကျင်ကျင့်ကိစ္စ ပေါ်ပေါက်လာတာပဲလေ"

စုစန်းသည် မြို့စားကြီးဝူးလောက်ရှုကိုကြည့်ရင်း မြို့စား ကြီးသည် သူ့ကိုအားကိုးနေရသည်။ သူ၏ဆောင်ရွက်မှုများကြောင့် မြို့စားကြီးအောင်မြင်မှုများရခဲ့သည်ဟူသောအတွေးနှင့် ခံယူချက် များတဖြည်းဖြည်းပျောက်ကွယ်သွားလေတော့သည်။ မြို့စားကြီးက

"ဝမ်းယွန်က ခဲတစ်လုံးတည်းနဲ့ ငှက်နှစ်ကောင်ပစ်ဖို့ ကြိုး စားခဲ့တာပဲ"

စုစန်းက ...

"ကျွန်တော် သဘောပေါက်ပါပြီ မြို့စားကြီး"

မြို့စားကြီးက ...



"ကျင်ကျင်က တကယ်ပဲစိတ်ဝင်စားစရာကောင်းတဲ့ မိန်း မချောလေးတစ်ယောက်ပါ၊ ဒါပေမဲ့ ငါတို့ဟာ မိန်းမချောများစွာ ကို တွေ့ဖူးခဲ့တယ်၊ မိန်းကလေးတွေဟာ ငါတို့အတွက် သည်လောက် အရေးမကြီးဘူးဆိုတာ ဝမ်းယွန် သေသေချာချာမသိခဲ့ဘူး"

စုစန်း ဝန်ခံလိုက်သည်။

"ကျွန်တော်လည်း ကျင်ကျင်ကို နှစ်သက်စွဲလမ်းမိခဲ့တာ အ မှန်ပါပဲ၊ ဒါပေမဲ့ ခုတော့ ကျင်ကျင်ကို တည်ကြက်လုပ်ပြီး ကျွန် တော်တို့ကို ထောင်ချောက်ဆင်ထားတယ်ဆိုတာ သဘောပေါက်ပါ ပြီခင်ဗျာ"

မြို့စားကြီးဝူးလောက်ရှုနှင့် စုစန်းတို့မှာ မြေခွေးထက်ပင် ပါးနပ်သူများဖြစ်ကြလေသည်။ ဝံပုလွေထက်ပင် ဉာဏ်နီဉာဏ်နက် များကြလေသည်။

ရွှေ၊ ငွေ၊ မိန်းမနှင့် စည်းစိမ်ဥစ္စာများထက် ကျော်ကြားမှု ကို ပို၍ဦးစားပေးကြသူများဖြစ်ကြသည်။ မေတ္တာတရားကိုခံစား နားလည်နိုင်သော နှလုံးသားရှိကြသူများ မဟုတ်ပါ။

သူဌေးကြီးဝမ်းယန်၏လုပ်ရပ်ကတော့ ထူးခြားနေကြောင်း သူတို့နှစ်ယောက်စလုံး ရိပ်မိခဲ့ကြသည်။ သူဌေးကြီးဝမ်းယန်နှင့် ရင်းရင်းနှီးနှီးဖြစ်လာပြီးနောက် မိန်းမချောလေးကျင်ကျင်ကိစ္စ ပေါ် ပေါက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဝမ်းယွန်၏ထောင်ချောက်ကို သူတို့ကွဲကွဲပြားပြား တွေ့မြင်လိုက်ကြပြီဖြစ်လေသည်။ မြို့စားကြီးဂူးလောက်ရှုက ...

"ကျင်ကျင်ကို တည်ကြက်လုပ်ပြီး ကျုပ်တို့နှစ်ယောက်ကို ရန်တိုက်ပေးဖို့ ကြိုးစားတာ ကျုပ်တို့စိတ်ဝမ်းကွဲပြီဆိုတာနဲ့ သူ့အကြံအစည် အောင်မြင်ပြီပေါ့"

စုစန်းက ...

"သည်လို ဘယ်တော့မှဖြစ်လာမှာ မဟုတ်ပါဘူးခင်ဗျာ"

"ဒါပေါ့"

ဂူးလောက်ရှုက ...

"ဘာပဲဖြစ်ဖြစ် ဝမ်းယွန်သဘောကျအောင် တို့တစ်တွေ တွေ့မေးလိုက်ကြတာပေါ့"

ပြောပြီး တဟားဟားရယ်မောလိုက်လေတော့သည်။

❑

သူဌေးကြီးဝမ်းယန်က မြို့စားကြီးနှင့်စုစန်းတို့အား ကြိုဆိုခဲ့လေသည်။ မြို့စားကြီးက ...

"သတို့သမီး အဆင်သင့်ဖြစ်ပြီလား"



ဟု ပြောလိုက်လေသည်။ ဝမ်းယွန်က ...

"အသင့်ပါပဲ မြို့စားကြီး"

မြို့စားကြီးဂူးလောက်ရှုက ...

"စုစန်း ... မင်းက သတို့သမီးကိုသွားခေါ်လိုက်ပါ"

"ဟုတ်ကဲ့"

ဝမ်းယွန်က ...

"ကျုပ်နောက်လိုက်ခဲ့ပါ"

"ကောင်းပါပြီဗျာ"

စုစန်းသည် ဝမ်းယွန်နှင့်အတူ ဂေဟာအနောက်ဘက်သို့ လိုက်သွားလေသည်။ စင်္ကြံလမ်းအတိုင်းလျှောက်သွားရင်း ...

"ဆရာလေးစုစန်း"

"ပြောပါ သူဌေးကြီး"

"ကျုပ် တောင်းပန်ပါတယ်ဗျာ၊ မြို့စားကြီးက သူ့ရဲ့အရှိန်အဝါကိုအသုံးချပြီး ကျုပ်သမီးကို ..."

အလွန်ဝမ်းနည်းကြေကွဲနေဟန်ဖြင့် စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။ စုစန်း ခြေလှမ်းရပ်လိုက်သည်။ ဝမ်းယွန်ကို စိုက်ကြည့်လိုက်လေသည်။

"မြို့စားကြီးက ကျင်ကျင်ကိုသိမ်းပိုက်မယ်ဆိုတာ တကယ်ကို မတရားတဲ့ကိစ္စပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယန်က …

"တကယ်တော့ ကျုပ်သမီးလေးဟာ ဆရာလေးစုစန်းအ
ပေါ်မှာ …"

"ထားပါတော့လေ … သူက မြို့စားကြီးဆိုတဲ့ရာထူးကို
အသုံးချပြီး နိုင်ထက်စီးနင်းလုပ်ခဲ့တာပဲ၊ သည်ကိစ္စကို နောက်မှဆက်
ပြောတာပေါ့"

"ကောင်းပါပြီဗျာ"

နှစ်ယောက်သားရှေ့ဆက်လျှောက်သွားကြလေသည်။ မ
ကြာပါချေ … အနောက်ဘက်အဆောင်သို့ ရောက်သွားကြ၏။ အ
ဆောင်တစ်ခုလုံး လှပအောင် ပြင်ဆင်ထားလေသည်။

မွှေးကြိုင်သောပန်းပေါင်းစုံရနံ့များကလည်း လွင့်ပျံနေ
သည်။ အဆောင်ထဲ လှမ်းဝင်လိုက်သည်နှင့် …

"အစ်ကို"

ကျင်ကျင်က ရုတ်တရက်ပြေးလာပြီး စုစန်း၏ရင်ခွင်ထဲ တိုး
ဝင်လိုက်လေသည်။

"ညီမရယ်"

စုစန်း အသာအယာ ထွေးပွေ့ထားလိုက်လေသည်။ ကျင်
ကျင်က ငိုရှိုက်ရင်း …

"အစ်ကို … ကျွန်မတို့နှစ်ယောက် မေတ္တာသက်ဝင်နေတာ



ကိုသိလျက်နဲ့ မြို့စားကြီးက ကျွန်မကိုမတရားသိမ်းပိုက်တော့မယ်၊
ကျွန်မကို ကယ်ပါဦးရှင်"

စုစန်းက သက်ပြင်းချလိုက်လေသည်။

"ညီမရယ် … သူက …"

"အစ်ကို … ကျွန်မတို့ ထွက်ပြေးရင်မကောင်းဘူးလားရှင်"

"ညီမ … မြို့စားကြီးက ကျုပ်တို့ကိုချမ်းသာပေးမှာ မ
ဟုတ်ဘူး၊ ကျုပ်လည်း သူ့ကို မလွန်ဆန်ရဲဘူး၊ ဒါ … ဒါကြောင့်"

"အစ်ကို သတ္တိမရှိဘူးလားဟင်"

စုစန်း ခေါင်းငုံ့ထားလိုက်လေသည်။ ကျင်ကျင်က …

"အစ်ကို … ကျွန်မကို မြို့စားကြီးသိမ်းပိုက်မှာကို အစ်ကို
လက်ပိုက်ကြည့်နေတော့မှာပေါ့နော်"

ကျင်ကျင်က …

"ကောင်းပါပြီရှင် … မြို့စားကြီးကိုပဲ ကျွန်မလက်ထပ်
လိုက်ပါတော့မယ်"

ကျင်ကျင်က စုစန်းကိုအမှုမထားတော့ဘဲ ခြေဆောင့်နင်း
ကာ အဆောင်အပြင်ဘက်ထွက်သွားလေတော့သည်။

စုစန်းမှာ အလွန်ဝမ်းနည်းကြေကွဲနေသည့်အသွင် ရှိနေပါ
သည်။

သို့သော် သူ၏စိတ်ထဲမှာ ကျိတ်ပြီးပြုံးနေသည်ကိုမူ သူ

www.burmeseclassic.com

www.burmeseclassic.com



မှု သိနိုင်ကြမည်မဟုတ်ပါ။

ကျင်ကျင်နှင့် ဝမ်းယန်တို့က သူတို့၏အကြံအောင်မြင်ပြီဟု ဝမ်းသာနေကြသည်။

စုစန်းနှင့် မြို့စားကြီးကသူတို့အားပြန်လည်ထောင်ချောက်ဆင်ထားသည်ကို သိထားကြမည်ဆိုပါလျှင် …။

❑ ❑ ❑



## ခြေလှမ်း

တစ်ရက် … ။

နှစ်ရက် … ။

သုံးရက် … ။

သုံးရက် ဟူသောအချိန်ကုန်ဆုံးသွားပြီဖြစ်သည်။

ကျင်ကျင်သည် မြို့စားဂေဟာသို့ရောက်ရှိသွားပြီဖြစ်လေသည်။ သို့သော် မြို့စားကြီးနှင့်ကျင်ကျင်တို့၏ မင်္ဂလာပွဲ မဖြစ်မြောက်ခဲ့ပါချေ။

မြို့စားကြီးက အရေးကြီးသောကိစ္စများရှိနေခြင်းကြောင့် မင်္ဂလာပွဲကိုရက်ရွှေ့ဆိုင်းထားခဲ့လေသည်။ ဝမ်းယွန်က ထိုကိစ္စကို ကန့်ကွက်ပြောဆိုခြင်းမရှိပါ။

မင်္ဂလာပွဲကျင်းပခြင်း၊ မကျင်းပခြင်းသည် အရေးကြီးသောကိစ္စမဟုတ်ပါ။ ဂူးလောက်ရှုနှင့် စုစန်းတို့ စိတ်ဝမ်းကွဲသွားဖို့က အဓိကက ဖြစ်လေသည်။

ကျင်ကျင်အား ဂူးလောက်ရှုကသိမ်းပိုက်လိုက်ခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



စုစန်းက ကျေနပ်မည်မဟုတ်ပါ။ စုစန်းနှင့် ဂူးလောက်ရှုတို့ စိတ်ဝမ်းကွဲသွားကြပြီဆိုပါလျှင် ...

လေးရက်မြောက်သောနေ့တွင် စုစန်းက ဝမ်းယွန်ထံသို့ ရောက်ရှိလာလေသည်။

စုစန်း၏မျက်လုံးများ နီရဲနေသည်။ ဆံပင်များလည်း ရှုပ်ပွနေသည်။ အဝတ်အစားများတွန့်ကြေကာ ဖရိုဖရဲဖြစ်နေသည်။ ထို့အပြင် အရက်နံ့တထောင်းထောင်းထကာ ယိမ်းယိုင်နေလေတော့သည်။

"ဆရာလေးစုစန်း ရောက်လာတာကိုး ... ကြွပါဗျာ"

ဝမ်းယွန်က ကြိုဆိုဧည့်ခံလိုက်လေသည်။ စုစန်းက

"သူဌေးကြီးမှာ အရက်အကောင်းစား ရှိနေတယ်မဟုတ်လား"

"ဟာ ... ရှိပါတယ် ရှိပါတယ်"

"ဒါဖြင့် ယူလာခဲ့ဗျာ"

"ဆရာလေးစုစန်းက အရက်သောက်မလို့လား"



"ဟုတ်တယ်လေ ... ကျုပ်ဟာမြို့စားကြီးမဟုတ်လို့ အရက်မသောက်ချင်ဘူးလားဗျ"

"ဟာ ... မဟုတ်ရပါဘူးဗျာ"

"ဒါဖြင့် ကျုပ်အတွက်စီစဉ်ပေးပါ"

"ကောင်းပါပြီဗျာ ... ကောင်းပါပြီ"

ဝမ်းယွန်လည်း အရက်ခွက်၊ စားကောင်းသောက်ဖွယ်များပြင်ဆင်ကာ စုစန်းကိုဧည့်ခံပြုလိုက်လေသည်။ စုစန်းက ဘာမှမပြောဘဲ အရက်သုံးလေးခွက်ဆင့်ကာသောက်ချလိုက်သည်။

သူ၏မျက်နှာကြီးအဆီပျံကာ မျက်လုံးများလည်း မီးကျည်မီးခဲပမာ နီရဲလာလေတော့သည်။

'ခွမ်း'

အရက်ခွက်ကို ကြမ်းပြင်ပေါ် ပေါက်ခွဲချလိုက်သည်။

"မြို့စားကြီး အတော်ယုတ်မာတာပဲဗျ"

ဟုလည်း ဒေါသတကြီးပြောလိုက်လေသည်။ ဝမ်းယွန်က

"ဆရာလေးစုစန်း စိတ်ထိန်းပါဗျာ"

"ဘာဗျ ... သူက သည်လောက်မတရားလုပ်နေတာကို ကျုပ်က စိတ်ထိန်းရမှာလား"

"ဆရာလေးရယ်"

"ကျုပ်နဲ့ကျင်ကျင်က မေတ္တာသက်ဝင်နေတာကိုသိလျက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ သူက တမင်ယုတ်မာခဲ့တာဗျ"

ဝမ်းယန်က ...

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က ဆရာလေးနဲ့ သမီးလေးကျင်ကျင်တို့ မေတ္တာသက်ဝင်နေလို့ သူတို့ရဲ့မင်္ဂလာကိစ္စစီစဉ်ပေးချင်တဲ့အကြောင်း မြို့စားကြီးဆီမှာ တင်ပြခဲ့ပါတယ်"

စုစန်းက ဝမ်းယန်အားစိုက်ကြည့်ကာ ဝမ်းယွန်ပြောသမျှ နားထောင်နေ၏။ ဝမ်းယွန်က ...

"မြို့စားကြီးက ဆရာလေးစုစန်းနဲ့ ကျင်ကျင်တို့ လိုက်ဖက်ခြင်းရှိ မရှိ သူ အကဲခတ်ဦးမယ်ပြောပြီး မကြာပါဘူး ... သူက ကျင်ကျင်ကို သဘောကျတဲ့အကြောင်း ကျုပ်ကိုပြောခဲ့တယ်"

စုစန်းက ...

"ဒါ တမင်ကောက်ကျစ်တာပဲ"

ဝမ်းယန်က ...

"မြို့စားကြီးက ကျုပ်သမီးကျင်ကျင်ကို ချောမောလှပပြီး ဂုဏ်ဓနု ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့မိန်းကလေးတစ်ယောက်ဟာ သူလိုလူစားမျိုးနဲ့ပဲ ထိုက်တန်တယ်လို့ပြောပါတယ်၊ ကျုပ်ငြင်းလိုက်ရင် ကျုပ် ဒုက္ခရောက်တော့မယ်ဆိုတာသိလို့ ဆရာစုစန်းကို မျက်နှာပူမိပေမယ့် သူ့ကိုမလွန်ဆန်ဝံ့ဘဲ လိုက်လျောခဲ့ရတာပါ"

စုစန်းက အပြစ်တင်လိုက်သည်။



"မြို့စားကြီးတမင် မကောင်းကြံတာ ကျုပ်ကိုစောစောအသိပေးရမှာပေါ့ဗျာ"

ဝမ်းယွန်က ...

"ကျုပ်က မြို့စားကြီးကိုကြောက်ရွံ့မိတာကြောင့် ဘာမှမပြောဝံ့ခဲ့တာပါ"

"သူဌေးကြီးသာကြို တင်ပြောခဲ့ရင် ကျုပ်က လက်ဦးအောင်ညီမလေးကျင်ကျင်ကိုခေါ်ပြီး အဝေးကို့ထွက်သွားတာပေါ့ဗျာ"

ဝမ်းယွန်က ...

"ကျုပ်လည်း အတော်နောင်တရပါတယ်၊ ခုချိန်ဆိုရင် ကျုပ်သမီးလေးဟာ မချစ်မနှစ်သက်သူနဲ့ ပေါင်းသင်းဆက်ဆံရတာကြောင့် အတော်ကိုစိတ်ဆင်းရဲသောကရောက်နေမှာ သေချာပါတယ်"

စုစန်းက ...

"ညီမလေးကျင်ကျင်ကို စိတ်ဆင်းရဲအောင် နှိပ်စက်ညှဉ်းပန်းလို့ကတော့ မြို့စားကြီးကိုလည်း ကျုပ်သည်းခံမှာမဟုတ်ဘူး"

ဝမ်းယွန် ကပျာကယာ တားမြစ်လိုက်သည်။

"ဆရာလေးစုစန်း စိတ်လိုက်မာန်ပါမလုပ်ပါနဲ့ဗျာ၊ မြို့စားကြီးဟာ အရှိန်အဝါကြီးမားလှတာကြောင့် ကြောက်စရာကောင်းပါတယ်၊ ကျုပ်တို့ကို ဖမ်းဆီးကွပ်မျက်ပစ်ပါလိမ့်မယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

စုစန်း ဟားတိုက်ရယ်မောလိုက်လေသည်။

"ကျုပ်က သူ့ကို ဂရုစိုက်နေရမှာလားဗျ ... သူ့ကို ရှင်းပစ်လိုက်မှာပေါ့"

"ဟာ ဆရာလေးစုစန်း ... သည်လိုမပြောရဘူးလေ"

"ပြောတော့ ဘာဖြစ်သလဲ ... ကျုပ်က ဘယ်သူ့ကိုဂရုစိုက်ရမှာလဲဗျ"

စုစန်းက အရက်အိုးကိုဆွဲယူကာ အိုးလိုက်မော့သောက်လိုက်လေသည်။ အရက်တစ်အိုးလုံးကုန်အောင်သောက်ပြီးလျှင် အရက်အိုးကို ကြမ်းပြင်ပေါ် ပေါက်ခွဲလိုက်လေသည်။

'ခွမ်း'

အရက်အိုးအစိတ်စိတ်အမြွှာမြွှာကွဲအောင် ကြေမွသွားတော့သည်။ ဝမ်းယွန်ထိတ်လန့်ကာ တောင်းပန်လိုက်လေသည်။

"ဆရာလေးစုစန်း ... အားလုံးဒုက္ခရောက်ကုန်ကြပါလိမ့်မယ်ဗျာ"

စုစန်း ဝုန်းခနဲထရပ်လိုက်သည်။

"ခင်ဗျားလည်း ဘာမဟုတ်တဲ့မြို့စားကြီးကို ကြောက်နေနေတာကိုး၊ မြို့စားကြီးဟာ ကျုပ်ရှိနေလို့ ခုလိုဘဝမျိုး ရောက်နေတယ်ဆိုတာ မှတ်ထားပါ၊ ခင်ဗျားက သူ့ကို သည်လောက်တောင်



ကြောက်နေရင်လည်း ကျုပ် ဘာမှမပြောချင်တော့ဘူး"

စကားဆုံးလျှင် ခြေသံပြင်းပြင်းနင်းကာ ထွက်သွားတော့သည်။ စုစန်းထွက်သွားလျှင် ဝမ်းယွန်၏မျက်နှာပေါ်မှ ကြောက်ရွံ့ထိတ်လန့်သည့်အရိပ်အယောင်များ ပျောက်ကွယ်သွားလေသည်။ သဘောကျသည့်အပြုံးများဖြစ်ပေါ်လာပြီး ...

"ဟား ဟား ဟား"

အားရပါးရ ရယ်ချလိုက်လေတော့သည်။

❑

"ဟား ဟား ဟား"

မြို့စားကြီးဂူးလောက်ရှု အားရပါးရရယ်မောလိုက်လေသည်။ စုစန်းမှာ အရက်မူးနေသေည့်အသွင် မရှိတော့ပါ။ မြို့စားကြီးအား ဦးညွတ်လိုက်သည်။

"မြို့စားကြီးခင်ဗျား ... သူဌေးဝမ်းယွန်ဟာ ကျွန်တော်တို့နှစ်ယောက် စိတ်ဝမ်းကွဲအောင် လုပ်ခဲ့တယ်ဆိုတာ ထင်ရှားနေပါပြီ"

ဂူးလောက်ရှုက ...

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းယွန်က အတော် ကလေးဆန်တာပဲ၊ အိမ်ဖော်မိန်းကလေးတစ်ယောက်ကို အသုံးချပြီး တို့နှစ်ယောက်ကို ရန်တိုက်ပေးဖို့ ကြိုးစားခဲ့တာ သူ့ကို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမရလိမ့်မယ်"

စုစန်းက ...

"မြို့စားကြီးခင်ဗျာ ဝမ်းယွန်ရဲ့လုပ်ရပ်ကိုကြည့်ရင် သူ့ရဲ့နောက်ကွယ်မှာ မျိုးချစ်သိုင်းသမားတွေရှိနေတယ်ဆိုတာ ထင်ရှားပါတယ်၊ ဒါကြောင့် စိတ်လိုက်မာန်ပါမလုပ်ဘဲ အားလုံးကို ဖော်ထုတ်ဆုံးမဖို့ စီစဉ်တာ ပိုကောင်းပါလိမ့်မယ်ခင်ဗျာ"

မြို့စားကြီးဂူးလောက်ရှု ခေါင်းညိတ်လိုက်သည်။

"စိတ်ချ ... ကျုပ်က သည်လောက်မမိုက်မဲသေးပါဘူးလေ၊ စုစန်း ... မင်းက ဝမ်းယွန်တို့လူစုကို ဆုံးမဖို့ကြိုးစားပါ၊ မင်း အောင်မြင်လိမ့်မယ်လို့လည်း ကျုပ်ယုံကြည်တယ်၊ မင်းအတွက် ဆုလာဘ်က အသင့်ရှိနေပြီ"

ဆုလာဘ်ဆိုသည်ကား ကျင်ကျင်ကိုဆိုလိုခြင်းဖြစ်ကြောင်း စုစန်းနားလည်ထားလေသည်။ စုစန်းက ...

"ဝမ်းယွန်က သူ့အကြံအောင်မြင်ပြီလို့ ယူဆနေချိန်မှာ ကျွန်တော်တို့ဘက်က ဖိဖိစီးစီးလှုပ်ရှားလိုက်တာ ကောင်းမယ်ထင်ပါတယ်"



"မင်းသဘောပါ"

"ကျွန်တော်တို့ သည်လိုလုပ်ရင် မကောင်းဘူးလားခင်ဗျား" စုစန်းက သူ၏အကြံအစည်ကို ပြောပြလိုက်လေသည်။

❑

စုစန်းသည် သူဌေးကြီးဝမ်းယွန်ထံသို့အရက်မူးကာရောက်ရှိလာပြန်သည်။

"သူဌေးကြီး ... ကျုပ်တော့ မြို့စားကြီးကို ဆက်ပြီးသည်းမခံနိုင်တော့ဘူးဗျ၊ သူ့ကိုဆုံးမပြီး ထွက်သွားတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ"

ခရီးရောက်မဆိုက် ပြောလိုက်လေသည်။ ဝမ်းယွန်က ...

"ဆရာလေး ဘာလုပ်မလို့လဲ"

"သူ့ကိုရှင်းပစ်မှာပေါ့"

"ဟာ ... မဖြစ်ဘူးထင်တယ်၊ ဒုက္ခပါပဲ ... ဆရာလေးသည်လိုလုပ်ရင် ဒုက္ခရောက်သွားမှာပေါ့ဗျ"

ဝမ်းယွန်စိတ်ထဲ ကျိတ်ပြီးကျေနပ်နေသော်လည်း စုစန်းအတွက် အလွန်စိုးရိမ်ပူပန်သည့်အသွင်ဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စုစန်းက ...

"သူကရော ကျုပ်ကို ချမ်းသာပေးမယ်များ ထင်နေလို့လားဗျ"

"ဘာဖြစ်လို့လဲဗျ"

"ကျုပ်က ကျင်ကျင်ကိုလက်ထပ်ခွင့်တောင်းခဲ့တာကို သူသိသွားရင် ကျုပ်ရော ကျင်ကျင်ပါ ဒုက္ခရောက်သွားမှာပေါ့"

"ဒုက္ခပါပဲ"

ဝမ်းယွန်က ညည်းညူနေတော့သည်။ စုစန်းက ...

"ကျုပ်က သူဌေးကြီး ဒုက္ခရောက်သွားမှာကိုစိုးရိမ်ပြီး စိတ်ထိန်းနေရတာ၊ မြို့စားကြီးကိုလုပ်ကြံပြီး ညီမလေးကျင်ကျင်ကိုခေါ်ပြီး ကျုပ်ထွက်သွားမယ်၊ သူဌေးကြီးရော ဘယ်လိုလုပ်မလဲ"

"ကျုပ် ... ကျုပ် ..."

"မြို့စားကြီးလုပ်ကြံခံရပြီဆိုရင် မန်ချူးတွေက လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး၊ ကျုပ်က ကျင်ကျင်ကိုခေါ်သွားရင် သူတို့က သူဌေးကြီးဆီကို ရောက်လာကြမှာပဲ"

ဝမ်းယွန်သက်ပြင်းချလိုက်သည်။

"သည်လိုအခြေအနေဖြစ်ပေါ်လာပြီဆိုရင်တော့ ကျုပ်လည်း သည်မှာမနေချင်တော့ပါဘူးဗျာ"

စုစန်းက ...



"သူဌေးကြီးလည်း သည်ကထွက်သွားမယ် ဆိုပါတော့ ... ဟုတ်လား"

ဝမ်းယွန်ခေါင်းညိတ်လိုက်သည်။

"ကျုပ်ထွက်မသွားရင် သူတို့က ကျုပ်ကိုဒုက္ခပေးကြမှာပဲ မဟုတ်လားဗျ"

စုစန်း မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဖြင့် သူဌေးကြီးပိုင်ဆိုင်တဲ့ပစ္စည်းဥစ္စာတွေရော ဘယ်လိုလုပ်မလဲ"

ဝမ်းယွန်က ...

"အိုးအိမ်အဆောက်အအုံတွေကတော့ ဘယ်တတ်နိုင်ပါ့မလဲဗျာ၊ ဒါပေမဲ့ အတွင်းပစ္စည်းတွေကိုတော့ ယူသွားရမှာပါဗျာ"

သူဌေးကြီးဝမ်းယွန်သည် အလွန်ချမ်းသာကြွယ်ဝသူဖြစ်သည်။ သူ့ထံ၌ အဖိုးတန်စိန်ရွှေရတနာကျောက်သံပတ္တမြားများ တစ်ပုံတစ်ပင်ရှိနေကြောင်း လူတိုင်းသိထားကြ၏။ စုစန်းက ...

"ဒါဖြင့် သူဌေးကြီး ကြိုတင်စီစဉ်ထားပေတော့"

"ကောင်းပါပြီဗျာ"

စုစန်က သူဌေးကြီးဝမ်းယွန်တည်ခင်းကျွေးမွေးသည့် အရက်နှင့် ဟင်းလျာများစားသောက်ပြီးလျှင် ဝမ်းယွန်အား မည်သို့လုပ်ကိုင်ဆောင်ရွက်ဖို့ကြောင်း ပြောနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယွန်ကလည်း ခေါင်းတညိတ်ညိတ်ဖြင့်နားထောင်နေလေတော့သည်။

❑

နောက်တစ်နေ့ ...

ကျင်ကျင်က ဝမ်းယွန်ထံသို့ ရောက်ရှိလာလေသည်။

ဝမ်းယွန် ပြုံး၍မေးသည်။

"သမီး ... မြို့စားဂေဟာမှာ အဆင်ပြေရဲ့လား"

ကျင်ကျင်က ...

"ဟုတ်ကဲ့ အဆင်ပြေပါတယ်ဖေဖေ၊ မြို့စားကြီးက သီးသန့်အဆောင်တစ်ခုမှာ သမီးကိုထားပါတယ်၊ လက်ထပ်ပွဲကျင်းပပြီးမှပဲ သူ့ရဲ့ဂေဟာထဲကိုခေါ်ထားမယ်လို့ ပြောပါတယ်၊ ပြီးတော့ ခုတလောအလုပ်တွေရှုပ်နေတာကို တွေ့ရပါတယ်"

ဝမ်းယွန်က ...

"သူနဲ့စုစန်းရဲ့ အခြေအနေရော ဘယ်လိုရှိသလဲ ပြောပါဦး"

ကျင်ကျင်က ...



"သူတို့နှစ်ယောက် အဆင်မပြေကြတော့ပါဘူး၊ မြို့စားကြီးက မကြာခဏ ဆူပူကြိမ်းမောင်းနေပြီး စုစန်းကလည်း မြို့စားကြီးဘာပြောပြော ဂရုမစိုက်ဘဲနေတာကို တွေ့ရပါတယ်"

"သူတို့နှစ်ယောက် စိတ်ဝမ်းကွဲနေပြီလို့ သမီးဆိုလိုတာလား"

"ဟုတ်ပါတယ် ဖေဖေ"

စုစန်းက ဆန့်ကျင်သည်နှင့် ပြဿနာများဖြစ်ပေါ်လာလိမ့်မည်ဟု ဝမ်းယွန်နားလည်ထားလေသည်။

ထို့ကြောင့်လည်း ကျင်ကျင်ကိုအသုံးချကာ ကြံစည်ခဲ့ခြင်းဖြစ်သည်။

စုစန်းနှင့်မြို့စားကြီးဝူးလောက်ရှုတို့ အချင်းချင်းစိတ်ဝမ်းကွဲသွားပြီဆိုသည်နှင့် ချေမှုန်းပစ်နိုင်မည်ဟု သေချာနေပါတော့သည်။

ကျင်ကျင်က ...

"မြို့စားကြီးဟာ ကျွန်မကိုခေါ်သွားပြီးအနောက်ဆောင်မှာနေရာချပေးပြီးတဲ့နောက်ပိုင်း ရောက်မလာတော့ပါဘူး၊ အကြောင်းကိစ္စရှိရင် အိမ်ထိန်းကြီးကလာပြောပါတယ်၊ ဒါပေမဲ့ စုစန်းကတော့ မကြာခဏရောက်လာပြီး မြို့စားကြီးကိုမကျေနပ်တဲ့အကြောင်းတွေ လာပြောပါတယ်၊ ကျွန်မကိုလည်း တစ်နေ့ကျရင် မြို့

www.burmeseclassic.com

www.burmeseclassic.com



စားဂေဟာကခေါ်ထုတ်သွားပြီး တစ်နေရာမှာ ပျော်ပျော်ရွှင်ရွှင် ဖြစ်အောင်ထားမယ်လို့ ပြောပါတယ်"

ဝမ်းယွန် ရယ်မောလိုက်လေသည်။

"သိပ်ကောင်းတာပေါ့၊ သူတို့နှစ်ယောက်စိတ်ဝမ်းကွဲနေပြီဆိုတာ ထင်ရှားတာပဲ၊ သမီး အိမ်မှာခဏနေဦး၊ စုစန်းကို ဖေဖေ ခေါ်ခိုင်းလိုက်မယ်"

"ဟုတ်ကဲ့ ဖေဖေ"

ဝမ်းယွန်က အိမ်ဖော်လုလင်တစ်ယောက်အား စုစန်းထံသို့ စေလွှတ်လိုက်လေသည်။

❑

စုစန်းသည် သူဌေးကြီးဝမ်းယွန်၏အိမ်ဂေဟာသို့ ရောက်လာပြီဖြစ်လေသည်။

ဧည့်ခန်းထဲ လှမ်းဝင်လိုက်သည်နှင့် တရှုပ်ရှုပ် ငိုကြွေးနေသော ကျင်ကျင်ကိုတွေ့လိုက်ရလေသည်။

"ညီမလေး"

စုစန်းက ကျင်ကျင်ထံသို့ အပြေးတစ်ပိုင်း လှမ်းသွားလိုက်



လေသည်။

"အစ်ကို"

ကျင်ကျင် ထိုင်ရာမှထကာ စုစန်း၏ရင်ခွင်ထဲတိုးဝင်လိုက်လေသည်။

စုစန်းသည် ရင်ခွင်ထဲခေါင်းဝှက်ကာ ငိုကြွေးနေသော ကျင်ကျင်ကို ချော့မော့နှစ်သိမ့်လိုက်လေသည်။

"ညီမရယ် ... မကြာခင် ညီမကို သံသည်လူယုတ်မာကြီးလက်ထဲက အစ်ကိုခေါ်ထုတ်သွားမှာပါ၊ ဘာမှစိုးရိမ်သောကရောက်မနေပါနဲ့ကွယ်"

ကျင်ကျင်က ...

"ကျွန်မကိုခေါ်သွားမယ် ... ဟုတ်လား၊ မြို့စားကြီးက လွှတ်ပေးမှာ မဟုတ်ဘူးရှင့်"

"သူ လွှတ်မပေးတော့ရော ဘာဖြစ်ရမှာလဲ"

"ရှင်"

"ကျုပ်က သူ့ကိုဆုံးမပြီး ညီမကိုခေါ်သွားမှာပေါ့"

ကျင်ကျင် ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ... ကျွန်မကြောက်မယ်"

စုစန်းက ...

"ညီမ မလိုက်ရဲဘူး ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မြို့စားကြီးက ကျွန်မကို သတ်ပစ်လိမ့်မယ် ... ကျွန်မ ကြောက်တယ်"

"ဟား ဟား ဟား"

စုစန်း ရယ်မောလိုက်လေသည်။

"ညီမရယ် ... မြို့စားကြီးသေသွားပြီဆိုရင် ညီမကိုဘယ်လို ဒုက္ခပေးနိုင်တော့မှာလဲ ... ပြောစမ်းပါဦး"

ကျင်ကျင်မျက်လုံးပြူးသွားလေသည်။

"မြို့စားကြီးကို လုပ်ကြံလိုက်မယ် ... ဟုတ်လား"

"ဒါပေါ့"

"မဖြစ်ဘူးထင်တယ်၊ မြို့စားကြီးက ကြောက်စရာသိပ် ကောင်းတယ်"

"ကိစ္စမရှိဘူး ... သူ့ကို ကျုပ်တာဝန်ယူမယ်၊ သူ့ကိုရှင်းပြီး အစ်ကိုတို့နှစ်ယောက် အဝေးကိုထွက်သွားကြတာပေါ့"

"ဖြစ်ပါ့မလားရှင်"

"ဘာကြောင့်မဖြစ်ရမှာလဲ"

ကျင်ကျင်က ...

"ဖေဖေက သည်ကိစ္စကို ..."

သူမ၏စကားမဆုံးမီ သူဌေးကြီးဝမ်းယွန်က ဧည့်ခန်းထဲ လှမ်းဝင်လာလေသည်။



"ကဲ ... ဘာမှစိတ်ညစ်မနေကြပါနဲ့တော့ ... သည်ကိစ္စကို ကျုပ် စီစဉ်ပေးပါ့မယ်"

ဟု ပြောလာလေတော့သည်။

❑

မြို့စားကြီး၏မျက်နှာ တည်ကြည်လေးနက်နေသည်။ စုစန်း ပြောသည့်စကားများကို ဂရုစိုက်ကာ နားထောင်နေလေသည်။

စုစန်းက ...

"မြို့စားကြီးကိုလုပ်ကြံပြီးတာနဲ့ မျိုးချစ်သိုင်းသမားတွေဆီ ကို သွားပြီးခိုလှုံဖို့ ဝမ်းယွန်ကစီစဉ်ထားပါတယ် မြို့စားကြီး"

ဂူလောက်ရှု ပြုံးလိုက်သည်။

"ဝမ်းယွန်ဟာ မျိုးချစ်သိုင်းသမားတွေနဲ့ အဆက်အသွယ် ရှိနေတာ သေချာနေပြီကိုး"

"နဂါးခံတပ်က ထွက်သွားကြတဲ့ မျိုးချစ်သိုင်းသမားတွေနဲ့ လျှို့ဝှက်အဆက်အသွယ်ရှိနေတာပါ၊ ဒါပေမဲ့ ခုချိန်ထိတော့ ဘယ်လို ဆက်သွယ်မယ်ဆိုတာ မသိရသေးပါဘူး"

ဂူလောက်ရှုက ...

www.burmeseclassic.com

www.burmeseclassic.com



"သိရအောင် မင်း ဘယ်လိုလုပ်မလဲ"

စုစန်းကတည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်။

"ကျုပ်က မြို့စားကြီးကိုလုပ်ကြံပြီး ကျင်ကျင်ကိုခေါ်ပြီး ရှောင်တိမ်းသွားတဲ့အခါ သူဌေးကြီးက မျိုးချစ်သိုင်းသမားတွေဆီကို ခေါ်သွားပါလိမ့်မယ်"

"ဒါဖြင့် ကျုပ်ကိုလုပ်ကြံဖို့ ဟန်ဆောင်စီစဉ်ရဦးမယ်ဆိုပါတော့"

"သူတို့ယုံကြည်လက်ခံလာအောင် လုပ်ပြရမှာပါဗျာ"

"ကောင်းပြီ ... မင်းပဲ ကြည့်ကောင်းအောင် စီစဉ်လိုက်ပေတော့"

မြို့စားကြီးဝူးလောက်ရှု ခွင့်ပြုလိုက်လျှင် စုစန်းက ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"ကျေးဇူးပါပဲ မြို့စားကြီး"

☐

စုစန်းက သူဌေးကြီးဝမ်းယွန်ထံသို့ စုစန်းရောက်ရှိလာ



ပြန်သည်။ ယခုတစ်ကြိမ် ... စုစန်းက အရက်တစ်စက်ကလေးမှ သောက်မလာပါချေ။

သူ၏မျက်နှာတည်ကြည်လေးနက်နေသည်။

"သူဌေးကြီး ... မြို့စားကြီးဟာ နောက်သုံးရက်ကြာရင် မြို့ပြင်တောင်ပေါ်နတ်ကွန်းမှာသွားပြီး နတ်ပူဇော်ပသလိမ့်မယ်၊ သည်အချိန်မှာ သူ့ကိုလုပ်ကြံဖို့ အကောင်းဆုံးပဲ"

ဝမ်းယွန်က ...

"သုံးရက်တောင် အချိန်ရတာပဲ၊ မြို့စားကြီးကိုလုပ်ကြံပြီး ကျုပ်တို့ရှောင်တိမ်းသွားဖို့ အချိန်ကောင်းကောင်းရတာပေါ့၊ ကျုပ် အစစအရာရာအဆင်ပြေအောင် စီစဉ်ထားလိုက်ပါမယ်"

စုစန်းက ...

"မြို့စားကြီးက ကျုပ်ကိုယုံကြည်စိတ်ချနေပေမယ့် ကျုပ်တစ်ယောက်တည်းနဲ့ သူ့ကိုလုပ်ကြံဖို့ သိပ်မလွယ်ဘူး၊ ဒါကြောင့် ကူညီနိုင်မယ့်လူတစ်ယောက်လောက်ရရင် ကောင်းမယ်"

ဝမ်းယွန်က ...

"ကိစ္စမရှိပါဘူး၊ ဆရာလေးစုစန်းကို အနီးကပ်ကူညီမယ့်သူတစ်ယောက် ရှိပြီးသားပါ"

"ဘယ်သူများလဲဗျ"

"ကျင်ကျင်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

စုစန်းအံ့သြသွားလေသည်။

"ကျင်ကျင် ... ဟုတ်လား"

ဝမ်းယွန်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"သူဌေးကြီး ဖြစ်ပွဲမလား ... သည်ကိစ္စဟာ အင်မတန် အန္တရာယ်များလိမ့်မယ်"

"ကျင်ကျင်က စိတ်အချရဆုံးလူတစ်ယောက်ပါဗျာ"

ဝမ်းယွန်ပြုံး၍ပြောလိုက်လေသည်။ စုစန်း သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ ... လုပ်ကြံမယ့်အချိန်ရောက်ရင် ကျုပ်တို့ ထပ်ပြီးတိုင်ပင်ဆွေးနွေးကြသေးတာပေါ့"

ထို့နောက် နှစ်ယောက်သား စကားလက်စဖြတ်ကာ လူချင်းခွဲလိုက်ကြလေတော့သည်။

□ □ □



## လုပ်ကြံခြင်း

မြို့ပြင်တွင် ပန်းပေါင်းစုံဝေဝေဆာဆာဖူးပွင့်နေသည့် တောင်ကုန်းလေးတစ်ခု ရှိသည်။ ထိုတောင်ကုန်းပေါ်၌ နတ်ကွန်း တစ်ခု တည်ဆောက်ထား၏။

မြို့စားကြီးဝူးလောက်ရှုက စုစန်းနှင့်ကိုယ်ရံတော်များခေါ် ဆောင်ကာ ရောက်ရှိလာလေသည်။

ဝူးလောက်ရှုသည် စုစန်း၏အစီအစဉ်အတိုင်း ကျင်ကျင် ကိုပါ ခေါ်လာခဲ့လေသည်။

ကိုယ်ရံတော်လေးယောက်နှင့် အစောင့်ဆယ်ယောက်ခန့် လည်း လိုက်ပါလာကြလေသည်။

မြို့စားဂေဟာမှလူများသည် နတ်ကွန်းသို့ကြိုတင်လာ ရောက်ကာ အမှိုက်သရိုက်များရှင်းလင်းပြီး သန့်ရှင်းရေးပြုလုပ်ခဲ့ကြ သည်။

ဆီမီးဖယောင်းတိုင် ပ[illegible]ရချမ်းများ ကပ်လှူပူဇော်ထား ပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးလောက်ရှုရောက်ရှိလာသောအခါ အားလုံးအဆင်သင့်ဖြစ်နေလေတော့သည်။

ဝူးလောက်ရှုက နတ်ကွန်းသို့ရောက်သည်နှင့် ကိုယ်ရံတော်တစ်ဦးနှင့် အစောင့်ငါးဦးအား နတ်ကွန်းအနောက်ဘက်၌ သွားရောက်စောင့်ကြပ်စေသည်။

ကိုယ်ရံတော်တစ်ဦးနှင့် ကျန်အစောင့်ငါးယောက်ကိုမူ နတ်ကွန်းရှေ့၌ စောင့်ကြပ်စေသည်။ ကျန်ကိုယ်ရံတော်တစ်ဦး၊ စုစန်းနှင့် ကျင်ကျင်တို့ခေါ်ကာ နတ်ကွန်းထဲသို့ ဝင်ရောက်လာခဲ့လေသည်။ ဝူးလောက်ရှုက ...

"စုစန်း ... ငါ ဝတ်ပြုနေချိန်မှာ ကျင်ကျင်ကိုခေါ်ထားပါ"

ကျင်ကျင်အားစောင့်ရှောက်ထားရန် စုစန်းကို တာဝန်ပေးလိုက်သည်။ ကျန်ကိုယ်ရံတော့်အား ...

"မင်းက ငါနဲ့အနီးကပ်နေပါ"

ဟု မှာကြားလိုက်လေသည်။

ထို့နောက် ဝတ်ပြုသည့်နေရာ၌ ဒူးထောက်ထိုင်ချကာ ဝတ်ပြုရန် ပြင်ဆင်လိုက်လေတော့သည်။



မြို့စားကြီးဝူးလောက်ရှုက မလှုပ်မယှက်ထိုင်ကာ နတ်ရုပ်များအား ဝတ်ပြုနေ၏။

သူ့အား ကူညီမှိုင်းမတော်မူရန် ဆုတောင်းနေသည်။

ကိုယ်ရံတော်က အနီး၌ သတိနှင့်စောင့်ကြပ်နေ၏။ ဝူးလောက်ရှုတွင် ရန်သူများလှသဖြင့် လုပ်ကြံလိုသူများ အချိန်မရွေးပေါ်ပေါက်လာနိုင်သောကြောင့် ကိုယ်ရံတော်နားလည်ထားလေသည်။

စုစန်းနှင့်ကျင်ကျင်တို့က မလှမ်းမကမ်း၌ ရှိနေကြလေသည်။ ကျင်ကျင်က ...

"အစ်ကို ... ကျွန်မတို့ တကယ်ပဲ ထွက်ပြေးကြတော့မှာလားဟင်"

ဟု တီးတိုးမေးလိုက်လေသည်။ စုစန်းက ...

"ဒါ အခွင့်အရေးပဲလေ၊ ခုတစ်ခါ သူ့ကိုမလုပ်ကြံနိုင်ဘူးဆိုရင် နောက်ဘယ်တော့မှလုပ်ကြံနိုင်တော့မှာ မဟုတ်ဘူး"

ကျင်ကျင်က ...

"အစ်ကို ... မြို့စားကြီးကိုလုပ်ကြံတာ အင်မတန်အန္တရာယ်များလှပါတယ်၊ ကျွန်မတို့ကို မန်ချူးတွေက ချမ်းသာပေးမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ညီမက ကြောက်နေတာလား"

"ကျွန်မ ... ကျွန်မ ..."

"မြို့စားကြီးကို မလုပ်ကြံချင်တော့ဘူးလား"

စုစန်းက သူမအားစိုက်ကြည့်ကာမေးလိုက်သည်။

ကျင်ကျင်က ...

"မြို့စားကြီးဟာ တကယ့်ကို အရှိန်အဝါကြီးမားတဲ့ လူတစ်ယောက်ပါ၊ သူ့ကိုလုပ်ကြံလိုက်ရင် ပြဿနာတွေဆုံးတော့မှာ မဟုတ်ပါဘူး၊ ကျွန်မတို့လည်း အေးအေးနေရတော့မှာမဟုတ်ဘူး၊ မန်ချူးတွေက ကျွန်မတို့ကိုဖမ်းဆီးသတ်ပစ်ဖို့ ကြိုးစားကြလိမ့်မယ်"

"ညီမ ကျုပ်တစ်ယောက်လုံးရှိနေတာပဲ၊ ပြီးတော့ ညီမဖေဖေနဲ့ မျိုးချစ်သိုင်းသမားတွေလည်း ရှိနေကြတာပဲ မဟုတ်လား"

ကျင်ကျင် ခေါင်းခါယမ်းလိုက်သည်။

"ဖေဖေတို့လည်း တတ်နိုင်မယ်မထင်ပါဘူးရှင်"

စုစန်းက မျက်မှောင်ကုတ်သွားလေသည်။

"ညီမ ဘယ်လိုဖြစ်သွားတာလဲ ... ညီမ ဘာကြောင့်စိတ်ပြောင်းသွားရတာလဲ"

ဟု မေးလိုက်လေသည်။ ကျင်ကျင်က ...

"မန်ချူးတွေကို ဘယ်လိုမှယှဉ်နိုင်မှာမဟုတ်ဘူးဆိုတာ ကျွန်မယုံကြည်ထားလို့ပါ"



သူမ ပွင့်ပွင့်လင်းလင်းပြောလေသည်။ စုစန်းက ...

"ညီမ ... ကျုပ်တို့ကို မျိုးချစ်သိုင်းသမားတွေက ကူညီကြမှာပဲ ... ဘာစိုးရိမ်စရာရှိလို့လဲ"

ကျင်ကျင် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ သူတို့ကိုမယုံဘူး"

"ဟင် ... ဘယ်လိုဖြစ်ရတာလဲ ညီမရယ်"

"သူတို့တောင် မြို့စားကြီးကိုကြောက်ရွံ့ပြီး ထွက်ပြေးရှောင်တိမ်းပုန်းအောင်းနေကြတာမဟုတ်လား အစ်ကို"

ရုတ်တရက် စုစန်းမည်သို့ပြောရမှန်းမသိအောင်ဖြစ်သွားလေတော့သည်။ ကျင်ကျင်က ...

"ကျွန်မက အစ်ကို့အပေါ်မှာ ဇမတ္တာရှိပါတယ်၊ ဒါပေမဲ့ မြို့စားကြီးကို မလွန်ဆန်ရဲတော့ပါဘူး၊ ဒါကြောင့် ကျွန်မတို့အကြံအစည်ကို စွန့်လွှတ်လိုက်တာ အကောင်းဆုံးပါပဲရှင်"

စုစန်း မကျေမနပ်ဖြစ်သွားလေတော့သည်။ မြို့စားကြီး ဝူးလောက်ရှု၏ ဆုတောင်းရေရွတ်သံက မှန်မှန်ထွက်ပေါ်နေ၏။

မကြာမီ ဆုတောင်းခြင်းပြီးဆုံးသွားတော့မည် ဖြစ်သည်။

ထိုအခါ မြို့စားကြီးဝူးလောက်ရှုအား လုပ်ကြံဖို့ မဖြစ်နိုင်တော့ပါချေ။

စုစန်း အံကြိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ ညီမနဲ့ မခွဲနိုင်ဘူး၊ ဘယ်လိုအခက်အခဲ အန္တရာယ်မျိုးကိုမဆို ရင်ဆိုင်သွားရမှာပဲ"

ခပ်ပြတ်ပြတ်ပြောလိုက်သည်။

ထို့နောက် ဓားမြှောင်တစ်လက် တိတ်တဆိတ်ထုတ်ကာ ... မြို့စားကြီးထံသို့ လှမ်းသွားလိုက်လေတော့သည်။

❑

နတ်ကွန်းအနောက်ဘက်၌ စောင့်ကြပ်ရန်တာဝန်ယူထားရသူမှာ ဂူကွမ်းဆိုသောကိုယ်ရံတော်ဖြစ်လေသည်။ ဂူကွမ်းက အစောင့်ငါးယောက်နှင့်အတူ နတ်ကွန်းအနောက်ဘက်သို့ ရောက်လာခဲ့လေသည်။ အနီးပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး ...

"မြို့စားကြီးကိုလုပ်ကြံချင်တဲ့လူတွေ အချိန်မရွေး ပေါ်ပေါက်လာနိုင်တယ်၊ ဒါကြောင့် အားလုံးသတိဝီရိယရှိကြပါ၊ ကဲ ... မင်းတို့ငါးယောက် လူခွဲပြီး ပတ်ဝန်းကျင်မှာ အန္တရာယ်ရှိ/မရှိ သွားစစ်ဆေးလိုက်ကြစမ်း"

"ကောင်းပါပြီ ဆရာဂူကွမ်း"

အစောင့်ငါးယောက်သည်လူချင်းခွဲကာနတ်ကွန်းအနော...



ဘက်သစ်ပင်ချုံနွယ်များကြားသို့ တိုးဝင်သွားလေသည်။ ဂူကွမ်းက စောင့်ကြည့်နေလိုက်လေသည်။

အစောင့်ငါးယောက်သည် သစ်ပင်ချုံနွယ်များကြားသို့ ဝင်ရောက်သွားကြပြီးနောက် အတန်ကြာသည်အထိ ထွက်ပေါ်မလာကြပါချေ။ ဂူကွမ်း မျက်မှောင်ကုတ်သွားလေသည်။

"သူတို့ဘာကြောင့် သည်လောက်တောင် ကြာနေရတာလဲ"

စိတ်ပူလာပြီး လေချွန်ကာအချက်ပေးလိုက်၏။ လေချွန်သံကြားရလျှင် ချက်ချင်းပြန်လာကြရလိမ့်မည်ဖြစ်လေသည်။

ဂူကွမ်းက လေချွန်သံပေးလိုက်သော်လည်း အစောင့်များပြန်ရောက်မလာကြပါချေ။

"ဘယ်လိုဖြစ်တာပါလိမ့်"

အစောင့်ငါးယောက်အန္တရာယ်နှင့် ရင်ဆိုင်နေရပြီဟု ဂူကွမ်းနားလည်လိုက်လေသည်။ ထို့ကြောင့် ဓားဆွဲထုတ်ကာ ရှေ့သို့ လှမ်းထွက်သွားလိုက်လေသည်။

ဂူကွမ်းမှာတိုက်ပွဲအတွေ့အကြုံရင့်ကျက်သော ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်လေသည်။ မြို့စားကြီးဂူလောက်ရှု၏ လက်အောက်၌ တာဝန်ထမ်းဆောင်ရင်း တိုက်ပွဲပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ဖူးသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးအား လုပ်ကြံလိုသူပေါများလှသဖြင့် အချိန်မရွေး အန္တရာယ်နှင့်ကြုံတွေ့နိုင်ကြောင်း နားလည်ကာ အစဉ်သတိရှိနေသူလည်း ဖြစ်လေသည်။

ဂူကွမ်းက သတိကြီးစွာထားရင်း သစ်ပင်ချုံနွယ်များကြားသို့ တိုးဝင်လိုက်၏။ မကြာပါချေ။ မြေပေါ်၌လဲကျနေသော အစောင့်တစ်ယောက်ကို တွေ့လိုက်ရလေသည်။

အစောင့်မှာ မလှုပ်မယှက်ဖြစ်နေ၏။ သူ၏ရင်ဝ၌ စိုက်ဝင်နေသော ဓားမြှောင်တစ်ချောင်းက သူ့အား လောကပေါ်မှ အပြီးတိုင်မောင်းထုတ်လိုက်ပြီ ဖြစ်လေသည်။

ဂူကွမ်းမျှော်လင့်ထားသလို အစောင့်တစ်ယောက်ကား အန္တရာယ်နှင့်ကြုံတွေ့လိုက်ရပြီဖြစ်လေသည်။ အခြားအစောင့်များရော မည်သို့ရှိမည်နည်း။

ဂူကွမ်းက ခပ်သွက်သွက်လှုပ်ရှားလိုက်သည်။ ပတ်ဝန်းကျင်၌ လှည့်ပတ်ရှာဖွေကြည့်လိုက်ခြင်းဖြစ်သည်။

ထိုအခါ အစောင့်တစ်ယောက်က သစ်ပင်ကိုမှီကာလဲကျသေဆုံးနေသည်ကိုတွေ့ရသည်။ အခြားတစ်ယောက်က ချုံပုတ်ကြီးတစ်ခုရှေ့၌ လဲကျနေ၏။

အစောင့်သုံးယောက်ကား လုပ်ကြံခံလိုက်ရပြီဖြစ်သည်။ ကျန်နှစ်ယောက်လည်း အခြေအနေကောင်းမည်မဟုတ်ကြောင်း



နားလည်လိုက်လေသည်။ ဂူကွမ်းရင်ထိတ်သွားလေသည်။

"ဆရာစုစန်းကို အကြောင်းကြားမှပဲ"

ချုံပုတ်များကြားမှ ပြေးထွက်သွားရန်ဟန်ပြင်လိုက်လေသည်။ ထိုအချိန်မှာပင်

'ဟူး'

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ သစ်ပင်တစ်ပင်ပေါ်မှ လူရိပ်တစ်ခုခုန်ဆင်းလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူရိပ်က ဂူကွမ်းအားလမ်းပိတ်ထားလိုက်လေသည်။

"ဟင်"

ဂူကွမ်းခြေလှမ်းရပ်လိုက်သည်။ လမ်းပိတ်ထားသူကို မျက်လုံးပြူးကာကြည့်လိုက်သည်။

"ဟင်"

ထိုလူသည် မင်းသားလေးတစ်ပါးကဲ့သို့ အဖြူရောင်အဝတ်အစားများကို သပ်ရပ်စွာဝတ်ဆင်ထားသော လူငယ်လေးတစ်ယောက်ဖြစ်လေသည်။

ယောကျ်ားပီသစွာ ချောမောခန့်ညားသည့် ရုပ်သွင်ရှိသည်။ ထိုလူငယ်လေးက ပြုံးလိုက်သည်။

"ကျုပ်တို့က မြို့စားကြီးဂူးလောက်ရှုကိုလုပ်ကြံဖို့ လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြတာ၊ ခင်ဗျား တားဆီးနိုင်မယ်ထင်နေလို့လား"

ဂူကွမ်းက ...

"မြို့စားကြီးကို လုပ်ကြံချင်တဲ့လူတွေနဲ့ ကျုပ်တို့ အကြိမ်ပေါင်းများစွာ ကြုံတွေ့ခဲ့ဖူးပါတယ်၊ မြို့စားကြီးဟာ ခုချိန်ထိ အသက်ရှင်နေတုန်းပါပဲ"

ရှိသွဲ့သွဲ့ပြောကာ ပြန်လည်ချေပလိုက်လေသည်။ လူငယ်ကား

"သည်တစ်ခေါက်တော့ ခင်ဗျားတို့မြို့စားကြီး အသက်မရှင်နိုင်တော့ပါဘူးဗျာ"

"ကြည့်သေးတာပေါ့လေ"

ဂူကွမ်းက ရှေ့သို့လှုပ်တစ်ပြက်ဝင်ကာ လူငယ်အားတိုက်ခိုက်လိုက်လေသည်။

ဝင်းလက်သောဓားရောင်များ ထွက်ပေါ်လာလေသည်။ ဓားရိပ်များသည် လူငယ်၏တစ်ကိုယ်လုံးဖုံးလွှမ်းသွားလေသည်။

ဂူကွမ်း၏တိုက်ခိုက်မှုကြောင့် လူငယ်ချက်ချင်းလဲကျသေဆုံးသွားမည်ထင်ရလေသည်။ သို့သော် ...

"ဟိတ်"

ဩသံပေးကာ လူရွယ်ကလှုပ်ရှားလိုက်သည်နှင့် ဂူကွမ်း၏ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။



"ဟင်"

ဂူကွမ်းကြောင်အမ်းအမ်းဖြစ်သွားလေသည်။ လူငယ်အားရှာဖွေလိုက်လေသည်။ လူငယ်ကား ပျောက်ခြင်းမလှပျောက်ကွယ်သွားပြီဖြစ်လေသည်။

"မင်း ထွက်ပြေးလို့ လွတ်မလား"

ဂူကွမ်း မကျေမနပ်အော်ပြောလိုက်လေသည်။ ထိုစဉ် ရယ်မောသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဦးခေါင်းအပေါ်ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။ ဂူကွမ်းခေါင်းမော့ကြည့်လိုက်လျှင် သစ်ပင်ကြီးတစ်ပင်၏ သစ်ကိုင်းတစ်ကိုင်းထက်၌ ခြေတွဲလောင်းချကာ ထိုင်နေသော လူငယ်ကိုတွေ့လိုက်ရလေသည်။

"သတ္တိရှိရင် အောက်ဆင်းခဲ့စမ်း"

ဂူကွမ်း အော်ပြောလိုက်လေသည်။ လူငယ်က ...

"ခင်ဗျား မကျေနပ်ရင် အပေါ်တက်လာခဲ့ပါလားဗျ"

"ကောင်းပြီ"

ဂူကွမ်းရှည်ရှည်ဝေးဝေးစဉ်းစားမနေဘဲ မြေပေါ်ခြေဆောင့်ကာ အပေါ်သို့တက်လိုက်လေသည်။ လက်ထဲကိုင်ထားသော ဓားကိုလည်း ဝှေ့ယမ်းလိုက်လေသည်။

ရုတ်တရက် လူငယ်၏လက်ထဲ၌ ဓားတစ်လက်ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ လူငယ်ကလည်း ဓားဝှေ့ယမ်းလိုက်လျှင် ...

'ခြွမ်း ခြွမ်း'

ဓားနှစ်လက်ပြင်းထန်စွာထိတွေ့မိလိုက်လေသည်။ ဂူကွမ်း၏ဓားကိုင်ထားသော လက်ဖဝါးမှာ အက်ကွဲကြေမွသွားမတတ် နာကျင်သွားလေသည်။

လက်ထဲမှဓားကို မြဲမြံစွာဆုပ်ကိုင်ထားခြင်းလည်း မပြုနိုင်ဘဲ လွှတ်ချလိုက်ရလေသည်။

ဂူကွမ်း၏လက်ထဲမှ ဓားလွှတ်ကျသွားသည်နှင့် လူငယ်၏ဓားက သူ၏ရင်ဝသို့ တိုးဝင်လာလေတော့သည်။ ဂူကွမ်း ရင်ထိတ်သွားသည်။

ကပျာကယာ အောက်သို့ပြန်လည်ခုန်ဆင်းသွားဖို့ ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်လေသည်။

'ဗွစ်'

လူငယ်၏ဓားက ဂူကွမ်း၏ရင်ဝသို့ တိုးဝင်လာလေတော့သည်။ ဂူကွမ်းမျက်လုံးများ ပြာဝေသွားလေသည်။ ရင်ဝ၌ ပြင်းထန်သောနာကျင်မှုဝေဒနာ ခံစားလိုက်ရလေသည်။ ထို့နောက် ...

"အား"

ရှုံးရှုံးစွာအော်ဟစ်ရင်း မြေပေါ်ခြေကားယားလက်ကားယား ပြုတ်ကျသွားလေတော့သည်။



လူငယ်က ဂူကွမ်းအား ဆုံးမလိုက်ပြီဖြစ်သည်။ ထိုလူငယ်မှာ မည်သူဖြစ်ပါသနည်း။

❑

နတ်ကွန်းအရှေ့ဘက်၌ ကိုယ်ရံတော်ဟန်စန်းနှင့် အစောင့်ငါးယောက် စောင့်ကြပ်နေကြလေသည်။

ပတ်ဝန်းကျင်မှာ သာယာလှပကာ တိတ်ဆိတ်ငြိမ်သက်နေသည်။ အန္တရာယ်ဖြစ်ပေါ်လာမည့်အရိပ်အယောင်မျိုး မတွေ့ရပါ။

သို့သော် ... ကိုယ်ရံတော်ဟန်စန်းသည် အတွေ့အကြုံရင့်ကျက်သူဖြစ်သည့်အတိုင်း မြို့စားကြီးအားလုပ်ကြံလိုသူများ အချိန်မရွေးပေါ်ပေါက်လာနိုင်ကြောင်း နားလည်ထားပြီး သတိမပြတ်ဘဲရှိနေ၏။

ထို့ကြောင့်လည်း နတ်ကွန်း၏အနောက်ဘက်မှ တိုက်ခိုက်သံများထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်းဖြစ်လေသည်။

ဟန်စန်း မျက်မှောင်ကုတ်သွားလေသည်။

"နတ်ကွန်းအနောက်ဘက်မှာ ပြဿနာတစ်ခုခုတော့ ပေါ်ပေါက်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာပေါ်ပေါက်လာသည်ဆိုခြင်းမှာ မြို့စားကြီးအား လုပ်ကြံဖို့ ရန်သူများရောက်လာခြင်းမှအပ အခြားမရှိပါချေ။

"ဂူကွမ်း ဘယ်လိုနေမယ်မသိဘူး"

ရန်သူက ဂူကွမ်းတို့လူစုအား တိုက်ခိုက်နေပြီဖြစ်ကြောင်း ထင်ရှားလေသည်။

ဟန်စန်းသည် ဂူကွမ်းအတွက်စိတ်ပူမိသော်လည်း သွားရောက်ကူညီဖို့ စိတ်မကူးပါချေ။ သူ၏တာဝန်မှာ နတ်ကွန်းရှေ့သို့ ရောက်လာမည့် ရန်သူကို ဟန့်တားဖို့ဖြစ်သည်။

မြို့စားကြီးဂူးလောက်ရှုအား စောင့်ရှောက်ဖို့ဖြစ်သည်။

ရန်သူဟာ ဂူကွမ်းကိုတိုက်ခိုက်ပြီးလျှင် မကြာမီနတ်ကွန်းရှေ့သို့ရောက်လာကာ သူတို့ကိုလည်းတိုက်ခိုက်လိမ့်မည် မဟုတ်ပါလား။

နတ်ကွန်းအနောက်ဘက်မှ တိုက်ခိုက်သံများတဖြည်းဖြည်း တိတ်ဆိတ်ပျောက်ကွယ်သွားလေသည်။ ဟန်စန်းအသက်အောင့်ထားလိုက်သည်။

ရန်သူက သူ့ရှေ့သို့ရောက်လာတော့မည်ဟု ယုံကြည်ထားလေသည်။

မှန်ပေသည်။

ဟန်စန်း ကြာကြာမစောင့်လိုက်ရပါ။



နတ်ကွန်းဆီသို့ လှမ်းလာနေသူတစ်ဦး ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေတော့သည်။

❑

မြို့စားကြီးဂူးလောက်ရှု၏ ဆုတောင်းသံက ထွက်ပေါ်နေဆဲ။ ကျင်ကျင်နှင့်စုစန်းတို့လည်း အံ့သြစရာကောင်းအောင်သဘောထားကွဲလွဲသွားလေသည်။

စုစန်းက ဂူးလောက်ရှုအားလုပ်ကြံပစ်မည်ဖြစ်သည်။

ကျင်ကျင်ကမူ လုပ်ကြံခြင်းမပြုဘဲ လက်လျှော့လိုက်ရန် လိုလားသည်။

စုစန်း မကျေမနပ်ဖြစ်သွားလေသည်။

"ညီမက ဘာကြောင့်နောက်ဆုတ်ချင်ရတာလဲ"

ဟုမေးလိုက်လေသည်။ ကျင်ကျင်က

"မန်ချူးတွေက တစ်ပြည်လုံးကိုသိမ်းပိုက်ထားလိုက်ကြပြီ၊ သိုင်းလောကကိုလည်း မြို့စားကြီးက ဖျက်ဆီးပစ်လိုက်ပြီ၊ ကျွန်မတို့ ဘာများတတ်နိုင်တော့မှာလဲရှင်"

စုစန်းက

www.burmeseclassic.com

www.burmeseclassic.com



"မြို့စားကြီးအသက်ရှင်နေရင် သိုင်းလောကသားတွေပိုပြီး ဒုက္ခရောက်လိမ့်မယ်၊ မန်ချူးတွေက ချမ်းသာမပေးဘူးဆိုရင်တောင် မြို့စားကြီးကို ဘယ်သူမှ မီမှာမဟုတ်ဘူး၊ ဒါကြောင့် သူ့ကို လုပ်ကြံနိုင်ရင်ပဲ အမြတ်ထွက်နေပြီပေါ့ ညီမရယ်"

ကျင်ကျင်က ...

"သူ့ကို လွယ်လွယ်နဲ့လုပ်ကြံလို့ ရမှာလားရှင်"

"အို ... ရတာပေါ့"

"အစ်ကိုဆုံးဖြတ်ပြီးပြီလား"

စုစန်းခေါင်းညိတ်ပြလိုက်လေသည်။ ကျင်ကျင် သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ ... အစ်ကိုဆုံးဖြတ်ပြီးပြီဆိုရင်လည်း ကျွန်မ ဘာမှမပြောချင်တော့ပါဘူး"

"ညီမ နောက်ဆုတ်လိုက်ပါ"

ကျင်ကျင်နောက်ဆုတ်ကာ လမ်းဖယ်ပေးလိုက်၏။ စုစန်းလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ မြို့စားကြီးဝူးလောက်ရှထံသို့ လှမ်းသွားလိုက်လေတော့သည်။

❑



ဂူကွမ်းအား မင်းသားလေးနှင့်တူသော လူငယ်တစ်ဦးက သုတ်သင်ရှင်းလင်းပစ်လိုက်ပြီဖြစ်သည်။

ထို့အတူဟန်စန်းသည်လည်း နတ်ကွန်းလေးဆီသို့ လှမ်းလာနေသူတစ်ယောက်နှင့် ရင်ဆိုင်လိုက်ရပြီဖြစ်လေသည်။

ထိုလူဟာ တဖြည်းဖြည်းနီးကပ်လာသည်နှင့် ဟန်စန်းမှတ်မိသွားလေတော့သည်။

"လုဟန်လုံးပါလား"

ရောက်လာသူကား လုဟန်လုံးဖြစ်နေသည်။ လုဟန်လုံးခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ ... ခင်ဗျားက မြို့စားကြီးကို အကာအကွယ်ပေးနေမယ့်အစား မြန်မြန်ထွက်ပြေးသွားရင် ကောင်းလိမ့်မယ်ဗျ"

ဟန်စန်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ထွက်ပြေးမယ့်အစား မင်းကိုဆုံးမလိုက်ရင် ပြီးတာပဲ မဟုတ်လား"

"ဩော် ... ခင်ဗျားက မြို့စားကြီးအားကိုးနဲ့ ကျုပ်ကို ရင်ဆိုင်ချင်သေးတာကိုး၊ ကောင်းပြီလေ ... ခင်ဗျား ဘယ်လောက်တတ်နိုင်မလဲ ကြည့်ကြသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



လုဟန်လုံးက ရှတ်တရက်ခုန်ဝင်လာတော့သည်။

ဟန်စန်းက ...

"သူ့ကို ဆုံးမလိုက်ကြစမ်း"

ဟု အမိန့်ပေးလိုက်လျှင် အစောင့်ငါးယောက်လည်း လက်နက်ကိုယ်စီဆွဲထုတ်ကာ လုဟန်လုံးအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။

လုဟန်လုံး မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့ ကံဆိုးသွားပြီဗျ"

သူ၏လက်ထဲ၌ ဓားတစ်လက်ပါလာသည်။ ဓားဝှေ့ယမ်းလိုက်သည်နှင့် ...

'ဝှစ် ဝှစ်'

ဝင်းလက်သောဓားရောင်များထွက်ပေါ်လာကာ ဝန်းကျင်တစ်ခုလုံးဖုံးလွှမ်းသွားလေသည်။

မရှေးမနှောင်းမှာပင် ...

"အား"

"အမလေး"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာလေတော့သည်။



လုဟန်လုံး၏ ပြင်းထန်သောဓားချက်က အစောင့်ငါးယောက်အား အတုံးအရုံးလဲကျသွားစေတော့သည်။

"ဟင်"

ဟန်စန်းရင်ထိတ်သွားလေသည်။

"မင်း မင်း"

လုဟန်လုံး ပြုံးလိုက်သည်။

"သည်တစ်ခါတော့ ခင်ဗျားအလှည့်ပါပဲဗျာ"

"တောက် ... သေဖို့သာပြင်ထား"

ဟန်စန်းဒေါသတကြီးအော်ငေါက်ကာ လုဟန်လုံးအားတိုက်ခိုက်လိုက်လေသည်။

လုဟန်လုံးလည်း ရှေ့တိုးကာဓားဝှေ့ယမ်းလိုက်သည်။ နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင် ...

'ခြွမ်း ခြွမ်း'

ဟန်စန်း ကပျာကယာနောက်ဆုတ်ပေးလိုက်ရလေသည်။ လုဟန်လုံးက ...

"ခင်ဗျားတို့ ကိုယ်ရံတော်တွေရဲ့သိုင်းပညာမဆိုးပါဘူး၊ ဒါပေမဲ့ မြို့စားကြီးကို သည်ကနေ့တော့ ကာကွယ်စောင့်ရှောက်နိုင်ကြတော့မှာ မဟုတ်ပါဘူးဗျာ"

စကားဆုံးလျှင် ထပ်မံ၍ဖိဖိစီးစီးတိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခြွမ်း'

ဟန်စန်းအကြောက်အကန်ခုခံနေသည့်တိုင် သူ၏လက်ထဲမှဓား ရိုက်ထုတ်ခံရကာ အရေးနိမ့်သွားတော့သည်။

"ဟာ"

ဟန်စန်း ထိတ်လန့်သွား၏။ လုဟန်လုံးအား ဆက်၍မယှဉ်ဝံ့တော့ဘဲ ထွက်ပြေးသွားရန် ကြိုးစားလိုက်လေသည်။

သို့သော် အဖြူရောင်ဝတ်ထားသောလူငယ်လေးတစ်ယောက်က ပြေးလမ်းကိုပိတ်ဆို့ဟန့်တားထားလိုက်လေသည်။

ဟန်စန်း ဒေါပွသွားသည်။

"သေချင်ပြီထင်တယ်"

လက်သီးနှစ်လုံးဖြင့် တိုက်ခိုက်လိုက်လေသည်။ လူငယ်ရယ်မောလိုက်သည်။

"ခင်ဗျားက လက်သီးကိုအသုံးပြုမယ်ဆိုရင် ကျုပ်ကလည်း လက်သီးပဲ အသုံးပြုပါ့မယ်ဗျာ"

လက်ထဲမှဓားကိုသိမ်းဆည်းကာ လက်သီးနှစ်လုံးဖြင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

'ဗိုး ဗိုး ဗိုး'

လေတိုးသံများနှင့်အတူ ပြင်းထန်သောလက်သီးထိုးနက်ချက်များထွက်ပေါ်လာလေသည်။



ဟန်စန်း၏လက်သီးထိုးချက်များကို လူငယ်က ပေါ့ပါးသွက်လက်စွာ ရှောင်တိမ်းနိုင်ခဲ့သော်လည်း သူ၏လက်သီးထိုးချက်များကိုမူ ဟန်စန်း ရှောင်တိမ်းနိုင်ခြင်းမရှိတော့ချေ။

'ဖုန်း'

'ခွပ်'

"အား"

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ လူငယ်၏လက်သီးတစ်လုံးက ဟန်စန်း၏ရင်ဝသို့ တည့်တည့်မတ်မတ်ထိုးချမိလိုက်လေသည်။

'ဝေါ့'

အရိုးများကျိုးသွားသောအသံနှင့်အတူ ဟန်စန်းပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်လေသည်။

'ဝုန်း'

မြေပေါ်ဝုန်းခနဲလဲကျသွား၏။ မြေပေါ်၌ တစ်ချက် နှစ်ချက် လူးလွန့်ကာ အသက်ပျောက်သွားလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော်ကျန်းဝီသည် အပြင်ဘက်မှထွက်ပေါ်လာသောတိုက်ခိုက်သံများကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"ဆရာစုစန်း ... အပြင်ဘက်မှာ တိုက်ခိုက်သံတွေကြားရတယ်ဗျ"

စုစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... တစ်ယောက်ယောက်လာပြီး ဒုက္ခပေးနေပြီ ထင်တယ်"

မြို့စားကြီးကိုညွှန်ပြကာ ဆက်ပြောလိုက်သည်။

"ကျုပ်က မြို့စားကြီးကိုစောင့်ရှောက်ထားလိုက်မယ်၊ ခင်ဗျား အပြင်ဘက်ထွက်ပြီး အခြေအနေကြည့်လိုက်ပါဗျာ"

"ကောင်းပြီ"

ကျန်းဝီက အပြင်ဘက်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။ သူက စုစန်းအနီးမှ ဖြတ်သွားရန်ဟန်ပြင်လိုက်စဉ်မှာပင် စုစန်းက လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

ကျန်းဝီ အငိုက်မိသွားလေတော့သည်။ စုစန်း၏ဓားက သူ၏နောက်ကျောမှနေ၍ ရင်ဝသို့တိုင် ထိုးဖောက်စိုက်ဝင်သွားလေသည်။

'အင့်'

ကျန်းဝီ မသဲမကွဲညည်းညူလိုက်သည်။ စုစန်းကို မျက်လုံး



ပြူးကာကြည့်လိုက်သည်။

"ခင် ... ခင်ဗျား ..."

"မြို့စားကြီးအတွက် ဘာမှမပူပါနဲ့ဗျာ၊ စိတ်ဖြောင့်ဖြောင့်သာသွားပါ၊ မကြာခင် မြို့စားကြီးလည်း ခင်ဗျားနောက်ကိုလိုက်လာပါလိမ့်မယ်"

စုစန်းပြုံး၍ ပြောလိုက်လေသည်။

'ဝုန်း'

ကျန်းဝီကြမ်းပြင်ပေါ်လဲကျကာ အသက်ပျောက်သွားလေတော့သည်။ စုစန်းက မြို့စားကြီးဝူးလောက်ရှုဘက်သို့ လှည့်လိုက်လေသည်။

မြို့စားကြီး ဆုတောင်းပြီးသွားပြီဖြစ်သည်။ ဒူးထောက် ဆုတောင်းနေရာမှ မတ်တတ်ရပ်လိုက်လေသည်။ စုစန်းက ကျန်းဝီအားလုပ်ကြံလိုက်သည်ကို မြင်လျှင် ...

"မင်းက သူ့ကိုသတ်လိုက်တယ် ... ဟုတ်လား"

စုစန်း ပြုံးလိုက်သည်။

"ကျုပ်က မြို့စားကြီးကိုလည်း သုတ်သင်ပစ်ဦးမှာပါဗျာ"

"ဘာကွ"

"ခင်ဗျားရဲ့နေ့ရက်တွေ ကုန်ဆုံးသွားပြီလို့ မှတ်ထားလိုက်ပါတော့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးလျှင် စုစန်းက ဓားဖြင့် မြို့စားကြီးဂူးလောက်ရှု၏ရင်ဝကို လျှပ်တစ်ပြက် ထိုးသွင်းလိုက်လေတော့သည်။

❑

စုစန်းသည် မြို့စားကြီးဂူးလောက်ရှုအား လုပ်ကြံကာ ကျင်ကျင်ကိုခေါ်ပြီး သူဌေးကြီးဝမ်းယွန်နှင့်အတူ ထွက်ပြေးသွားမည်ဖြစ်လေသည်။

ဝမ်းယွန်က မျိုးချစ်သိုင်းသမားများထံခေါ်ဆောင်သွားမည်ဖြစ်သည်။ မျိုးချစ်ခေါင်းဆောင် ဝမ်းချစ်၊ သားဖြစ်သူဝမ်းလင်းနှင့်လုဟန်လုံးတို့လူစုက စုစန်းအား လက်ကမ်းကြိုဆိုကြလိမ့်မည်ဖြစ်သည်။

စုစန်းက ဝမ်းချစ်တို့အား အယုံသွင်းပြီးလျှင် လုပ်ကြံကာ မျိုးချစ်သိုင်းအဖွဲ့အား အပြီးတိုင်ဖြိုခွင်းပစ်လိုက်မည်ဖြစ်လေသည်။

စုစန်းနှင့် မြို့စားကြီးဂူးလောက်ရှုတို့က ထိုသို့တိုင်ပင်ထားကြခြင်းဖြစ်လေသည်။ ယခု စုစန်းက ကျင်ကျင်၏ရှေ့တွင် ဂူးလောက်ရှုအား လုပ်ကြံလိုက်ပြီဖြစ်လေသည်။

'ဒုတ်'



"အင့်"

စုစန်း၏ဓားက ဂူးလောက်ရှု၏ရင်ဝသို့ ထိုးဖောက်စိုက်ဝင်သွားလေသည်။ နီရဲသောသွေးများက ဂူးလောက်ရှု၏ရင်ဝတစ်ခုလုံး စိုရွှဲသွားတော့သည်။

ဂူးလောက်ရှု ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"စုစန်း ... မင်း ဘယ်လိုလုပ်လိုက်ဟာလဲ"

စုစန်းက ...

"မြို့စားကြီးကို လုပ်ကြံလိုက်တာလေ"

"မင်း ... မင်း ... တကယ်ပဲ"

"တကယ်မလုပ်ကြံလို့ ဟန်ဆောင်လုပ်ကြံရမှာလားဗျ"

"မင်း ... မင်း ယုတ်မာလှချည်လား"

"ဟား ဟား ဟား"

စုစန်း ဟားတိုက်ရယ်မောလိုက်လေသည်။ ဂူးလောက်ရှု ဒေါသတကြီးဖြစ်ကာ စုစန်းအားတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ဒဏ်ရာပြင်းထန်လွန်းသဖြင့် မဟန်နိုင်တော့ပါချေ။ ရှေ့တိုးလိုက်သည်နှင့် ခန္ဓာကိုယ်ယိမ်းယိုင်သွားကာ ...

'ဝုန်း'

ကြမ်းပြင်ပေါ်လဲကျသွားတော့သည်။ စုစန်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ထင်တိုင်းကြံနိုင်ခဲ့တာ ကြာပါပြီဗျာ၊ သည်လောက်ဆို ကျေနပ်လောက်ပါပြီ"

သူ၏လက်ကိုလှုပ်ရှားလိုက်ရာ နောက်ထပ်ဓားတစ်ချက်က ဂူးလောက်ရှ၏ခန္ဓာကိုယ်ပေါ် ကျရောက်သွားလေတော့သည်။

မြို့စားကြီးဂူးလောက်ရှလည်း အသက်ပျောက်သွားလေတော့သည်။ စုစန်းက ဟန်ဆောင်လုပ်ကြံခြင်းမဟုတ်ဘဲ အမှန်တကယ်ပင် လုပ်ကြံသတ်ဖြတ်လိုက်ပြီဖြစ်လေသည်။

❑

ဂူးလောက်ရှမှာ သွေးအိုင်ထဲလဲကျကာ အသက်ပျောက်နေပြီဖြစ်လေသည်။

"ဟား ဟား ဟား"

စုစန်း ဟားတိုက်ရယ်မောလိုက်သည်။

"ဂူးလောက်ရှ ... ခင်ဗျား ဘာမှမတတ်နိုင်တော့ဘူး မဟုတ်လား"

ဂူးလောက်ရှမှာ သေဆုံးသွားပြီဖြစ်ရာ ဘာမှပြန်ပြောနိုင်တော့မည် မဟုတ်ပါချေ။ စုစန်းက ကျင်ကျင်ကိုကြည့်လိုက်သည်။



"မြို့စားကြီး သေဆုံးသွားပါပြီ၊ သူဟာ မျိုးချစ်သိုင်းသမားတွေကို ဒုက္ခပေးနိုင်တော့မှာ မဟုတ်ပါဘူး"

ဟု လှမ်းပြောလိုက်လေသည်။ ကျင်ကျင်က ...

"အစ်ကို တကယ်ပဲ သူ့ကိုလုပ်ကြံလိုက်ပြီနော်"

"ဟုတ်တယ်လေ၊ ဘာလဲ ... အစ်ကိုကဟန်ဆောင်နေတယ်လို့များ ညီမထင်နေတာလား"

"ကျွန်မ ..."

"သူဗွေးကြီးကတော့ သူ့ကို သုတ်သင်ရှင်းလင်းပစ်ချင်နေတာပဲ"

ကျင်ကျင်က ...

"အစ်ကိုက ဖေဖေ့အတွက် လုပ်ပေးခဲ့တယ်လို့ ပြောချင်တာလားရှင်"

"ဒါပေါ့"

"ဘာကြောင့်များ မြို့စားကြီးထက်ပိုပြီး ဖေဖေ့ရဲ့ဆန္ဒကို ...း:စားပေးခဲ့ရတာလဲရှင်"

ကျင်ကျင်က ပဟေဠိဆန်သောမေးခွန်းကို စုစန်းက ရယ်...ယ်မောမော အဖြေပေးလိုက်လေသည်။

"မြို့စားကြီးဟာ လက်ညှိုးညွှန်ရာရေဖြစ်စေနိုင်သူတစ်...ယောက်ပါ၊ သူ့ဆီမှာ တာဝန်ထမ်းဆောင်တဲ့အတွက် ကျုပ်အဖို့ ...

www.burmeseclassic.com

www.burmeseclassic.com



မှလိုလေသေး မရှိရပါဘူး၊ အင်မတန်ကောင်းတဲ့ အခွင့်အရေးတွေကို ကျုပ်ရထားတာပါ၊ ဒါပေမဲ့ ကျုပ်က သည်အခွင့်အရေးတွေကို မမက်မောတော့ပါဘူးလေ"

ကျင်ကျင်က စုစန်းအား မျက်ခြည်မပြတ် ကြည့်နေသည်။ စုစန်းက ...

"အဲဒါ ညီမကြောင့်ပါပဲ၊ ညီမအတွက်ဆိုရင် ကျုပ်ကဘာမဆို စွန့်လွှတ်ပုံမယ်ဆိုတာ ညီမ သိပြီ မဟုတ်လားဟင်"

ကျင်ကျင်သက်ပြင်းချလိုက်သည်။

"ကျွန် ... ကျွန်မ ယုံပါပြီရှင်"

စုစန်းက ...

"ကဲ ... မြို့စားကြီးကိုလုပ်ကြံပြီးပြီ၊ ကျုပ်တို့ အချိန်ရှိတုန်းသွားကြပါစို့"

"ကောင်းပါပြီရှင်"

ကျင်ကျင်သဘောတူလိုက်သည်။ နှစ်ယောက်သား နတ်ကွန်းထဲမှ လှမ်းထွက်လိုက်ကြလေသည်။

အပြင်ဘက်ရောက်လျှင် နတ်ကွန်းရှေ့မြေကွက်လပ်၌ လဲကျသေဆုံးနေသည့် ဟန်စန်းတို့လူစုကိုတွေ့လိုက်ရလေသည်။

"ဟား ဟား ဟား"

စုစန်းသဘောကျစွာရယ်မောလိုက်သည်။



"သူဌေးကြီးက ဆူးပြောင့်ခလုတ်တွေကိုကြိုတင်ရှင်းလင်းထားလိုက်တာကိုး"

ပတ်ဝန်းကျင်ကိုဝေ့ယမ်းကြည့်လိုက်သော်လည်း ဝမ်းယွန်၏အရိပ်အယောင်ကိုပင် မတွေ့ရချေ။ စုစန်းက မျက်မှောင်ကုတ်သွား၏။

"သူဌေးကြီးရော ..."

ကျင်ကျင်က ကြားဖြတ်မေးလိုက်သည်။

"ရှင်က ဖေဖေ့ကိုတွေ့ချင်နေတာလား"

စုစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ ... မြို့စားကြီးကိုလုပ်ကြံပြီးတာနဲ့ ကျုပ်တို့ ထွက်ပြေးရှောင်တိမ်းသွားကြမယ်၊ ညီမဖေဖေက မျိုးချစ်သိုင်းသမားတွေဆီကို ခေါ်သွားမှာပဲ မဟုတ်လား"

ကျင်ကျင် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူးရှင့်"

"ဟင်"

စုစန်း ကြောင်အမ်းအမ်းဖြစ်သွားသည်။ ကျင်ကျင်ကို နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။

"ညီမ ဘယ်လိုပြောလိုက်တာလဲ"

ကျင်ကျင်က ...

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက မျိုးချစ်သိုင်းသမားတွေဆီကို ခေါ်သွားမယ်ဆိုတာ တမင်လိမ်ပြောခဲ့တာလေ"

"ဘာ"

"ရှင်နဲ့မြို့စားကြီးဟာ ဘယ်တော့မှခွဲခြားလို့မရပါဘူးလေ၊ ရှင်တို့နှစ်ယောက်ပေါင်းပြီး မျိုးချစ်သိုင်းသမားတွေကိုဖော်ထုတ်ချင်နေကြတာပဲ မဟုတ်လား၊ ကျွန်မလိုမိန်းကလေးတစ်ယောက်ကို ရှင်တို့က အရူးအမူး လိုချင်မက်မောနေဟန်ဆောင်နေပေမယ့် တကယ်တမ်း အမှုမထားကြဘူးဆိုတာ ကျွန်မတို့ သိတာပေါ့ရှင်"

စုစန်းက ကျင်ကျင်အား စိုက်ကြည့်လိုက်လေသည်။ ကျင်ကျင်က ...

"ဖေဖေက ရှင်တို့နှစ်ယောက် စိတ်ဝမ်းကွဲအောင် ကျွန်မကိုအသုံးချပြီး ကြိုးစားခဲ့ကြတယ်ဆိုတာ ရှင်တို့ရိပ်မိခဲ့ကြတာပေါ့၊ ဒါပေမဲ့ မသိချင်ယောင်ဟန်ဆောင်ပြီး ဖေဖေရဲ့ထောင်ချောက်ထဲကို ဝင်လာခဲ့ကြတယ်၊ အဲဒါ ဘာကြောင့်လဲဆိုရင် ဖေဖေကတစ်ဆင့် မျိုးချစ်သိုင်းသမားတွေကို ဖော်ထုတ်ချင်ကြလို့ပေါ့"

စုစန်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူး ... ညီမ မှားနေပြီ၊ ကျုပ်က မြို့စားကြီးကို တကယ်လုပ်ကြံခဲ့တာ"

ကျင်ကျင်ပြုံးလိုက်သည်။



"ရှင်က အခွင့်အရေးကိုအသုံးချလိုက်တာပါရှင်၊ မြို့စားကြီးမသိအောင် ရေနဂါးကတစ်ဆင့် မန်ချူးတွေနဲ့ဆက်သွယ်ပြီး သတင်းပို့ခဲ့တယ်၊ မန်ချူးတွေက မျိုးချစ်သိုင်းသမားတွေကိုချေမှုန်းနိုင်ရင် ရာထူးပေးမယ်လို့ ကတိပြုကြတယ်၊ ရှင်က ဂူးလောက်ရှုကို ဖယ်ရှားပြီး မြို့စားရာထူးရယူမယ်ဆိုရင်လည်း သူတို့က သဘောတူကြမှာပဲ၊ ဂူးလောက်ရှုထက်ပိုပြီး ရှင်က သူတို့အကျိုးကို ဆောင်ရွက်ပေးနိုင်မယ်ဆိုတာ သိထားကြတာပေါ့၊ ဒါကြောင့် ရှင်နဲ့ ဂူးလောက်ရှုတို့ အားပြိုင်တဲ့ကိစ္စကို လျစ်လျူရှုထားလိုက်ကြတာပေါ့လေ"

စုစန်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"ကျင်ကျင် ... မင်း ဘာတွေပြောနေတာလဲ"

ကျင်ကျင်က ...

"ရှင်က ဂူးလောက်ရှုကို တကယ်ပဲလုပ်ကြံဖယ်ရှားလိုက်ပြီး ကျွန်မတို့ရဲ့ယုံကြည်မှုကို ရယူမယ့်အပြင် တစ်ဖက်ကလည်း မြို့စားရာထူးကို ရသွားမှာပဲမဟုတ်လားရှင်၊ ကျွန်မတို့က ရှင့်ကို ယုံကြည်ပြီး မျိုးချစ်သိုင်းသမားတွေဆီကိုခေါ်သွားရင် ရှင်က မန်ချူးတွေကို ဆက်သွယ်အကြောင်းကြားပြီး မျိုးချစ်သိုင်းသမားတွေကို ချေမှုန်းလိုက်ဦးမှာပဲ မဟုတ်လား"

စုစန်းက ...

"လက်စသတ်တော့ ညီမ ကျုပ်ကိုအထင်လွဲနေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ကျင်ကျင် ခေါင်းခါယမ်းလိုက်သည်။

"အထင်လွဲတာ မဟုတ်ဘူးရှင့်၊ ကျွန်မ တိတိကျကျပြောနေတာ"

"မင်းက"

"ကျွန်မ သက်သေအထောက်အထားပြနိုင်မယ်ဆိုရင်ရော"

စုစန်း ပါးစပ်ပိတ်ထားလိုက်လေသည်။ ကျင်ကျင်က ...

"ဝူးလောက်ရှုက မျိုးချစ်သိုင်းသမားခေါင်းဆောင်ဝမ်းချစ်ကို အကောက်ကြံတဲ့နေရာမှာ ရှင်တို့လူစုအပြင် ရေနဂါးကိုလည်း အသုံးချခဲ့တာပဲမဟုတ်လား၊ နဂါးခံတပ်က လူတွေအကြောင်းကို စုံစမ်းဖို့ မန်ချူးတွေက ရေနဂါးကိုတာဝန်ပေးထားတယ်ဆိုတာလည်း ကျွန်မ သိထားပြီးပါပြီရှင်"

"မင်းက ရေနဂါးကိုပြောနေတာကိုး"

ကျင်ကျင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင် ... ဝူးလောက်ရှုကိုဖယ်ရှားဖို့ ရှင်နဲ့ ရေနဂါး ပူးပေါင်းဆောင်ရွက်ခဲ့ကြတာပဲ မဟုတ်လား၊ ရှင့်ဆီက မျိုးချစ်သိုင်းသမားတွေရဲ့သတင်း ရတာနဲ့ ရေနဂါးက မန်ချူးတွေကိုတင်ပြပြီး ချေမှုန်းဖို့ ကြိုးစားမှာပဲ မဟုတ်လား"

စုစန်း သက်ပြင်းချလိုက်သည်။

"ညီမက တကယ်ကို တိတိကျကျပြောနေတာပါပဲလား"



ကျင်ကျင် ပြုံးလိုက်သည်။

"တိတိကျကျပြောနိုင်တယ်ဆိုတာက ရေနဂါးဟာ ကျွန်မတို့လက်ထဲ ရောက်နေလို့ပေါ့ရှင်"

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ခြေသံများထွက်ပေါ်လာကာ နတ်ကွန်းရှေ့သို့ လူတစ်စု ရောက်ရှိလာကြလေတော့သည်။

❑

နတ်ကွန်းရှေ့သို့ လူတစ်စုရောက်ရှိလာလေသည်။ လူစုအားဦးဆောင်လာသူမှာ သူဌေးကြီးဝမ်းယွန်နှင့်ဝမ်းချစ်တို့ဖြစ်လေသည်။ သူတို့၏နောက်တွင် လုပဟန်လုံးနှင့်ဝမ်းလင်းတို့က လူတစ်ယောက်အားဖမ်းဆီးချုပ်ကိုင်ကာ လိုက်ပါလာကြလေသည်။

လုပဟန်လုံးတို့ခေါ်ဆောင်လာသူမှာ ရေနဂါးဖြစ်လေသည်။ တစ်ချိန်က ဝမ်းချစ်အား ဒုက္ခပေးခဲ့သည့် ရေနဂါးသည် နောက်ပိုင်းတွင် သေဆုံးသွားပြီဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယနေ့တိုင် အသက်ရှင်နေဆဲဖြစ်လေသည်။

ရေနဂါးအားတွေ့မြင်လိုက်ရလျှင် စုစန်း မျက်နှာပျက်သွား

www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

"ခင်ဗျား"

ရေနဂါးသက်ပြင်းချလိုက်သည်။

"ကျုပ်က လုဟာန်လုံးနဲ့ ဝမ်းချစ်တို့ရဲ့ နဂါးလက်ဝါး၊ ကျားလက်သီးသိုင်းကို ဂရုမစိုက်ခဲ့မိဘူး၊ သူတို့ကိုရှုံးသွားလို့ ကျုပ်ကတိအတိုင်း အဖြစ်မှန်တွေကို ဖွင့်ပြောလိုက်တာ"

စုစန်း မဲ့ပြုံးပြုံးလိုက်သည်။

"ဝမ်းချစ်က သိုင်းပညာအသုံးပြုနိုင်တော့တာမှ မဟုတ်တာဗျာ"

"ဒါပေမဲ့ ကျုပ်တို့ရှိပါသေးတယ်ဗျာ"

ဝမ်းလင်းနှင့် လုဟာန်လုံးတို့က ရှေ့သို့လှမ်းထွက်လိုက်ကြလေသည်။ ဝမ်းလင်းက အဖြူရောင်ဝတ်ထားသောလူငယ်လေး ဖြစ်လေသည်။

ဝမ်းလင်းနှင့်လုဟာန်လုံးတို့သည် ဝမ်းချစ်ထံမှ နဂါးလက်ဝါး၊ ကျားလက်သီးသိုင်းပညာကို သင်ယူတတ်မြောက်ခဲ့ကြပြီးနောက် ရိုးလောက်၏နဂါးခံတပ်မှ သိုင်းသမားများကို ဦးဆောင်ကာ မန်ချူးလက်ပါးစေ သိုင်းသမားဆိုးများအား ချေမှုန်းခဲ့ကြလေသည်။

ဝမ်းယွန်က လုဟာန်လုံးတို့နှင့် အဆက်အသွယ်ရှိခဲ့လေသည်။

BURMESE CLASSIC .com



ဝမ်းယွန်မှတစ်ဆင့် မြို့စားကြီးဝူးလောက်ရှုနှင့် စုစန်းတို့အကြောင်းကို သိရပြီး မျက်ခြည်မပြတ်စောင့်ကြည့်နေခဲ့ကြသည်။

စုစန်းက သူ၏အကျိုးအတွက် ဝူးလောက်ရှုကို တစ်ပတ်ရိုက်ဖို့ ရေနဂါးနှင့်ဆက်သွယ်သောအခါ လုဟာန်လုံးတို့သည် ရေနဂါးကိုခြေရာခံမိပြီး တိုက်ခိုက်အနိုင်ယူလိုက်ကြလေသည်။

ရေနဂါးကိုဖမ်းဆီးကာ စုစန်း၏ မကောင်းသော အကြံအစည်များကို ဖော်ထုတ်လိုက်ကြခြင်းဖြစ်ပေတော့သည်။

စုစန်း အံကြိတ်လိုက်သည်။

"မင်းတို့ ခုလိုလူမြင်ကွင်းကို ထွက်လာကြတာ ဒုက္ခရောက်ချင်ကြလို့ပဲ ... သတိသာထားကြပေတော့"

ငှက်ကြီးတစ်ကောင်ပမာ လေထဲကြွတက်ကာ လုဟာန်လုံးနှင့် ဝမ်းချစ်တို့အား တိုက်ခိုက်လိုက်လေသည်။

လုဟာန်လုံးနှင့် ဝမ်းချစ်တို့သည် နဂါးလက်ဝါးကျားလက်သီးသိုင်းကိုအတူတကွ အသုံးပြုလိုက်ကြလျှင် ...

'ဝုန်း'

"အား"

စုစန်း မရှုမလှ အရေးနိမ့်သွားလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးဝူးလောက်ရှုသည်လည်းကောင်း၊ စုစန်းသည်လည်းကောင်း သေဆုံးသွားကြပြီဖြစ်လေသည်။

သွေးစကြာဂိုဏ်းသည်လည်း ပြိုကွဲသွား၏။

ဝမ်းချစ်၊ ဝမ်းလင်း၊ လုဟာန်လုံး၊ သူဌေးကြီးဝမ်းယွန်၊ ကျင်ကျင်တို့သားအဖ၊ ရိုးလောက်နှင့်အတူ [illegible]ကောပ်ကိုပြန်လည်ထူထောင်ကြပြီး မျိုးချစ်သိုင်းသမားများနှင့်အတူ မန်ချူးများအား ဆက်လက်တိုက်ခိုက်သွားကြလေသည်။

ခေတ်မြုပ်နေသော သိုင်းလောကသားများလည်း ပြန်လည်ထွက်ပေါ်လာကြပြီး သိုင်းလောကကို ထူထောင်ကြသည်။

တို့နောက် ...

နယ်ချဲ့တို့အား အမိမြေမှမောင်းထုတ်နိုင်ရန် ဆက်လက်တိုက်ပွဲဝင်သွားခဲ့ကြလေတော့သည်။

ပြီး

တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com